www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# ရွှေအဥ္ဇလီ

## ချစ်သူရဲ့နံနက်ခင်း

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၀၀၄၀၁၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၄၆၀၂၁၀ |
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၀၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ ◦ ၈၃

ရွှေအဉ္ဇလီ

ချစ်သူရဲ့နံနက်ခင်း / ရွှေအဉ္ဇလီ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၆၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ချစ်သူရဲ့နံနက်ခင်း


BURMESE CLASSIC .com

## အခန်း (၂)

"သား…မိုးယံ၊ လေးလေးနဲ့ ပဲခူးလိုက်ခဲ့ပါလား"

"ဘာလိုက်လုပ်ရမှာလဲ လေးလေး"

ဦးလေးဦးရဲထွန်း၏ မျက်နှာကို မိုးယံ' ကြည့်လိုက်ကာ ဆိုလိုက်သည်။

"ငါတူကို ဟိုတစ်နေ့က ပြောထားတဲ့ကိစ္စလေ၊ မယုတို့ ပြောင်းဖို့ရွှေ့ဖို့ ကိစ္စပေါ့"

"ကျွန်တော်မလိုက်ချင်ဘူး လေးလေး"

"လိုက်ခဲ့ပါလားကွာ၊ မယုတို့က ဒီကိုအပြီးပြောင်းလာမှာ ဆိုတော့ လိုအပ်တာလေးတွေ ကူလုပ်ကြရအောင်လို့"

"သူတို့ပြောင်းလာမယ့်ကိစ္စကို ကူလုပ်ပေးရအောင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က သူတို့ရဲ့အခိုင်းအစေလည်းမဟုတ်ဘူး၊ ပြီးတော့ သူတို့နဲ့ ကျွန်တော် ဘာမှလည်းမတော်ဘူး၊ ကျွန်တော်ဘယ်မှလည်း မသွားချင်ဘူး''

မိုးယံစကားတွေကြောင့် ဦးရဲထွဋ်မှာ မျက်နှာအနည်းငယ် ပျက်သွားရလေသည်။

''သားမိုးယံရယ်…ဒီလို သူတို့နဲ့ ဘာမှမတော်ဘူးလို့ မပြောပါနဲ့၊ မယုကို လေးလေး ယူလိုက်တဲ့အတွက် သူက မင်းရဲ့ ဒေါ်လေးပဲ၊ သူ့ရဲ့သမီး ပိုးယမင်းကလည်း မင်းရဲ့ညီမလေးပဲ၊ မင်းအတွက် ဒေါ်လေးရော၊ ညီမလေးရော တိုးလာတယ်၊ ကဲ မကောင်းဘူးလား''

''မကောင်းဘူး လေးလေး၊ ကျွန်တော့်ဘာသာ တစ်ယောက်တည်းပဲ အေးအေးဆေးဆေးနေချင်တယ်၊ ဘယ်သူနဲ့မှလည်း မပတ်သက်ချင်ဘူး''

မိုးယံမှ ထိုစကားကိုပြောပြီး ဧည့်ခန်းထဲမှ ထွက်သွားသဖြင့် ဦးရဲထွဋ်တစ်ယောက် သက်ပြင်းလေးတစ်ချက် ရှိုက်လိုက်မိရသည်။

ဦးရဲထွဋ်မှာ တူတော်မောင်ဖြစ်သူကို ဘာမှမပြောလိုတော့။

မိုး:မိုး:၀၇၁၄



မိုးယံမလိုက်ချင်လည်း ဇွတ်မခေါ်တော့ဘဲ သူ့ဘာသူ သူ တစ်ယောက်တည်း သွား၍ကြိုတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

တကယ်တော့ တူဖြစ်သူ မိုးယံဘဝမှာလည်း သနားစရာ ပင်။ မိုးယံမေမေ မလေးဦးမှာ မိုးယံ ရှစ်တန်းနှစ်မှာပဲ ဆုံးပါးသွားခဲ့ရသည်။ မိုးယံဖေဖေ ဦးရဲထွဋ်၏အစ်ကိုဖြစ်သူ ဦးကောင်းဆက်မှာလည်း ဇနီးဖြစ်သူ ကွယ်လွန်သွားပြီးကတည်းက အရက်ကိုသာ အဖော်ပြု၍ နေသွားလေသည်။

နောက်ဆုံး ညီဖြစ်သူ ဦးရဲထွဋ်ကိုခေါ်၍ သူ၏လုပ်ငန်းကိစ္စများကို ဦးစီးခိုင်းကာ သူကတော့ အရက်ကိုသာ အဖော်ပြုနေခဲ့သည်။

တစ်ဦးတည်းသောသားဖြစ်သူ မိုးယံမှာ မိခင်ဖြစ်သူက ဆုံး၊ ဖခင်ဖြစ်သူကလည်း မိုးလင်းမိုးချုပ် အရက်နှင့်သာ အဖော်ပြုနေခဲ့သဖြင့် တစ်ယောက်တည်း အထီးကျန်ဆန်စွာ ကြီးပြင်းလာခဲ့ရခြင်းဖြစ်သည်။

ဦးရဲထွဋ်မှာ တူဖြစ်သူ မိုးယံ၏ စိတ်ခံစားချက်ကို နားလည်ပါသည်။ ဒါပေမယ့် သူ၏ကုမ္ပဏီလုပ်ငန်းကိစ္စများနှင့် အစ်ကိုဖြစ်သူ ဦးကောင်းဆက်၏ လုပ်ငန်းများကို ဦးစီးလုပ်ကိုင်

မိုး:မိုး:၀၇၁၆

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ရသဖြင့် တူဖြစ်သူအား အချိန်မပေးနိုင်ခဲ့။

အစ်ကိုဖြစ်သူ ဦးကောင်းဆက်ရှိစဉ်က မိုးယံ စိတ်အားငယ်နေမှုကို သတိထားမိသည့်အတွက်…

"အစ်ကိုကောင်းဆက်…အရက်တွေချည်း သောက်မနေနဲ့၊ သားလေး မိုးယံကိုလည်း ဂရုစိုက်ဦး၊ သူ့ခမျာ အမေဆုံးလို့ ခံစားနေရတာကတစ်မျိုး၊ အစ်ကိုကလည်း ဂရုမစိုက်နဲ့ဆိုတော့-သူ တော်တော်ခံစားနေရတယ်"

"ဒီမှာ ရဲထွန်း ငါ့သားလည်း သူ့အမေကို ချစ်လို့ ခံစားနေရတယ်၊ ငါလည်း သူ့အမေကိုချစ်လို့ ခံစားနေရတယ်၊ ဒီတော့ အတူတူပဲ၊ သူမှာလည်း လွတ်လွတ်လပ်လပ် ခံစားပိုင်ခွင့်ရှိတယ်၊ ငါ ဘာမှမနှောင့်ယှက်ချင်ဘူး"

ဦးရဲထွန်း ဘယ်လိုပင်ပြောပြော အရက်ကိုသာ အဖော်ပြုနေသော အစ်ကိုဖြစ်သူအား ဘယ်လိုမှ ပြောချ၍မရခဲ့။

တူဖြစ်သူအား တတ်နိုင်သလောက် အလုပ်အားချိန်တွင် နှစ်သိမ့်အားပေးခဲ့ဖူးသည်။

"သား…မိုးယံ၊ လေးလေးနဲ့ မြို့ထဲလျှောက်လည်ကြရအောင်"





"ကျွန်တော်မသွားချင်ဘူး လေးလေး"

ဦးရဲထွန်း ဘယ်လိုခေါ်ခေါ် မရ။ ဦးရဲထွန်းမှာ အစ်ကိုဖြစ်သူ ဆုံးခါနီးရက်ပိုင်းတွင်တော့ ကုမ္ပဏီတွင် နိုင်ငံခြားသားဧည့်သည်များ ရောက်နေခဲ့သဖြင့် အလုပ်များကာ ကုမ္ပဏီတွင် ညအိပ်ညနေနေဖြစ်ခဲ့သည်။ ဦးရဲထွန်းမှာ တစ်ယောက်တည်း လူပျိုကြီးဘဝဖြင့် စီးပွားရေးလုပ်ငန်းများကိုသာ ဖိဖိစီးစီး လုပ်ကိုင်နေခဲ့ခြင်းဖြစ်သည်။ တူတော်သူ မိုးယံကိုလည်း သားတစ်ယောက်ကဲ့သို့ပင် ချစ်ခင်သူဖြစ်သည်။

ထိုနေ့က နံနက်စောစော အိမ်သို့ပြန်အရောက် ဧည့်ခန်းအလယ် ဆက်တီဆိုဖာတွင် မှောက်လျက်ကြိုနေသည့် အစ်ကိုဖြစ်သူ ဦးကောင်းဆက်ကို မြင်လိုက်ရသည်။

"ဒေါ်စိန်…ဒေါ်စိန်"

ဦးရဲထွန်း၏ အလောတကြီးအော်သံကြောင့် ဒေါ်စိန်တစ်ယောက် ကပျာကယာ ထွက်လာလေသည်။

"ဒီမယ်…အစ်ကို ဒီလိုဖြစ်နေတာ ခင်ဗျားတို့မသိဘူးလား"

"သိပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"သိရက်သားနဲ့ ဒီလိုပဲထားရသလား"

ဦးရဲထွဋ်မှာ အစ်ကိုဖြစ်သူအတွက် စိတ်ပူစွာဖြင့် အိမ်ဖော် ဒေါ်စိန်ကို အော်ငေါက်ပစ်လိုက်သည်။

"ဒေါ်စိန်ခေါ်ပါတယ် မောင်ရဲထွဋ်ရယ်၊ ဒါပေမယ့် သူက ဘယ်သူမှ အနားမလာခဲ့နဲ့တဲ့၊ ပြီးတော့ အနားသွားရင်လည်း တွေ့ရာနဲ့ ကောက်ပစ်တာ၊ အဲဒါနဲ့ ဒေါ်စိန်လည်း မခေါ်ရဲလို့ ဒီအတိုင်း ထားမိတာပါ"

"သား မိုးယံကော"

"သူ့အခန်းထဲမှာပါ"

"အပြင်မထွက်ဘူးလား"

"မထွက်ဘူး၊ ထမင်းတောင် ဒေါ်စိန် သူ့အခန်းထဲသွားပို့ရတယ်"

"ဟင်း…ဒီအတိုင်းဆို မလွယ်ဘူး"

"လာ…လာ ဒေါ်စိန်၊ အစ်ကို့ကို သူ့အခန်းထဲပို့ရအောင်"

အမူးလွန်ပြီး အိပ်ပျော်နေသော အစ်ကိုဖြစ်သူအား ဒေါ်စိန်နှင့်အတူတွဲလျက် သူ့အခန်းထဲရှိ အိပ်ရာပေါ်တွင် သိပ်ထားလိုက်သည်။

ဝိုးမိုးစာပေ



အသက်ရှူသံပြင်းပြင်းနှင့် အိပ်ပျော်နေသော အစ်ကိုဖြစ်သူ ဦးကောင်းဆက်အား ကြည့်၍ ဦးရဲထွဋ်မှာ ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်မိသည်။

အစ်ကိုဖြစ်သူနိုးမှ သူပြောရဦးမည်။

သူ ရေမိုးချိုးပြီး ထမင်းစားခန်းတွင် ကော်ဖီနှင့်မုန့်စားနေစဉ် တူဖြစ်သူ မိုးယံ ဝင်လာသည်။

"ဟ…ငါ့တူကြီး၊ ဒီနေ့ မုန့်တွေဘာတွေ ဆင်းစားလို့ပါလား"

"ဟုတ်ကဲ့ လေးလေး၊ တက္ကသိုလ်တွေ အောင်စာရင်း ထွက်တယ်လေ၊ အဲဒါသွားကြည့်မလို့"

"အော်…ဟုတ်လား၊ ဒီနှစ်အောင်ရင် သားမိုးယံ တတိယနှစ် ရောက်ပြီပေါ့"

"ဟုတ်ကဲ့ လေးလေး၊ ဒါနဲ့ ဖေဖေရော မထသေးဘူးလား"

"မထသေးဘူးကွာ၊ ညက များသွားတယ်ထင်တယ် သားပဲသွားနှိုးလိုက်ပါဦး"

"ဟုတ်ကဲ့ လေးလေး"

ဝိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးယံမှာ ချက်ချင်းပင် အစ်ကိုဖြစ်သူ ဦးကောင်းဆက် အခန်းရှိရာသို့ ထွက်သွားလေသည်။

အစ်ကိုဖြစ်သူ ကိုကောင်းဆက်နှင့် တူဖြစ်သူ မိုးယံ အကြောင်း အတွေးပင်မဆုံးလိုက် မိုးယံခေါ်သံကြောင့် ဦးရဲထွန်းမှာ အစ်ကို့အခန်းတွင်းသို့ အပြေးဝင်လာမိသည်။

"လေးလေး…ဖေဖေ့ကို နှိုးလို့မရတော့ဘူး"

"ဟင်…ကိုကို…ကိုကို"

အစ်ကိုဖြစ်သူ လက်ကောက်ဝတ် သွေးကြောကို စမ်းကြည့်လိုက်တော့ သွေးခုန်နှုန်းများ ရပ်တန့်သွားခဲ့ရပြီ။

မကြာမီ ဆရာဝန်ရောက်ရှိလာပြီး အစ်ကိုဦးကောင်းဆက် ဆုံးပြီဟု ပြောသည်။ နောက်ဆုံးတော့ ဦးရဲထွန်း အစ်ကိုဖြစ်သူ၏ ဈာပနကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးခဲ့လေသည်။

မိုးယံ တက္ကသိုလ်စာမေးပွဲ အောင်မြင်သည်ကိုပင် ဖခင်ဖြစ်သူ ဦးကောင်းဆက် သိရှိမသွားနိုင်ခဲ့။

ဥပဒေအထူးပြု ဘာသာရပ်ယူထားသော မိုးယံ တစ်ယောက် တက္ကသိုလ်ဖွင့်တော့ ကျောင်းပြန်တက်ခဲ့သည်။ တက္ကသိုလ်တွင်လည်း မိုးယံတစ်ယောက် သူငယ်ချင်း များများစား





စား မထားခဲ့။ ကျောင်းကပြန်လာလျှင်လည်း သူ၏အခန်းထဲတွင်သာ ဝင်နေတတ်သော တူဖြစ်သူကို အစပထမတော့ ဦးရဲထွန်း ဘာမှမပြော။

ကြာလျှင် အထီးကျန်ဆန်လွန်းစွာဖြင့် မိုးယံတစ်ယောက် စိတ်ဝေဒနာ စွဲသွားမှာပင် စိုးသည်။ သွားသွားလာလာ ပျော်ပျော်ရွှင်ရွှင်နေရန် ဦးရဲထွန်း အမြဲတိုက်တွန်းပေမယ့် မိုးယံ့ကတော့ အေးအေးဆေးဆေး နေချင်လို့ပါဟု ပြောသဖြင့် သူ လက်လျှော့လိုက်ရသည်။

မောင်မိုးယံ တတိယနှစ်စာမေးပွဲ ဖြေအပြီးမှာပင် မယုနွယ်နှင့် ဆုံလေသည်။ မယုနွယ်က ဦးရဲထွန်း၏ ငယ်ချစ်ဦးပင်ဖြစ်သည်။ ကံတရားအကြောင်းမလှ၍ မယုနွယ်နှင့် ကွဲကွာခဲ့ရပေမယ့် ဦးရဲထွန်းရင်ထဲမှာ အမြဲရှိနေခဲ့သူ။ ယခုပြန်တွေ့တော့ မယုနွယ်မှာ သူ့ခင်ပွန်း ဆုံးသွားခဲ့သည်မှာ သုံးနှစ်ရှိပြီဖြစ်သည့်အတွက် ဦးရဲထွန်းနှင့် ပြန်တွေ့ကာ. လက်ထပ်ရန် သဘောတူဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေသည်။

အဖော်မဲ့ အထီးကျန်ဆန်နေသော ဤအိမ်ကြီးတွင် သာယာစိုပြေချင်သည့်ဆန္ဒ ဦးရဲထွန်းတွင် ရှိနေသည်မှာလည်း အမှန်



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သည်။

ယခုတော့ ဦးရဲထွဋ်ရှ နံနက်စောစောထ၍ မယုန္တယ်တို့သား အမိကို အိမ်သို့ခေါ်ခဲ့လေပြီ။ တူဖြစ်သူ မိုးယံကိုလည်း မယုန္တယ်တို့ သားအမိကို ခေါ်ဆောင်လာမည့်အကြောင်း ကြိုတင်အသိပေးထား သော်လည်း မိုးယံကတော့ စိတ်ဝင်စားပုံမရပါ။

အိမ်ပြန်ရောက်သောအခါ မယုန္တယ်ကို သူ့အခန်းတွင်နေစေ ၍ သမီးလေး ပိုးယမင်းကိုတော့ အောက်ထပ်ရှိ သီးခြားအခန်းတွင် နေစေလေသည်။

နေ့လယ် ထမင်းဝိုင်းတွင်တော့ ဦးရဲထွဋ်ရှတို့ စုံစုံညီညီပင် မိသားစုလိုက် ဆုံဖြစ်ကြသည်။

"သား…မိုးယံ ဒါ မင်းရဲ့အန်တီ ဒေါ်ယုန္တယ်၊ ဒါက မင်းရဲ့ညီမလေး ပိုးယမင်းတဲ့၊ အိန္ဒိယ တက္ကသိုလ်တက်မှာလေ၊ သားလိုပဲ ဥပဒေအထူးပြုရတယ်"

ဦးရဲထွဋ်ရှ၏ မိတ်ဆက်ပေးမှုကြောင့် မိုးယံ တစ်ချက်သာ လှမ်းကြည့်ပြီးနောက် ဘာစကားမှမပြောဘဲ ထမင်းကိုသာ ခူးထည့် နေလေသည်။

"သမီး ပိုးယမင်း၊ ဒါ ဦးရဲ့တူ မိုးယံတဲ့၊ သမီးရဲ့အစ်ကို

စိုးမိုး ဝ၁၆ပ



ပေါ့"

"ဟုတ်ကဲ့"

မိုးယံတစ်ယောက် လေးလေး မိတ်ဆက်ပေးလာသော သားအမိနှစ်ယောက်ကို တစ်ချက်သာ လှမ်းကြည့်လိုက်သည်။ အန်တီယုန္တယ်၏ ခပ်ချောချောမျက်နှာတွင် လိုက်လှဲသော အပြုံး တစ်ပွင့်ကို သူမြင်ရသလို ပိုးယမင်းဆိုသော ကောင်မလေးကလည်း အပြုံးလဲ့လဲ့ဖြင့် သူ့ကိုကြည့်နေသည်။

မိုးယံ ထမင်းအနည်းငယ်သာ စားလိုက်ပြီးနောက် သူ့ အခန်းထဲသို့ ပြန်လာခဲ့သည်။

"အဲဒါသာကြည့်တော့ ယုရေ၊ မိုးယံက ပြန်မပြောနားမ ထောင်၊ ဘယ်သူနဲ့မှလည်း စကားသိပ်မပြောဘူး၊ အချိန်ရှိတိုင်း သူ့အခန်းထဲမှာပဲနေတယ်၊ သူ့အပေါ်ကို နားလည်ပေးစေချင်တယ်၊ မိုးယံဘဝကလည်း တကယ်တော့ အထီးကျန်သနားစရာပါ"

"သမီးလေး ပိုးယမင်းကလည်း မိုးယံရဲ့ အပြုအမူတွေ ကို နားလည်ပေးပါနော်"

"ဟုတ်ကဲ့…သမီး နားလည်ပါတယ်"

"ကျေးဇူးပါပဲကွယ်"

စိုးမိုး ဝ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဦးရဲထွဋ်၏ ပြောစကားကို ပိုးယမင်းက နားလည်စွာဖြင့် ခေါင်းညိတ်ပြရင်း အပေါ်ထပ်အခန်းသို့ တက်သွားသော ကျောပြင်ကိုသာ လိုက်၍ငေးမောကြည့်နေမိသည်။

◆ ◆ ◆

ငံ : မိုး : ၀၁၆ပ

## အခန်း (၂)

ဝရန်တာတွင် ထိုင်ရင်း မိုးယံသည် ဘာရယ်မဟုတ် အပြင်ဘက်သို့ ငေးမောကြည့်နေမိသည်။ ထိုအချိန်တွင် သူ့အနားသို့ မွှေးပျံ့သော ရနံ့တစ်ခုနှင့် အရိပ်ကလေးတစ်ခု ရောက်လာလေသည်။

"ဘာတွေစဉ်းစားနေတာလဲ အစ်ကိုမိုးယံ"

ပိုးယမင်းအမေးကို မိုးယံ မဖြေပါ။

သူမကို တစ်ချက်သာကြည့်လိုက်ကာ သူ့ကိုမေးတာ မဟုတ်သလိုပင် ခပ်တည်တည်နှင့် ထိုင်နေသော မိုးယံဆိုသောသူကို ကြည့်ကို သူမ အသည်းလေးတွေ ယားနေမိ၏။

ဘယ်လိုလူလဲမသိဘူး။

ဝိ : မိုး : ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ရှုကို ခတ္တသလိုမတန်သလို ပုံစံမျိုးနှင့် သူ့ပုံစံက အေးတိ အေးစက်။

အင်းပေါ့လေ မိုးယံဆိုသောသူက အမြဲ ဒီလိုပုံစံဆိုတော့ ထည်ယည်လေးနှင့် ရွှနေတာမှန်းမှ မသိတာ။

ပိုးယမင်းတစ်ယောက် သူမအတွေးကို သူမ သဘောကျသွားကာ မသိမသာလေး ပြုံးလိုက်မိသည်။

ပိုးယမင်းကလည်း မိုးယံအနားတွင် ရပ်ကာ ဝရန်တာမှ မြင်ရသော ပတ်ဝန်းကျင်မြင်ကွင်းကို လိုက်ကြည့်မိသည်။

"ဝုန်း"

အမလေး။

မထင်မှတ်ဘဲ မိုးယံ ထရပ်လိုက်ပြီး ပိုးယမင်းကို မကြည့်ဘဲ သူ့အခန်းထဲသို့ ဝင်သွားလေသည်။

ဟွန်း…မိုးယံဆိုတာ ဘယ်လိုလူလဲမသိပါ။

ပိုးယမင်းတစ်ယောက် အိမ်ပြောင်းပြီးနောက် မကြာမီမှာပင် တက္ကသိုလ်များ ဖွင့်ပြီဖြစ်သဖြင့် ပိုးယမင်းအဖို့ ဒီကနေ့ကျောင်းတက်ဖို့ ပြင်ဆင်ထားလေသည်။

မကြာမီ ဂျင်းပင်မိုးပြာရောင်ဖျော့ဖျော့၊ အနက်ရောင်ရှပ်

မိုး မိုး ၁၁၆၀



အင်္ကျီလက်တိုနှင့် မိုးယံ အပေါ်ထပ်မှ ဆင်းလာသည်ကို တွေ့ရသည်။

"မိုးယံ…ဒီနေ့ မင်းညီမလေး ပိုးယမင်းလည်း ကျောင်းတက်ရမယ်၊ ဒီတော့ ကားတစ်စီးတည်းနဲ့ပဲ အတူတူသွားကြပေါ့"

"ပိုးယမင်းကိုလည်း သား ဂရုစိုက်လိုက်ပါ၊ သူက ဒီနေ့မှ တက္ကသိုလ် စတက်ရမှာမဟုတ်လား"

"သမီး…သမီးအစ်ကိုပြောတာကို နားထောင်နော်"

ကြည်ပြာရောင် ဝမ်းဆက်လေးနှင့် ပိုးသားလို မည်းနက်ပျော့အိသော ဆံပင်ရှည်ရှည်များကို ဖြန့်ချထားသော ပိုးယမင်းမှာ မိုးယံ၏ကားလေးဖြင့်ပင် ကျောင်းသို့ လိုက်လာခဲ့ရသည်။

မေဂျာတူဖြစ်နေတာမို့ ပိုးယမင်းကို မိုးယံမှာ ခေါ်လာခဲ့ခြင်းဖြစ်သည်။

ကျောင်းရောက်တော့ မိုးယံမှာ ကားလေးကို အရိပ်ရသောနေရာလေးတွင် ထိုးထားလိုက်ပြီး ကားတံခါးများကို သော့ပိတ်လိုက်သည်။

ထို့နောက် ပိုးယမင်းကို မစောင့်တော့ဘဲ သူ့အခန်းရှိရာသို့ ထွက်လာခဲ့လိုက်သည်။ ပိုးယမင်းကလည်း သူ့နောက်မှ လိုက်ခဲ့

မိုး မိုး ၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ရသဖြင့်…

"ဒီမယ်…မင်း ငါ့နောက်ကို တကောက်ကောက် လျှောက်လိုက်မနေနဲ့၊ ကိုယ်လုပ်စရာရှိတာတွေကိုလုပ်"

မိုးယံစကားကြောင့် ပိုးယမင်း မျက်နှာလေး ညှိုးသွားရပြီး…

"အစ်ကိုမိုးယံရယ်…အဲဒီလိုတော့ စိမ်းစိမ်းကားကား မပြောပါနဲ့၊ ပိုးနဲ့ အစ်ကိုမိုးယံက မောင်နှမတွေပါ"

"အဲဒါတွေ ငါမသိဘူး၊ ဒီမယ် ငါ့ဘာသာငါ တစ်ယောက်တည်း အေးအေးဆေးဆေးပဲ နေချင်တယ်၊ မင်း ကျောင်းအပ်စရာကိစ္စတွေ ရှိသေးတယ်မဟုတ်လား၊ သွားလုပ်လေ"

"ပိုးမှမသွားတတ်တာ"

"ကျွတ်…ဒုက္ခပဲ"

"ကဲ…လာ…လာ ငါပဲလိုက်အပ်ပေးမယ်"

မိုးယံမှ ပိုးယမင်းရှေ့မှ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားသဖြင့် သူ့နောက်သို့ ပိုးယမင်း ခြေလှမ်းခပ်သွက်သွက်လေးဖြင့် အမီလိုက်လျှောက်နေရ၏။

ကျောင်းအပ်စရာရှိသည့် ကိစ္စများကို လိုက်လုပ်ပေးပြီး

ဝိုး:မိုး:၀၁၆၀



နောက်…

"ကဲ…ကိုယ့်အခန်းကို သွားတော့၊ အတန်းပြီးရင် ငါ့ဖုန်းကို လှမ်းဆက်လိုက် ကြားလား"

"ဟုတ်"

သူမ မျက်နှာငယ်လေးနှင့် ကျန်ရစ်ခဲ့တော့ သူ့စိတ်ထဲမှာ သူမလေးကို သနားသွားသလိုလို။

ပိုးယမင်းမှာ သူမတက်ရမည့် အခန်းထဲရောက်တော့ သူငယ်ချင်းအဖော်တချို့နှင့် ခင်မင်ရင်းနှီးသွားရ၏။

"ပိုးယမင်းတဲ့၊ နာမည်လေးက လှသလောက် လူက လည်း သိပ်ချောတာပဲနော်"

"အမယ်လေး နန္ဒာကလည်း တွေ့တွေ့ချင်း အရမ်း မြှောက်မနေပါနဲ့၊ ဘာစားချင်လဲ တို့ဝယ်ကျွေးပါ့မယ်"

"စားချင်လို့ မြှောက်နေတာမဟုတ်ပါဘူးကွာ၊ ယူက တကယ်လှလွန်းလို့ လှတယ်လို့ပြောနေတာ"

"အဟင်း…ဟင်း ဒါဆိုလည်း ကျေးဇူးလို့ပြောရမလို ဖြစ်နေပြီ"

ပထမနှစ် အတူတူတက်သော သူများဖြစ်သဖြင့် အချိန်

ဝိုး:မိုး:၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ဟိုရှေလးအတွင်းမှာပင် ပိုးယမင်းအတွက် အတန်းဖော်များနှင့် သူငယ်ချင်းအရင်းများပမာ ရင်းနှီးသွားကြလေသည်။

အတန်းပြီး၍ အစ်ကိုမိုးယံဆီသို့ ဖုန်းဆက်လိုက်သည်။

''အတန်းပြီးရင်လည်း ကားထားတဲ့နေရာဆီ ထွက်ခဲ့လေ''

မိုးယံက စကားကို တိုတိုပြတ်ပြတ်ပြောပြီး ဖုန်းပိတ်ပစ်လိုက်သည်။

''ဘယ်ကိုဆက်နေတာလဲ ပိုးယမင်းရဲ့၊ ဘာလဲ အကြိုတော်ဆီကိုလား''

''မဟုတ်ပါဘူးကွာ၊ တို့ရဲ့အစ်ကိုဆီကို ဆက်နေတာ''

''ဟုတ်လား…ယူ့အစ်ကိုက ဒီကျောင်းကပဲလား''

''ဟုတ်တယ်…ဥပဒေနောက်ဆုံးနှစ်ကပဲ''

''ဟုတ်လား…ဒါဆို အတူတူလာကြတာလား၊ မသိပါဘူး နန္ဒာက တစ်ယောက်တည်းဆိုရင် နန္ဒာ့ကားနဲ့ လိုက်ပို့ပေးမလို့''

''ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်၊ ပိုးတို့မှာ ကားပါတယ်''

''ဒါဆိုလာလေ…ကားထားတဲ့နေရာကို အတူသွားကြတာပေါ့''

သူငယ်ချင်းအသစ် နန္ဒာနှင့်အတူ ပိုးယမင်း ကားထားသည့်နေရာလေးဆီသို့ လျှောက်လာခဲ့ကြသည်။

သူမတို့ရပ်ထားခဲ့သော ကားလေး၏နံဘေးတွင် ကားတံခါးဖွင့်ကာ ထိုင်စောင့်နေဟန်တူသော အစ်ကိုမိုးယံကို တွေ့လိုက်ရ၏။

''ဟိုမှာ…တို့အစ်ကို''

''ဟယ်…ယူ့အစ်ကိုက ချောလိုက်တာ၊ ဒါဆို ယူနဲ့တို့ သူငယ်ချင်းယောက်မဖြစ်သွားပြီ၊ တို့နဲ့ မိတ်ဆက်ပေးနော်''

အစ်ကိုမိုးယံကိုကြည့်ပြီး စသလိုနောက်သလို ပြောလိုက်သော နန္ဒာစကားကြောင့် ပိုးယမင်းမှာ မျက်နှာလေးရဲကာ ရှက်ရယ်သာ ရယ်နေလိုက်ရသည်။

ပိုးယမင်းနှင့်အတူ နန္ဒာပါ ပါလာသဖြင့်…

''အစ်ကိုမိုးယံ…ဒီက ပိုးနဲ့အတန်းဖော် နန္ဒာတဲ့၊ နန္ဒာ ဒါက တို့အစ်ကို ကိုမိုးယံတဲ့''

''ဟုတ်ကဲ့…တွေ့ရတာ ဝမ်းသာပါတယ် အစ်ကိုမိုးယံ''

မိုးယံက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။





ဝိုး၊ မိုး၊ ၁၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



"နန္ဒာက ပိုးယမင်းတစ်ယောက်တည်းမှတ်လို့ လိုက်ပို့ပေးမလို့"

"သူက တစ်ယောက်တည်းမဟုတ်ဘူးလို့ နန္ဒာကို မပြောဘူးလား"

"ပြောပါတယ်၊ အစ်ကိုနဲ့လာတာလို့"

"ကဲ…တက် သွားမယ်နော်"

"ဟုတ်ကဲ့"

ပိုးယမင်း တက်ပြီးသည်နှင့် မိုးယံက ကားလေးကို မောင်းထွက်လိုက်သည်။ အိမ်ရောက်သည်နှင့် မိုးယံက အပေါ်ထပ်သို့ တက်သွားသည်။

"ဘယ်လိုလဲသမီး ကျောင်းတက်ရတာ အဆင်ပြေလား၊ ကျောင်းအပ်တာတို့ ဘာတို့ကော ပြီးသွားပြီလား"

မေမေ၏အမေးကို ပိုးယမင်း ခေါင်းလေးညိတ်ပြရင်း…

"ပြေပါတယ် မေမေ၊ အစ်ကိုမိုးယံ ကျောင်းလိုက်အပ်ပေးပါတယ်"

"သြော်…မိုးယံလေးက ဒီလိုကျပြန်တော့လည်း ကူညီတတ်သားပဲ"

နို · မို · ၁၁၉၆



"သူ့ကိုတော့ ကိုရဲပြောသလို ကိုယ်ချင်းစာနာစိတ်နဲ့ နားလည်ပေးပါကွယ်"

"ဟုတ်ကဲ့ပါ မေမေ"

ပိုးယမင်း အစ်ကိုမိုးယံဘဝကို ကိုယ်ချင်းစာနားလည်ပါသည်။ ပြီးတော့ အထီးကျန်ဝေဒနာကို ခံစားနေရသော အစ်ကိုမိုးယံဘဝကို အားပေးနှစ်သိမ့်ချင်သည်။

ကျောင်းကပြန်ရောက်သည်နှင့် ပိုးယမင်းမှာ ကိုယ်ကြပ်အင်္ကျီအနက် လက်ပြတ်လေးနှင့် ပါတိတ်ထဘီ တစ်ပတ်နွမ်းလေးကို လဲလိုက်ကာ မီးဖိုချောင်ထဲသို့ တန်းဝင်လာခဲ့သည်။

မီးဖိုခန်းထဲတွင် ဒေါ်စိန်တစ်ယောက်ကို တွေ့ရသည်။ ဒေါ်စိန်က အေးအေးနေတတ်ပြီး အမြဲလို ပြုံးနေတတ်ပုံရသဖြင့် ပိုးယမင်း ခင်ပါသည်။

"ဒေါ်စိန်…သမီး ဘာကူလုပ်ပေးရမလဲ"

"ရတယ်သမီး၊ သမီးဘာသာ အေးအေးဆေးဆေးပဲနေပါ"

"ဘယ်ဟုတ်ပါ့မလဲ ဒေါ်စိန်ရယ်၊ အဒေါ်တစ်ယောက်တည်း ပင်ပန်းနေမှာပေါ့၊ ပြောပါ သမီးဘာကူလုပ်ပေးရမလဲ"

နို : ပို : ၁၁၉၆

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင်တော့ ကြက်သွန်လေးတွေကို အခွံနွှာပြီးလှီး ပေး"

ဒေါ်စိန်ပြောသလို ပိုးယမင်းမှာ ကြက်သွန်များအား အခွံနွှာကာ ပါးပါးလှီးပေးရင်း...

"အစ်ကိုမိုးယံက တစ်မျိုးပဲနော်၊ သူ့မှာ သူငယ်ချင်း အပေါင်းအသင်းတွေလည်း အိမ်ကိုလာလည်ကြတာတို့ ဘာတို့ မရှိကြဘူးလား"

"မိုးယံက နဂိုကတည်းက အေးအေးနေတတ်တယ်၊ ဒါပေမယ့် သူက ခေါင်းတော့ မာတတ်တယ်ကွယ်၊ မဟုတ်မခံ စိတ်မျိုး ရှိပေမယ့် တကယ်တော့ စိတ်ထားနူးညံ့ပါတယ်ကွယ်၊ သူငယ်ချင်း အပေါင်းအသင်း သိပ်မထားတတ်တာကတော့ အမှန် ပဲ"

ပိုးယမင်းက မီးဖိုကိစ္စတွေသာမက အိမ်မှုကိစ္စတွေအကုန် လုံးမှာလည်း သူမကလေးက စိတ်ပါလက်ပါရှိကတ်သဖြင့် ပိုးယမင်းလေးကို ဒေါ်စိန် သဘောကျခင်မိပါသည်။

"ကဲ...ရပါပြီ ပိုးရယ်၊ ဟင်းတွေအားလုံးလည်း ပြီးသ လောက်ဖြစ်နေပါပြီ၊ နားနားနေနေ နေပါဦး၊ အခုမှ ကျောင်းကပြန်





လာတာ မဟုတ်လား"

"ပိုး ဒီအတိုင်းကြီး ထိုင်မနေတတ်လို့ပါ ဒေါ်စိန်ရယ်၊ ပင်ပန်းတဲ့အလုပ်တွေမှ မဟုတ်တာ"

မိန်းကလေးပီပီ အိမ်မှုကိစ္စတွေ နိုင်နင်းဝါသနာပါသော ပိုးယမင်းကို ဦးရဲထွန်းပင် သတိထားမိလေသည်။ ပိုးယမင်းအား ချစ်စရာကောင်းသည့် သမီးလေးတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရလိုက် ခြင်းပဲဟု မှတ်ယူပါသည်။

ဒီမိသားစုလေးအတွင်းမှာ အားလုံး နွေးထွေးကြင်နာ ရှိနေ ကြပေမယ့် မိုးယံဆိုသော သူကတော့ မျက်နှာချောချောနှင့် ဆန့်ကျင် စွာ ရှိနေတတ်သည့် အေးစက်စက်မျက်နှာနှင့်သာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ထမင်းပွဲက အားလုံးစုံလင်ကာ စားပွဲတစ်ဝိုင်းလုံး ဟင်းပူပူနွေးနွေးများဖြင့် စားချင့်စဖွယ် သန့်ရှင်းသပ်ရပ်နေလေသည်။

ဦးရဲထွဋ်မှာ ထမင်းဝိုင်းကိုကြည့်ကာ...

"ဒီနေ့တော့ ထမင်းမြိန်မယ့်နေ့ပဲဟေ့၊ သား မိုးယံရော ခေါ်လိုက်လေ ထမင်းစားရအောင်လို့"

"ခေါ်ထားပါတယ်"

ဒေါ်စိန်က ထမင်းစားပွဲဝိုင်းနားတွင် လိုအပ်သည်များ ကူလုပ်ပေးနေရင်းက ဖြေလိုက်သည်။

မိုးယံ ထမင်းဝိုင်းသို့ ရောက်လာတော့ မိသားစုတွေ စုံစုံညီညီ ထမင်းစားကြသည်။





"စားနော်...အစ်ကိုမိုးယံ"

ပိုးယမင်းက မိုးယံ ထမင်းပန်းကန်ထဲသို့ ကြက်သားဖတ်လေးထည့်ပေးရင်း ပြောလိုက်သည်။

ထိုအပြုအမူလေးကို ဦးရဲထွဋ်နှင့် ဒေါ်ယုနွယ်တို့ကြည့်ကာ အပြုံးလေးတွေ ကိုယ်စီပြုံးလိုက်ကြသည်။

"သား...မိုးယံတို့ ကျောင်းပိတ်တဲ့နေ့ကြရင် မိသားစုအားလုံး ရွှေတိဂုံဘုရား သွားကြမယ်နော်"

"ကောင်းတယ် ဦး၊ သမီးလည်း ဘုရားဖူးချင်နေတာ"

"သား...မိုးယံလည်း လိုက်ခဲ့နော်"

ဒေါ်ယုနွယ်က မိုးယံမျက်နှာကိုကြည့်ကာ ပြောလိုက်သဖြင့်...

"ဟုတ်ကဲ့"

မိုးယံမှာ တစ်ခွန်းတည်းသာ ပြန်ဖြေပြီး ထမင်းကိုသာ ဆက်စားနေလေသည်။

မိုးယံ ထမင်းစားမြိန်ပုံရသည်ကို ကြည့်ရင်း ပိုးယမင်းမှာ ပြုံးမိရသည်။

ဒီနေ့တော့ မိုးယံနှင့် ပိုးယမင်းတို့နှစ်ယောက်လုံး ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားသည့်အတွက် ဘုရားသွားဖို့ စီစဉ်ထားကြသည်။

ပိုးယမင်းမှာ နံနက်စောစော ဝိရိယကောင်းစွာပင် အိပ်ရာမှ ထလေသည်။ သူမ ရေမိုးချိုးပြီးနောက် ခဲသားရောင် ပါတိတ်ဝမ်းဆက်လေးဝတ်ပြီး ထွက်လာခဲ့သည်။

ဟင်။

ပိုးယမင်း အံ့သြသွားရပါ၏။

ဧည့်ခန်းထဲတွင် ကော်လာကတုံး၊ အင်္ကျီဖြူလက်ရှည်နှင့် ယောပုဆိုးနက်ပြာလေးဖြင့် မိုးယံကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ အမြဲတမ်း ခေါ်ရလေ့ရှိသော မိုးယံမှာ သူမထက်ပင် ဝိရိယကောင်းစွာ ဧည့်ခန်းထဲတွင် စောင့်နေလေသည်။

"အစ်ကိုမိုးယံ…အစောကြီး နိုးနေတာလား"

"ဟုတ်တယ်၊ ဒီကနေ့ ကိုယ့်မွေးနေ့လေ၊ မေမေ့ကို သတိရတာနဲ့ စောစောနိုးနေတာ"

"အစ်ကိုမိုးယံရဲ့ ဘယ်နှစ်နှစ်မြောက် မွေးနေ့လဲ၊ မွေးနေ့မှန်းမသိလို့ ပိုး မွေးနေ့လက်ဆောင်တောင် မပေးနိုင်လိုက်ဘူး"

"နှစ်ဆယ့်လေးနှစ်မြောက် မွေးနေ့ပါ၊ ဘာမွေးနေ့လက်ဆောင်မှ မလိုပါဘူး ပိုးယမင်းရယ်၊ တကယ်တော့ ကိုယ့်စိတ်ကို





မွေးနေ့မှာ အတတ်နိုင်ဆုံး ဖြူစင်အောင်ထားနိုင်ဖို့သာ အဓိကပါ"

မိုးယံဆီမှ ထိုစကားမျိုးကြားရတော့ ပိုးယမင်း အံ့သြစိတ်ကလေး ဖြစ်မိရ၏။ တည်ကြည်ခန့်ညားသော မျက်နှာပေါ်တွင် လေးနက်မှုတို့ ရှိနေသော မျက်နှာချောချောကို ပိုးယမင်းမှာ တိတ်တခိုးလေး ကြည့်မိပါသည်။

"အစ်ကို ဘာစားပြီးပြီလဲ၊ ပိုး ကော်ဖီဖျော်လိုက်မယ်နော်"

"ဒေါ်စိန်ဖျော်တိုက်လို့ ကော်ဖီသောက်ပြီးပါပြီ၊ လေးလေးနဲ့ အန်တီတို့ပြီးရင် ဘုရားသွားကြတာပေါ့"

ဒီကနေ့ မိုးယံမွေးနေ့မို့လား မသိပါ။ စိတ်ကောင်းတွေဝင်နေပုံရသဖြင့် ပိုးယမင်းကို စကားတွေ ကောင်းကောင်းမွန်မွန် ပြောနေလေသည်။

မကြာမီ လေးလေးနှင့် အန်တီတို့ ဧည့်ခန်းထဲသို့ ရောက်လာကြကာ…

"ဟယ်…သားနဲ့သမီး တယ်ဝိရိယကောင်းနေကြပါလား"

ဒေါ်ယုနွယ်က မိုးယံနှင့် ပိုးယမင်းကို မြင်သဖြင့် အပြုံးဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မေမေရေ၊ အစ်ကိုမိုးယံက သမီးထက်တောင် ဝီရိယကောင်းနေတာ၊ ဒီနေ့ အစ်ကိုမိုးယံရဲ့ နှစ်ဆယ့်လေးနှစ်မြောက် မွေးနေ့တဲ့လေ"

"ဪ…ဟုတ်လား၊ မွေးနေ့မှာ ဘုရားသွားကြတာ အကောင်းဆုံးကုသိုလ်ပေါ့ကွယ်"

"ဪ…ငါ့တူမိုးယံတောင် နှစ်ဆယ့်လေးနှစ်ပြည့်သွားပြီကိုး၊ ဒီမွေးနေ့ကစပြီး ငါ့တူဘဝမှာ လိုတာရနိုင်ပါစေလို့ လေးလေးဆုတောင်းပေးပါတယ်ကွာ"

"လေးလေးပေးတဲ့ဆုနဲ့ ပြည့်ပါစေ၊ ဪ ဒါနဲ့ ကျွန်တော့်ကားနဲ့ပဲ လိုက်ခဲ့မယ်နော်၊ ဦးလေးတို့က ကားတစ်စီး စီးလိုက်ပေါ့"

"ငါ့တူသဘောပါကွာ၊ လေးလေးလည်း ဘုရားကအပြန် ကုမ္ပဏီဝင်စရာရှိတာနဲ့ အတော်ပဲ"

လေးလေးဦးရဲထွဋ်နှင့် အန်တီဒေါ်ယုနွယ်တို့က လေးလေးကားဖြင့် သွားကြပြီး မိုးယံနှင့် ပိုးယမင်းတို့က ကားတစ်စီးဖြင့် ဘုရားသို့ ထွက်လာခဲ့ကြသည်။

ဘုရားတွင် မိသားစု စုံစုံညီညီဖြင့် ဘုရားဖူးကြပြီးနောက် ရင်ပြင်တော်တစ်ပတ် ပတ်ကြလေသည်။





"အစ်ကိုမိုးယံ…ဘုရားမှာ ဘာဆုတောင်းလဲဟင်"

"ဟင့်အင်း…ဘာမှဆုမတောင်းဘူး"

"ရှင်…ဘာမှဆုမတောင်းဘူး ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ်လုပ်တဲ့ကုသိုလ်ဟာ ကိုယ့်အတွက် အမြဲရှိပြီးသားပဲ"

"ကိုယ်လုပ်တဲ့ကုသိုလ်ကို စိတ်ထားမှန်မှန် စေတနာ သန့်သန့်နဲ့ သဒ္ဓါတရားထက်သန်ဖို့ပဲ"

"ပိုးကတော့ ဘဝတစ်လျှောက် စိတ်ချမ်းချမ်းသာသာနဲ့ နေနိုင်တဲ့သူ ဖြစ်ပါစေလို့ ဆုတောင်းခဲ့တယ်"

မိုးယံတို့နှစ်ယောက် ဘုရားရင်ပြင်ပေါ်တွင် စကားတပြောပြောနှင့် လမ်းလျှောက်လာကြသည်။

လေးလေးနှင့် အန်တီတို့ကတော့ ဘုရားအောင်မြေထိုင်ကာ ပုတီးစိပ်နေကြလေသည်။

ဘုရားပေါ်က သူတို့ဆင်းလာကြတော့ လေးလေးဦးရဲထွဋ်ကားနှင့် အန်တီယုနွယ်က ကုမ္ပဏီသို့ လိုက်ပါသွားသည်။

ပိုးယမင်းကတော့ မိုးယံကားလေးနှင့်ပင် ပြန်လာခဲ့ကြသည်။ အပြန်တွင် မိုးယံက ကန်တော်ကြီးထဲသို့ ခဏဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးယမင်း မိုးယံကို ဘာမှမပြောပါ။

ကားတံခါးကို ပိတ်လိုက်ပြီး ကန်တော်ကြီးရေပြင်ကို မြင်ရသည့် ထိုင်ခုံလေးတွင် မိုးယံ ထိုင်လိုက်တော့ သူမလည်း မိုးယံနံဘေးနားတွင် အသာဝင်ထိုင်လိုက်သည်။

မိုးယံသည် ထိုင်ခုံတွင်ထိုင်ပြီး ဘာစကားမှမပြောဘဲ ကန်တော်ကြီးရေပြင်ကိုသာ ငေးကြည့်နေသည်။

"အစ်ကိုမိုးယံ...ဘာတွေစဉ်းစားနေတာလဲဟင်"

"ဘာမှမစဉ်းစားပါဘူး၊ ရေပြင်ကြီးကို ကြည့်ရတာစိတ်ချမ်းသာတယ်၊ ရေဟာ သူ့ဘာသာသူဆို တည်ငြိမ်နေတာပဲ၊ ပြင်ပ ပယောဂတစ်ခုခုကြောင့်သာ ရေပြင်ဟာ လှိုင်းဂယက်တွေ ထကြရတာ"

"အစ်ကိုမိုးယံ ဆိုလိုချင်တာက လေးလေးဦးရဲ့ထွန်းနဲ့ အစ်ကိုမိုးယံတို့ ဘဝထဲကို ပိုးတို့သားအမိ ဝင်လာလို့ အစ်ကိုမိုးယံရဲ့ တည်ငြိမ်နေတဲ့ဘဝဟာ လှိုင်းဂယက်ထသွားရတယ်လို့ ဆိုလိုချင်တာလား ဟင်"

"မဟုတ်ပါဘူး ပိုးယမင်း၊ ကိုယ်ပြောချင်တဲ့အဓိပ္ပာယ်က အဲဒါမဟုတ်ဘူး"





"မေမေဆုံးတော့ ကိုယ် ကလေးဘဝ အားငယ်ဝမ်းနည်းစိတ်တွေနဲ့ ကျန်ခဲ့တယ်၊ ဖေဖေက မေမေ့စိတ်နဲ့ ကိုယ့်ကို လျစ်လျူရှုခဲ့တယ်၊ ဖေဖေရဲ့ နွေးထွေးတဲ့မေတ္တာကို မျှော်လင့်ခဲ့ပေမယ့် ဖေဖေဆုံးတဲ့အထိ ကိုယ်မရခဲ့ဘူး"

"အခု...လေးလေး ဦးရဲ့ထွန်းဟာ အန်တီယုနွယ်နဲ့ အိမ်ထောင်ပြုခဲ့တယ်၊ အခုအချိန်မှာ ကိုယ်ဟာ ဝမ်းနည်းအားငယ်ဘာတွေ မခံစားရတော့ပေမယ့် တစ်ခါတစ်လေ ဟောဒီရေပြင်ကြီးလို တည်ငြိမ်နေတဲ့ ဘဝမျိုးကို အားကျမိတယ်၊ ဒါကြောင့် ဟောဒီရေပြင်ကြီးကို လာပြီးကြည့်နေတာပေါ့"

မိုးယံစကားများကို နားထောင်ရင်း ပိုးယမင်းမှာ မိုးယံ၏ဘဝကို နားလည်မိသလို ခံစားရပါ၏။

"အစ်ကိုမိုးယံရယ်...အခု အစ်ကို့အတွက် ပိုးယမင်းဆိုတဲ့ ညီမတစ်ယောက် ရှိနေပြီပဲ၊ အစ်ကို့ရဲ့ဘဝ ရှေ့လျှောက်စိုပြည်ပျော်ရွှင်လာမှာပါ"

ကရုဏာစိတ်ဖြင့် ပိုးယမင်းမှာ မိုးယံကို ပြောလိုက်လေသည်။

"အစ်ကိုမိုးယံ....ပိုးကို ညီမလေးတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



သဘောထားနိုင်တယ် မဟုတ်လားဟင်"

ပိုးယမင်းစကားကြောင့် မိုးယံမှာ သူမမျက်နှာလေးကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ပြီးနောက်…

"ပိုးပြောသလို ကိုယ် မင်းကို ညီမလေးလို သဘောထားပါမယ်ကွယ်"

မိုးယံ၏စကားကြောင့် ပိုးယမင်း၏ မျက်နှာလေးမှာ တိမ်ထက်က လမင်းလေးပမာ ကြည်လင်ဝင်းပသွားလေသည်။

◆ ◆ ◆



## အခန်း (၄)

မိုးယံမှာ အတန်းစောပြီးသဖြင့် ပိုးယမင်းရှိရာ အဆောင်ဘက်သို့ ထွက်လာခဲ့သည်။ တက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသားတစ်ယောက် ဖြစ်လာခဲ့ပေမယ့် မိုးယံမှာ အပေါင်းအသင်း များများစားစား မထား။

သူကိုယ်တိုင်ကပင် လက်ဖက်ရည်ဆိုင်ထိုင် ဝေးလားဝါးလား လုပ်ရမည့်အလုပ်မျိုးကို နည်းနည်းလေးမှ ဝါသနာမပါ။

အတန်းဖော်သူငယ်ချင်းတွေနှင့် ခင်မင်သည်ဆိုရုံကလွဲပြီး ရင်းရင်းနှီးနှီး မဟုတ်ကြ။ ငယ်ပေါင်းသူငယ်ချင်း စိုးမင်းကလည်း ဒီကနေ့မှ ကျောင်းမလာ၊ တချို့ကတော့ သူ့ကို လူ့ဂွစာဟု ပြောကြသည်။ ဘယ်သူတွေ ဘာပြောပြော မိုးယံကတော့ ဘယ်သူ့မှ



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်ပါ။

ပိုးယမင်း အခန်းရှေ့သို့ မိုးယံ ရောက်သွားသောအခါ ကောင်လေးတစ်သိုက်နှင့် အဖွဲ့ကျနေသော ပိုးယမင်းနှင့် မိန်းကလေး တချို့ကို တွေ့ရသည်။

သူရောက်နေသည်ကို ပိုးယမင်း မြင်ပုံမရပါ။

ကောင်လေးတစ်သိုက်ထဲမှ အင်္ကျီအစင်းကျားလက်တိုနှင့် မိုးပြာရောင် ဘောင်းဘီပွပွကို ဝတ်ထားသော ခပ်ချောချောကောင် လေးက ပိုးယမင်းနားကပ်ကာ ဘာတွေပြောလိုက်သည်မသိ။ ဝါးခနဲ ရယ်သံများ လွင့်ပျံထွက်လာကာ သဘောကျနေပုံရသည့် ထိုမြင်ကွင်းကို ကြည့်ပြီး မိုးယံအခန်းရှေ့မှ ချာခနဲ လှည့်ထွက်လာ ခဲ့သည်။

အဖော်မဲ့ ရှင်သန်ကြီးပြင်းလာခဲ့ရသော သူ့ဘဝတွင် တစ်ခါ တစ်လေ စိတ်အလိုမကျမှုတွေ များပြားခြင်းကြောင့် သူ့စိတ်က ဂျစ်တစ်တစ်ဖြစ်နေသည်။

ဒါကိုပင် လူတွေက သူ့ကို တစ်မျိုးမြင်ချင်သည်။

ယခုလည်း ဘာရယ်မဟုတ် ပိုးယမင်း အတန်းပြီးလျှင် ခေါ်၍အိမ်ပြန်မည်ဆိုသော စိတ်ကူးဖြင့် သူမအခန်းရှိရာသို့ လာခဲ့





သော်လည်း မိုးယံ အခန်းရှေ့ရောက်နေတာကိုပင် မမြင်ဘဲ ကောင်လေးတစ်သိုက်နှင့် အဖွဲ့ကျနေသော ပိုးယမင်းကြောင့် သူမခေါ်တော့ဘဲ ထွက်လာခဲ့ခြင်းဖြစ်သည်။

မိုးယံ ကားစက်နှိုးကာ ခပ်ကြမ်းကြမ်းလေး မောင်းထွက် ပစ်လိုက်သည်။

အိမ်ကိုပြန်သည့် လမ်းတစ်ဝက်အရောက် မိုးယံ၏ ဟမ်းဖုန်းလေးမှ အသံမြည်လာသည်။

"ဟဲလို"

ကားမောင်းရင်း ဖုန်းဖွင့်ကာ ထူးလိုက်သည်။

"အစ်ကိုမိုးယံလား"

"အေး"

"ပိုး...အတန်းပြီးပြီ"

"အေး...အတန်းပြီးရင် ကိုယ့်ဘာသာ ကားငှားပြန်ခဲ့၊ ကြားလား၊ ဒါပဲ"

ထို့နောက် သူ့ဟမ်းဖုန်းကို ပိတ်ထားလိုက်သည်။

မိုးယံ၏ ခဲသားရောင်ကားလေးက ပေါ်တီကိုအောက်သို့ အရှိန်ပြင်းပြင်းလေး ပြေးဝင်လာကာ ရပ်တန့်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးယံ ကားတံခါးဖွင့်ကာ ဆင်းလိုက်ပြီး ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။

ဧည့်ခန်းထဲတွင် လေးလေးဦးရဲထွဋ်နှင့် အန်တီဒေါ်ယုနွယ် တို့ နှစ်ယောက်လုံး မိုးယံကို ကြည့်လိုက်ကြသည်။

"သားမိုးယံ မင်းညီမလေးကော"

ဦးရဲထွဋ်က မိုးယံကိုကြည့်ကာ မေးလိုက်သည်။

"ကားငှားလာလိမ့်မယ် လေးလေး"

"ဟင်"

"မင်းညီမလေးကို စောင့်ပြီးမခေါ်ခဲ့ဘူးလား"

"အတန်းမပြီးသေးဘူး လေးလေး"

"အတန်းမပြီးသေးလည်း စောင့်ပြီးခေါ်ခဲ့ရောပေါ့"

"ကဲပါ ကိုရဲကလည်း ပိုးက ကလေးမှမဟုတ်တာ၊ သူ့ဘာသာ ကားငှားပြီး လာတတ်သားပဲဟာ၊ သားမိုးယံလည်း သူ့ကိစ္စနဲ့သူ ရှိမှာပေါ့"

အန်တီဒေါ်ယုနွယ်က လေးလေးဦးရဲထွဋ် သူ့ကိုပြောနေတာကို သဘောမကျဟန်ဖြင့် ဝင်ပြောလိုက်သည်။

သူ ဘာမှဆက်မပြောတော့ဘဲ သူ့အခန်းရှိရာ အပေါ်ထပ်

ဝိုး:မိုး:၀၁၉၀



သို့ တက်လာခဲ့သည်။

ညနေရောက်တော့ သူ့အခန်းတံခါးခေါက်သံကြောင့် တံခါးဖွင့်ပေးလိုက်တော့ ပိုးယမင်းကို တွေ့ရ၏။

"အစ်ကိုမိုးယံ…ထမင်းစားရအောင် ခေါ်ခိုင်းလိုက်လို့"

"ငါ မဆာသေးဘူး"

"အစ်ကိုဘာဖြစ်နေတာလဲ၊ ပိုးကို စိတ်ဆိုးနေတာလား"

"ဘာမှမဖြစ်ဘူး၊ ဘယ်သူ့ကိုမှလည်း စိတ်မဆိုးဘူး"

"အစ်ကို…ပိုးကို စိတ်ဆိုးနေတာမဟုတ်လား၊ အစ်ကို ပိုးအခန်းရှေ့လာတာ ပိုးမမြင်လို့မဟုတ်လား"

"မဆိုင်ပါဘူး"

"ဆိုင်ပါတယ် အစ်ကိုမိုးယံရယ်၊ ဟုတ်တယ်မဟုတ် လား"

တကယ်တော့ ပိုးယမင်းထစ်ယောက် မေးသလို ဟုတ်လား၊ မဟုတ်ဘူးလား ဆိုတာကိုလည်း မိုးယံမှ သေချာမဝေ ခွဲတတ်ပြန်။

မထင်မှတ်သော မြင်ကွင်းမျိုး တွေ့လိုက်ရသည့်အတွက် ကြောင့် မိုးယံ ပြန်ထွက်လာခဲ့ခြင်းဖြစ်သည်။

ဝိုး:မိုး:၀၁၉၀

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် သူမ အပေါင်းအသင်းတွေနှင့် အဖွဲ့ကျနေမှုကို အနှောင့်အယှက် မပေးလိုသောကြောင့်လား။

"ကဲပါ အစ်ကိုမိုးယံရယ်၊ စိတ်မဆိုးပါနဲ့၊ နောက်ဆို အစ်ကိုမိုးယံ အခုလိုမဖြစ်စေရဘူးမှတ်၊ နော် ပိုး ကတိပေးတယ်"

လွတ်လပ်ပွင့်လင်းသော ဟန်ပန်လေးဖြင့် ပြောလိုက်သော ပိုးယမင်း၏ ကလေးဆန်သော ဟန်ပန်လေးကြောင့် မိုးယံမှာ ပြုံးမိသွားရပြန်သည်။

"ကဲ…လာ အစ်ကိုမိုးယံ အောက်မှာ လေးလေးတို့ စောင့်နေကြတယ်"

နောက်ဆုံးတော့ မိုးယံမှာ ပိုးယမင်းခေါ်ရာနောက်သို့ လိုက်ခဲ့ရသည်။

"ပိုးယမင်းနဲ့ စကားပြောနေတာ ဘယ်သူလဲ"

"သူရိန်တဲ့၊ ဒုတိယနှစ် ဥပဒေကပဲ"

"ဒုတိယနှစ်ဥပဒေက၊ ဒါဆို ပိုးနဲ့အတန်းမတူဘူးပေါ့"

"အတန်းမတူတဲ့သူက ပိုးယမင်းဆီ ဘာလာလုပ်တာလဲ"

"နန္ဒာနဲ့ တစ်ရပ်ကွက်တည်း သူငယ်ချင်းတွေတဲ့၊ နန္ဒာ





ဆီလာရင်း မိတ်ဆက်နေလို့"

ပိုးယမင်းအဖြေကြောင့် မိုးယံက…

"သြော်…ဒါကြောင့် ကိုယ်လာတာကိုတောင် မမြင်နိုင်လောက်အောင် ဖြစ်သွားတာထင်တယ်"

"အစ်ကိုမိုးယံနော်…ပိုး ကတိပေးပြီးပြီ မဟုတ်လား၊ နောက် မဖြစ်စေရဘူးလို့"

ပိုးယမင်းထံမှ လှပသော မျက်ဝန်းပြာလေးအစုံက မိုးယံမျက်နှာချောချောကို ခပ်တည်တည်လေး စူးစိုက်ကြည့်လာပါသည်။

မိုးယံနှင့် ပိုးယမင်းတို့အား တက္ကသိုလ်မှ သူငယ်ချင်းများက မောင်နှမများဟုပင် ထင်ကြသည်။ ထို့ကြောင့် နောက်တစ်နေ့ ပိုးယမင်း ကျောင်းရောက်တော့…

"ဘယ်လိုလဲ ပိုး၊ မနေ့ကကိစ္စ အဆင်ပြေသွားရဲ့လား"

"အေးဟယ်…အစ်ကိုမိုးယံလာတာကို သူရိန်တို့ စကားလာပြောနေတာနဲ့ မမြင်လိုက်ဘူး"

"တို့လည်း မမြင်လိုက်လို့ပါ၊ နို့မို့ဆို"

"နို့မို့ဆို ဘာဖြစ်လဲ"

စကားတစ်ဝက်တစ်ပျက်နှင့် ရယ်၍ ပြုံးစိစိလုပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာ့အမူအရာကြောင့် ပိုးယမင်းက မျက်စောင်းလေး တစ်ချက်ထိုး လိုက်ရင်းပြောလိုက်သဖြင့် နန္ဒက ရယ်ကျဲကျဲလုပ်ကာ…

“ဩော်…ကင်န်တင်းမှာ မုန့်လိုက်ကျွေးလိုက်ပါတယ် လို့”

“သွား…မိန်းမ၊ ကဲကိုကဲဟယ်”

သူငယ်ချင်းနှစ်ယောက် သဘောကျစွာ ရယ်လိုက်မိကြ သည်။

“ဘာတွေများ သဘောကျနေကြတာလဲ”

ပိုးယမင်းတို့အနားသို့ သူရိန်တို့အုပ်စု ရောက်လာကြပြန် သည်။ နန္ဒာနှင့် သူရိန်တို့က အိမ်နီးချင်း ငယ်သူငယ်ချင်းများ ဖြစ်သည်။ နန္ဒာက ဆယ်တန်းတွင် တစ်နှစ်ကျ၍ အတန်းငယ်နေ ခြင်းဖြစ်ပေမယ့် တကယ်တော့ သူရိန်တို့နှင့် သက်တူရွယ်တူ ပြောမနာဆိုမနာတွေသာ ဖြစ်သည်။ နန္ဒာနှင့် အကြောင်းပြုပြီး ပိုးယမင်းမှာ သူရိန်တို့နှင့် မိတ်ဆွေဖြစ်ရခြင်းဖြစ်သည်။

“နင်တို့မိတ်အဖွဲ့ကောင်းလို့ ပိုးအစ်ကိုက ပိုးကိုစိတ်ဆိုး သွားတာ”

“ဩော်…ပိုးမှာ အစ်ကိုရှိတယ်လား၊ ဘယ်နှစ်ကလဲ”





သူရိန်က အံ့ဩဟန်လေးဖြင့် မေးလိုက်သည်။

“ဖိုင်နယ် Law ကလေ၊ မိုးယံတဲ့”

“မိုးယံ…ဒါဆို တို့နဲ့လည်း မိတ်ဆက်ပေးဦးလေ”

“နောက်ကြုံတော့ သူရိန်တို့နဲ့ မိတ်ဆက်ပေးမှာပေါ့”

ပိုးယမင်းမှာ သူရိန်တို့ကို ခင်ပေမယ့် အစ်ကိုမိုးယံနှင့် ပတ်သက်ပြီး နောက်တစ်ခါ စိတ်ဆိုးနိုင်မည့်ကိစ္စများကို မလုပ်မိ စေရန် သတိထားနေမိသည်။

“အခုလာတာ ပိုးတို့ကို ကင်န်တင်းမှာ တစ်ခုခုကျွေးချင် လို့ လာခေါ်တာ”

သူရိန်က ပိုးယမင်းမျက်နှာလေးကို ငေးစိုက်ကြည့်ကာ ထိုစကားကို ဆိုလိုက်သည်။

“အံမယ်…သူရိန်ရယ်၊ ထူးထူးဆန်းဆန်း ငါနဲ့သူငယ်ချင်း ဖြစ်လာတာ နှစ်တွေမနည်းတော့ဘူး၊ တစ်ခါမှ ငါ့ကို အဲလိုကျွေးချင် မွေးချင်တဲ့စိတ် မရှိဘူး”

“အဲဒါတော့ ဘယ်တူမလဲ နန္ဒရာ၊ သူရိန်ရဲ့ သဒ္ဓါတရား တွေဟာ ပိုးယမင်းနဲ့တွေ့မှ ထက်သန်နေတာကို ငါတို့က ပါရမီ ကူဖြည့်ပေးရမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



သူရိန့်သူငယ်ချင်း ဇင်ကိုက ရယ်ကျဲကျဲမျက်နှာပေးဖြင့် ပြောလိုက်သဖြင့် ပိုးယမင်းမျက်နှာလေး ရဲခနဲဖြစ်သွားရ၏။

"လိုက်မယ်မဟုတ်လား ပိုး"

"မလိုက်တော့ပါဘူး သူရိန်ရယ်၊ ကျေးဇူးတင်ပါတယ်၊ အိမ်မှာ ကော်ဖီနဲ့မုန့် စားလာခဲ့လို့ပါ"

ပိုးယမင်းက ငြင်းဆန်လိုက်သဖြင့် ဇင်ကိုက...

"မပိုးရယ်...မပိုးစားခဲ့လည်း ကျွန်တော်တို့က ဘာမှ မစားရသေးဘူး၊ မပိုးပါမှ ဒီကောင်က ကျွေးမဲ့ကောင်၊ ဒီတော့ ကျွန်တော်တို့ရဲ့ အငတ်ဘေး အဲလေ ဟာနေတဲ့ဝမ်းလေးတွေကို ဖြည့်ဖို့ မပိုးက ဘာဖြစ်ဖြစ် လိုက်ထိုင်ပေးပါ"

"ဟုတ်တယ်ပိုး၊ ဒီကောင် ဒီလောက်ကျွေးချင်နေတာ ခဏသွားမယ်၊ လာ"

နန္ဒာကပါ ဝင်ပြောနေသဖြင့် ပိုးယမင်းမှာ အားနာပါးနာနှင့် သူတို့နှင့် ကျောင်းကင်န်တင်းသို့ ထွက်လာခဲ့ကြသည်။

မိုးယံမှာလည်း ဒီနေ့မှ ထူးထူးခြားခြား စိုးမင်းကျောင်းပြန်တက်သဖြင့် ကျောင်းလက်ဖက်ရည်ဆိုင်တွင် ထိုင်ဖြစ်ကြသည်။

"မင်းလေးလေး မိန်းမယူလိုက်တာလည်း ကောင်းပါ

ဝိုး၊မိုး၊၁၃၆ပ



တယ် မိုးယံရာ၊ နို့မို့ဆို မင်းတို့တူဝရီးနှစ်ယောက်ဘဝက ဝေါင်တောင်တောင်နဲ့"

"လေးလေး မိန်းမယူတာကို ငါဘာမှမပြောလိုပါဘူး၊ ဒါပေမယ့် လေးလေးမိန်းမရဲ့သမီးလေး ပါလာတော့ ငါ အနေအထိုင် နည်းနည်းကျုံ့သွားတာပေါ့"

"ဒါဆို...မင်းလေးလေးရဲ့ စီမံကိန်းထဲမှာ မင်းအတွက်ပါ ထည့်စဉ်းစားထားတယ်ထင်တယ်"

"ဟာ...ဒီကောင် ပြောတော့မယ် ပေါက်တက်ကရ"

"သြော်...မိုးယံ...မိုးယံ ငါပြောမယ့်စကားကို သေချာနားမထောင်ဘဲ မင်းအတွေးနဲ့မင်း အိုးမလုံအုံပွင့်ဖြစ်နေပြီထင်တယ် ဟဲ...ဟဲ"

စိုးမင်းစကားကြောင့် မိုးယံ ဘာမှဆက်မပြောတော့ဘဲ ငြိမ်နေလိုက်ရသည်။

"ငါပြောချင်တာက သူတို့ဘဝရဲ့ ခြောက်ကပ်ကပ်ဖြစ်နေတဲ့ အခြေအနေတွေကို သဘောပေါက်ပြီး မိသားစုဘဝပုံစံမျိုးလေး စိုစိုပြေပြေ ဖြစ်သွားစေချင်တဲ့ဆန္ဒကို ပြောမလို့ပါကွာ၊ ဟဲ ဟဲ"

"လာပြန်ပြီ ဒီ...ဟဲ...ဟဲ"

ဝိုး၊မိုး၊၁၃၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းရဲ့မွေးစားညီမလေးကကော ချောလား"

စိုးမင်းက မိုးယံအား မေးလိုက်သည်။

"အင်း…ချောပါတယ်"

"အင်း…မင်းညီမလေး ချောမချောတော့မသိဘူး အခု ငါမြင်နေရတဲ့ မဒီလေးကတော့ အရမ်းချောတာပဲဟေ့"

စိုးမင်းက အဝင်လမ်းဘက်သို့ မျက်နှာမူထားရာမှ မိုးယံအား မကြည့်တော့ဘဲ ပြောလိုက်သဖြင့်…

"အေး…မင်းလည်း အဲဒီရောဂါနဲ့သေမှာပဲ"

မိန်းကလေးလှလှမြင်တိုင်း လိုက်ငမ်းတတ်သော စိုးမင်း အကျင့်ကို သိထားသော မိုးယံက မညာမတာ ဝေဖန်ပစ်ရင်း ကော်ဖီတစ်ငုံကို ယူသောက်လိုက်သည်။

မိုးယံတို့ ထိုင်နေသော စားပွဲ၏ မျက်စောင်းထိုးခုံတွင် ကျောင်းသားကျောင်းသူ တစ်သိုက် ဝင်ထိုင်လိုက်သည်ကို တွေ့ရသည်။

"မိုးယံ…မင်းမွေးစားညီမလေးနဲ့ ဟိုဘက်ဝိုင်းမှာထိုင်နေတဲ့ အပြာရောင် မဒီကလေးနဲ့ ဘယ်သူက ပိုချောသလဲ"

စိုးမင်းပြောလိုက်သော စကားကြောင့် စောစောက ထိုင်





လိုက်သော စားပွဲဆီသို့ မိုးယံ လှမ်းကြည့်လိုက်သည်။

"ဟင်"

ယောကျာ်းလေးသုံးယောက်နှင့် ထိုင်နေသော မိန်းကလေး နှစ်ယောက်ထဲမှ အပြာရောင်ဝမ်းဆက်လေးနှင့် ထိုင်နေသူက…

ပိုးယမင်း။

ကောင်လေးအုပ်စုထဲတွင်လည်း မိုးယံ သတိထားမိလိုက်သည်က ဟိုမနေ့က တွေ့ခဲ့ရသည့် ကောင်ချောချောလေး။

ကျောင်းတက်သည်မှာ မကြာသေး။

ယောကျာ်းလေးသူငယ်ချင်း ထားတတ်နေသည့် ပိုးယမင်း ကြောင့် သူ့စိတ်ထဲ ကသိကအောက်လေး ဖြစ်သွားရ၏။

ပိုးယမင်းမှာလည်း နန္ဒာနှင့် စကားပြောနေရာမှ တစ်ဖက် ဝိုင်းသို့ အကြည့်ရောက်သွားခိုက်…

"ဟင်"

အစ်ကိုမိုးယံ။

သူမအား ဖျတ်ခနဲ လှမ်းကြည့်လိုက်သော မိုးယံ၏ မျက်လုံးများနှင့် အကြည့်ချင်း ဆုံလိုက်ရသဖြင့် ပိုးယမင်း တစ်ယောက် အမျိုးအမည် မခွဲခြားတတ်သော ဝေဒနာလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရ၏။

ပိုးယမင်း နေရာမှ ဖျတ်ခနဲ ထရပ်လိုက်ပြီး အစ်ကိုမိုးယံ ရှိသည့်ဝိုင်းသို့ ကူးသွားလိုက်သည်။

"အစ်ကိုမိုးယံ"

"ဘာလဲ ပိုးယမင်း"

"ဟိုလေ…ဟို"

တစ်ဖက်ဝိုင်းမှ သူရိန်တို့အုပ်စုရော စိုးမင်းပါ မိုးယံနှင့် ပိုးယမင်းတို့ကိုကြည့်ကာ ကြောင်အမ်းအမ်းလေးများ ဖြစ်ကုန်ကြသည်။

"ဟို…အပြန်ကျရင် အစ်ကိုမိုးယံကားနဲ့ပဲ လိုက်မှာနော်"

"လိုက်ပေါ့"

စိုးမင်းမှာ မိုးယံနှင့် ပိုးယမင်းတို့၏ အနေအထားကို သဘောပေါက်သွားဟန်ဖြင့်…

"မိုးယံ…ငါ့ကိုလည်း မိတ်ဆက်ပေးဦးလေ"

စိုးမင်း၏စကားကြောင့် မိုးယံမှာ မတတ်သာတော့၍….

"ဒါ…စောစောကပြောတဲ့ ပိုးယမင်းတဲ့၊ လေးလေးဇနီးရဲ့သမီးပေါ့"





"ကျွန်တော် စိုးမင်းပါ၊ မိုးယံနဲ့ ငယ်ပေါင်းသူငယ်ချင်းတွေ၊ အတန်းတူပဲ"

"ဟုတ်ကဲ့…တွေ့ရတာဝမ်းသာပါတယ် အစ်ကိုစိုးမင်း"

"သူငယ်ချင်းတွေ ပါတယ်ထင်တယ်"

"ဟုတ်ကဲ့"

"ဒါဆိုသွားလေ"

ဒီစကားကိုတော့ မိုးယံက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"သွားမယ်နော်…အစ်ကိုစိုးမင်း"

"ဟုတ်ကဲ့"

"အစ်ကိုမိုးယံ…ဟို…သွားပြီနော်"

"အင်း"

သူ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ ပိုးယမင်း ထွက်သွားတော့…

"ဪ…မိုးယံ…မိုးယံ ဒါကြောင့် အိုးမလုံအုံပွင့် ဖြစ်နေတာကိုး"

"ဟာ…ဒီကောင် သွားမယ်၊ ပိုက်ဆံရှင်းလိုက်"

မိုးယံနှင့် စိုးမင်းတို့နှစ်ယောက် ပိုက်ဆံရှင်းပြီးနောက် ဆိုင်မှ



www.burmeseclassic.com

www.burmeseclassic.com



ထလာခဲ့ကြသည်။

"ဟော့…ယှူအစ်ကိုကို ဘာလို့ ဒီဝိုင်းမခေါ်ခဲ့တာလဲ"

ဆိုင်ထဲမှ ထွက်သွားသော မိုးယံတို့ကိုကြည့်ပြီး နန္ဒာက ရယ်ကျဲကျဲဖြင့် ပိုးယမင်းကို မေးလိုက်သည်။

"ထိုင်စေချင်ရင် နင် လိုက်ခေါ်ပါလား"

"အမလေး…တော်တော်အားကိုးရတဲ့ ယောက်မ"

"ဟိုလူက ပိုးရဲ့အစ်ကိုလား"

သူရိန်က စကားကိုဖြတ်ကာ မေးလိုက်သည်။

"အင်း"

"ဒါဆို တို့တွေနဲ့လည်း မိတ်ဆက်ပေးသင့်တာပေါ့"

"အစ်ကိုက ခပ်အေးအေးပဲ နေတတ်တယ်၊ နောက်ကျ တော့ ကြုံရင်မိတ်ဆက်ပေးမှာပေါ့"

"ပိုးအစ်ကိုကလည်း နန္ဒာ ကြိုက်မယ်ဆိုလည်း ကြိုက်ချင်စရာ၊ ရုပ်ကတော့ အဖြောင့်စားပဲ၊ နန္ဒာ နင့်ကိုတော့ ဟိုက လှည့်တောင် ကြည့်မသွားဘူး၊ ဒါပေမယ့် နင် ဖွဲ့မလျှော့ပါနဲ့၊ မိန်းကလေးတစ်ယောက်အနေနဲ့ နင့်မှာ ကြိုးစားပိုင်ခွင့် အပြည့်ရှိတယ်"





"ကောင်စုတ်"

သူရိန်နှင့်သူငယ်ချင်း မျိုးကျော်က ဝင်အရွှန်းဖောက်လိုက်သဖြင့် သူတို့အုပ်စုမှာ ရယ်သံလေးတွေ စီခနဲ ညံထွက်သွားရသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ပိုးယမင်း အတန်းပြီး၍ ကားပေါ်တက်လိုက်ကတည်းက မိုးယံထံမှ စကားတစ်ခွန်းမှ မကြားရသေး။

သူမ ကားပေါ်တက်ပြီးသည်နှင့် မိုးယံက ကားလေးကို မောင်းနှက်ကာ အိမ်ဆီသို့ တန်းပြန်လာခဲ့သည်။

ပိုးယမင်းကလည်း ဘာစကားမှမဆိုဘဲ ကားပေါ်တွင် ငြိမ်သက်စွာ လိုက်ပါလာခဲ့သည်။

အိမ်ပြန်ရောက်သည်အထိ နှစ်ဦးသား ဘာစကားမှမဆို ဖြစ်ကြ။

မိုးယံ အပေါ်ထပ်ရှိ သူ့အခန်းရှိရာသို့ တက်သွားတော့ ပိုးယမင်းကလည်း သူမအခန်းထဲ ဝင်လိုက်ကာ အိမ်နေရင်း အဝတ်





အစားလေးတွေကို လဲလိုက်လေသည်။

အခန်းအပြင်ထွက်လာတော့ မေမေ့ကို တွေ့ရသည်။

“မျက်နှာလည်း မကောင်းပါလား သမီး၊ ဘာလဲ မောင်မိုးယံနဲ့ စကားများလာကြတာလား”

“မဟုတ်ပါဘူး မေမေ”

“ဒါဆိုလည်း ပြီးတာပါပဲ၊ သမီးကို မေမေတစ်ခုပြောရဦးမယ်၊ မောင်မိုးယံကိုတော့ တတ်နိုင်သမျှ သည်းညည်းခံကွယ့်၊ သူ့မှာ အဖေ အမေလည်း မရှိဆိုတော့ တစ်ခါတလေ အထီးကျန်လိုဖြစ်နေတော့ စကားပြောအဆင်မပြေဖြစ်မှာ စိုးလို့ပါ”

“သမီးသဘောပေါက်ပါတယ် မေမေ၊ သမီးအဆင်ပြေအောင်နေပါတယ်”

“အေး…သာဓုကွယ်…သာဓု…သာဓု”

“သမီးလေးလေး ပြန်လာရင်စားဖို့ ဒေါ်စိန်ကို ဝိုင်းကူလိုက်ပါဦးကွယ်”

“ဟုတ်ကဲ့ မေမေ”

ပိုးယမင်းမှာ မီးဖိုခန်းထဲသို့ ဝင်လာပြီး ဒေါ်စိန်နှင့်အတူ ကူလုပ်စရာရှိသည်များကို လုပ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှ အိမ်ပြန်ရောက်သည်အထိ စကားတစ်ခွန်းမှ ပြောမသွားသော အစ်ကိုမိုးယံကြောင့် စိတ်ထဲ အားငယ်ဝမ်းနည်းသလိုမျိုး ခံစားရ၏။ တကယ်တော့ အစ်ကိုမိုးယံကို သူမ သံယောဇဉ်တွယ်မိ၏။ တစ်ဦးတည်းသောသမီးဖြစ်သော ပိုးယမင်းမှာ မောင်နှမမရှိသဖြင့် ငယ်ငယ်ကတည်းက အဖော်ငတ်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ကိုယ်ချင်းစာနာစိတ်များဖြင့် မိုးယံကို အစ်ကိုတစ်ယောက်သဖွယ် ခင်မင်သံယောဇဉ်တွယ်မိခြင်းဖြစ်သည်။

ဘာကြောင့်ရယ်မသိ မိုးယံ၏ အေးတိအေးစက်ပုံစံနှင့် အပြုအမူများက သူမရင်ကို ခံစားစေရပါ၏။

ဘာလို့ ပိုးယမင်းကို စကားမပြောချင်ဘဲ နေရတာလဲ အစ်ကိုမိုးယံရယ်။

ပိုး ဘာအပြစ်များ လုပ်မိလို့လဲ။ အတွေးများဖြင့် ပိုးယမင်း အိပ်ပျော်သွားရာမှ မနက်ခင်း အလင်းရောင်ကြောင့် မျက်လုံးလေးတွေ ဖျတ်ခနဲပွင့်ကာ အိပ်ရာမှ နိုးသွားရသည်။

ညက…

မိုးယမင်းတစ်ယောက် အိပ်မက်ထဲတွင် အစ်ကိုမိုးယံနှင့် စကားတွေ ရွှန်းရွှန်းဝေအောင် ပြောရင်း လျှောက်လည်ကြသည်။



အစ်ကိုမိုးယံ၏ မျက်နှာက မနေ့ကလို တင်းမာအေးစက်မနေဘဲ နွေးထွေးဖော်ရွေပြီး ခင်ဖို့ကောင်းလွန်းလှ၏။

အစ်ကိုမိုးယံ၏ နှုတ်ခမ်းလေးတွေ ပြုံးနေသလို မျက်ဝန်းတွေကလည်း ကြင်နာနွေးထွေးခြင်းများနဲ့ လက်ဖြာလို့။

ပိုးယမင်း အိပ်ရာကနိုးတော့ စိတ်ချမ်းသာစရာကောင်းတဲ့ အိပ်မက်ကလေး ပျောက်ကွယ်သွားရသည်။

"ပိုး"

"ပိုး…နိုးပြီလား"

မေမေ့မေးသံ။

"ရှင်…မေမေ"

"နိုးနေပြီလား"

"ဟုတ်…ဟုတ်ကဲ့"

"ထတော့လေ…သမီးလေးလေးနိုးရင် စားသောက်ဖို့ လုပ်ပေးဖို့ မျက်နှာသွားသစ်တော့၊ မေမေ ဘုရားရှိခိုးလိုက်ဦးမယ်"

"ဟုတ်ကဲ့ မေမေ"

အစ်ကိုမိုးယံ အိပ်ရာက မထသေးဘူးထင်သည်။

ကျောင်းပိတ်ရက်ဖြစ်သဖြင့် ပိုးယမင်း အိပ်ရာထ

www.burmeseclassic.com

www.burmeseclassic.com


နည်းနည်းနောက်ကျသွားခြင်းဖြစ်သည်။ မနက်စာအတွက် ပြင်ဆင်ပေးရန် ဒေါ်စိန်နှင့်အတူ လုပ်စရာရှိသည်မို့ သူမ အိပ်ရာထက်မှ ထကာ ရေချိုးခန်းလေးထဲသို့ သွက်သွက်လေး ဝင်ခဲ့မိသည်။

"အမေ့"

"ဘုန်း"

အလောတကြီးလေး ဝင်ခဲ့မိသော ပိုးယမင်းတစ်ယောက် ခြေချော်ကာ ရေချိုးခန်းလေးထဲတွင် ပစ်လဲကျသွားတော့၏။

"အား...ကျွတ်...ကျွတ်"

အရှိန်နှင့်မို့ ပြန်ဝင်မထနိုင်တော့ဘဲ ရေချိုးခန်းကြမ်းပြင်တွင် ထိုင်လျက်သား ရှိနေရသည်။

တင်ပါးဆီမှ အောင့်မျက်သော ဝေဒနာကို ခံစားရင်း နာကျင်မှုကြောင့် ပိုးယမင်း မျက်နှာလေး ရှုံ့မဲ့သွားရ၏။

"ပိုး"

"ပိုး...သမီး၊ ဘာဖြစ်တာလဲ"

မေမေက စိုးရိမ်တကြီး ဝင်လာပြီး ပိုးယမင်းအား ဆွဲထူလိုက်သည်။

"ဘာဖြစ်သွားသေးလဲ သမီး"





"ခြေထောက်...ခြေထောက် နာသွားတယ် မေမေ"

"မထောက်နိုင်ဘူးလား သမီး၊ လာ မေမေ့ကိုတွဲ"

မေမေက သူမကိုယ်လေးကို ဆွဲထူရင်း ဆိုလိုက်ကာ သမီးအတွက် စိုးရိမ်မျက်နှာဖြင့် ရှိနေရသည်။

"ဘာဖြစ်တာလဲ အန်တီ"

"ဩော်...မောင်မိုးယံ၊ မင်းညီမလေး ရေချိုးခန်းအဝင် ခြေချော်လဲသွားလို့ ခြေထောက်နာသွားတယ်ထင်တယ်"

"လမ်းလျှောက်လို့ရလား"

"မရဘူးထင်တယ်၊ ခြေထောက်က တော်တော်နာသွားတာ"

မိုးယံက ပိုးယမင်း၏ ရှုံ့မဲ့နေသော မျက်နှာလေးကိုကြည့်ကာ မေးလိုက်သဖြင့် သူမ ဖြေလိုက်သည်။

"နေ...နေ အန်တီ၊ ကျွန်တော်ပွေ့ခဲ့မယ်"

ပြောပြောဆိုဆို မိုးယံက ပိုးယမင်း၏ ခန္ဓာကိုယ်လေးကို ရွေ့ခနဲနေအောင် ပွေ့ချီလိုက်သည်။

"အို"

ပိုးယမင်းရဲ့ ရင်လေး လှိုက်ခနဲ ခုန်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com

လက်တစ်ဘက်ကလည်း အလန့်တကြားဖြင့် မိုးယံ၏ လည်ဂုတ်ဆီသို့ သိုင်းဖက်မိသွားရသည်။

လုံးဝထင်မှတ်မထားသော အခြေအနေတစ်ခုကြောင့် ပိုးယမင်း ဘာစကားသံမှ မထွက်နိုင်ဘဲ တိတ်ဆိတ်နေမိသည်။ မိုးယံမှာ ပိုးယမင်းအား ကလေးငယ်လေးတစ်ယောက်လို မချီလျက် သူမ၏ အခန်းလေးအတွင်းသို့ ခေါ်လာခဲ့သည်။

မိုးယံမျက်နှာဆီသို့ ဖျတ်ခနဲ မော့ကြည့်မိတော့ သူမအား ငုံ့မိုးကြည့်နေသော မိုးယံ၏ မျက်လုံးများနှင့် အကြည့်ချင်း ဆုံသွားရ၏။ မျက်လုံးချင်း ရင်မဆိုင်ရဲစွာ မျက်လွှာလေးချလိုက်မိသူက ပိုးယမင်းပါပဲ။

ပိုးယမင်းအား သူမ၏ ကုတင်လေးထက်ဝယ် ညင်သာစွာ ချလိုက်ပြီးနောက်…

"ကျွန်တော် ဆရာဝန် ခေါ်လိုက်မယ်နော်"

"ကျေးဇူးပါပဲ သားရယ်"

မေမေ့အား ပြောလိုက်ပြီးနောက် မိုးယံမှ သူမအား တစ်ချက်လေးမျှပင် ကြည့်ဖော်မရတော့ဘဲ အခန်းအပြင်သို့ ထွက်သွားလေသည်။





မကြာမီ လေးလေးဦးရဲထွဋ် ရောက်လာပြီး…

"ဘယ်လိုဖြစ်တာလဲ သမီးရယ်"

"မိုးယံတော့ ဆရာဝန် သွားခေါ်နေပြီနော်၊ ခဏလေး"

ဆရာဝန် ရောက်လာတော့ ပိုးယမင်း၏ ချော်လဲသည့် ဒဏ်ကြောင့် နာနေသည့် ခြေထောက်ကို ပတ်တီးစည်းပေးသည်။

ဆရာဝန်ပြန်သွားတော့ မေမေက…

"သမီးပိုး…ကျောင်းတစ်ပတ်လောက် မတက်ဘဲ နေရလိမ့်မယ်၊ ခြေထောက် ကောင်းသွားမှပဲ ကျောင်းပြန်တက်နော်"

ချော်လဲသော ဒဏ်ရာနှင့် ပိုးယမင်းတစ်ယောက် အိပ်ရာထဲ လှဲနေခဲ့ရ၏။

မိုးယံကတော့ ချော်လဲသည့်နေ့က ပိုးယမင်းအား စိုးရိမ်တကြီး ကူညီသလောက် နောက်နေ့များတွင်တော့ သူမအခန်းသို့ တစ်ချက်ကလေးတောင် လာကြည့်ဖော်မရ။

သူနှင့်မဆိုင်သလို နေတတ်သော မိုးယံဆိုသည့် သူ့ကို တစ်ခါတစ်လေတော့ ဒေါသလေးတွေ ဖြစ်ချင်မိရပါသည်။ အေးပေါ့လေ…ပိုးယမင်းဆိုတဲ့ ကောင်မလေးတစ်ယောက်ဟာ သူ့အတွက် ဘာမှအရေးပါတဲ့သူတစ်ယောက်မှ မဟုတ်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



''ဒေါက်···ဒေါက်''

''မေမေလား···ဝင်ခဲ့လေ၊ တံခါးစေ့ရုံစေ့ထားတာ''

''ကျွို''

တံခါးလေး ဖွင့်ကာ ဝင်လာသူက နန္ဒာနှင့် သူရိန်တို့ ဖြစ်သည်။

''ဟယ်···နန္ဒာ''

မမျှော်လင့်ဘဲ နန္ဒာကို တွေ့လိုက်ရသဖြင့် သူမ အံ့သြဝမ်းသာသွားရ၏။

''ဘယ်လိုဖြစ်တာလဲ ပိုးရယ်၊ ရေချိုးခန်းမှာ ချော်လဲရတယ်လို့''

''သတိမထားတော့ ခြေချော်သွားတာပါ''

''ဘယ်လိုလဲ သက်သာရဲ့လား''

''အင်း···သက်သာပါတယ်၊ နောက်တစ်ရက် နှစ်ရက်ဆိုကောင်းသွားမှာပါ၊ ထိုင်ကြလေ သူရိန်လည်းထိုင်လေ''

ကုတင်ပေါ်တွင် ခေါင်းအုံးလေးကို မှီရင်း ရှိနေရသော ပိုးယမင်းက နန္ဒာတို့ကို ထိုင်ခိုင်းလိုက်သည်။

စာကြည့်စားပွဲရှိ ထိုင်ခုံလေးများပေါ်တွင် နန္ဒာနှင့် သူရိန်





တို့က ထိုင်လိုက်ကြရင်း···

''ခြေထောက်ကအရိုးတွေ ဘာတွေများ အက်သွားသေးလား၊ ဆရာဝန်က ဘာပြောလဲ''

''မအက်ပါဘူး၊ ခြေခေါက်သွားတော့ အကြောနည်းနည်းနာသွားရုံသက်သက်ပါ၊ စားဆေးတွေတော့ ပေးသွားတယ်''

''အမယ်လေး···သူရိန်တို့များ အစိုးရိမ်ပိုနေတာ၊ အမြင်တောင် ကတ်လာပြီ''

သူရိန်၏ အမေးစကားကို ပိုးယမင်းက ဖြေလိုက်တော့ နန္ဒာက ပြုံးစိစိဖြင့် ဝင်ပြောပြန်၏။

''နင်တို့ ငါဒီလိုဖြစ်တာကို ဘယ်လိုလုပ်သိတာလဲ''

''ဩော်···ယောက်မရယ်၊ ညည်းအစ်ကိုကို တို့သွားမေးတာပေါ့''

နန္ဒာက အပြုံးတစ်ဝက်ဖြင့် ပြန်ဖြေသည်။

''မေမေနဲ့ အပြင်မှာတွေ့လား''

''တွေ့ခဲ့တယ်၊ နန္ဒာတို့အတွက် ကော်ဖီသွားဖျော်နေတယ်ထင်တယ်''

ခဏကြာတော့ မေမေနှင့်အတူ ကော်ဖီဗန်းကိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်ပါ အခန်းထဲ ဝင်လာကြသည်။

"သမီးသူငယ်ချင်းတွေအတွက် ကော်ဖီဖျော်လာတာ"

"ရပါတယ် အန်တီရယ်၊ အားနာစရာ"

"အားနာစရာမလိုပါဘူးကွယ်၊ သမီးသူငယ်ချင်းတွေနဲ့ အေးအေးဆေးဆေး စကားပြောကြ၊ သမီးတို့လည်း ဒီမှာပဲ ထမင်း စားလိုက်ကြနော်"

"ကျေးဇူးပဲအန်တီ…မစားတော့ဘူး၊ ပိုးအခြေအနေလာ ကြည့်တာ၊ စာတွေအတွက်လည်း ဘာမှမပူနဲ့၊ နန္ဒာတစ်ယောက်လုံး ရှိတယ် သိလား"

"ကဲ…ကဲ ဒါဆိုလည်း ကော်ဖီသောက်လိုက်ကြဦး၊ သူငယ်ချင်းတွေနဲ့ အေးအေးစကားပြောလိုက်ကြနော်"

မေမေနှင့် ဒေါ်စိန်က အခန်းထဲက ပြန်ထွက်သွားကြတော့

"နန္ဒာတို့ကတော့ ကိုမိုးယံမျက်နှာနဲ့ အရမ်းကိုသွက်နေ တာပဲဟေ့"

"ကောင်စုတ်…နှင်နော် နင်လည်း ပိုးမျက်နှာကို တွေ့ချင် လွန်းလို့ပါဆိုပြီး ငါ့ကို အတင်းပူဆာနေတာမဟုတ်လား"

နန္ဒာ့စကားကြောင့် သူရိန်က အရှက်ပြေ ရယ်မောလိုက်





ပြီး ပိုးယမင်း မျက်နှာလေးကို ငေးမောကြည့်လိုက်လေသည်။

"နန္ဒာကလည်းဟာ"

ပိုးယမင်းမျက်နှာလေး ရဲခနဲဖြစ်သွားရကာ နန္ဒာကို လှမ်းဟန့်လိုက်ရလေသည်။

နန္ဒာနှင့် သူရိန်တို့အား အစ်ကိုမိုးယံနှင့် သူမအကြောင်း တွေကို သေချာရှင်းပြမနေတော့ပါ။ သူတို့ထင်သလိုပင် မောင်နှမ အရင်းများ မဟုတ်ပေမယ့် လက်ရှိအခြေအနေက မောင်နှမများပင် မဟုတ်ပါလား။

"ပိုးအစ်ကို ကိုမိုးယံက တစ်မျိုးပဲနော်၊ ပိုး ကျောင်းမတက် လို့ သွားမေးတာကိုတောင် လူကို မပြောချင်သလို ပြောချင်သလို ပုံစံမျိုးနဲ့"

"အစ်ကိုမိုးယံက ဒီလိုပဲ နေတတ်လို့ပါဟာ"

နန္ဒာ့အပြောကို ပိုးယမင်းက ဖာထေးကာ ပြောလိုက်ရ သည်။ တကယ်ဆို အစ်ကိုမိုးယံက လူတစ်မျိုးဆိုတာကို တွေ့စ ကတည်းက ပိုးယမင်းတစ်ယောက် သိနေသည်ပဲလေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဒီလိုနှင့် တက္ကသိုလ်စာမေးပွဲတွေလည်း နီးလာပြ

ပိုးယမင်းမှာ ပထမနှစ်တက္ကသိုလ် စာမေးပွဲကို ဖြေဆိုဖို့ နီးကပ်လာ

ပြီဖြစ်သလို မိုးယံမှာလည်း နောက်ဆုံးနှစ်စာမေးပွဲကို ဖြေဆိုရတော့

မည်ဖြစ်သည်။

ဒီကြားထဲ ပိုးယမင်းကို သူရိန်က စိတ်ဝင်စားနေသည့်

အရိပ်အယောင်များ ပြသော်လည်း ပိုးယမင်းကတော့ ဘာကို

စိတ်မဝင်စားနိုင်သေး။

အစ်ကိုမိုးယံနှင့် ပိုးယမင်းတို့ ဆက်ဆံရေးက ပို၍ရင်းနှီး

လာသယောင် ရှိပေမယ့်လည်း အစ်ကိုမိုးယံဘက်ကတော့

လှုိက်လှိုက်လှဲလှဲ သိပ်မရှိလှဟု သူမ တွေးထင်ထားလေသည်





အစ်ကိုမိုးယံ စာမေးပွဲဖြေပြီးလျှင် သူ၏သူငယ်ချင်းဖြစ်သူ စိုးမင်းနှင့် မြစ်ကြီးနားဘက် အလည်လိုက်သွားမည်ဟု သိရသည်။

ကိုစိုးမင်းက မြစ်ကြီးနားဇာတိဖြစ်သည်။

လေးလေးဦးရဲထွန်းမှာလည်း တူဖြစ်သူ မိုးယံ စိတ်ပြေလက်ပျောက်ဖြစ်စေဖို့အတွက် ခရီးထွက်မည့်ကိစ္စကို ခွင့်ပြုထားပြီဖြစ်သည်။

ဝရန်တာ လေသာဆောင်တွင် ထိုင်၍ စာကြည့်နေသော မိုးယံအနားသို့ ပိုးယမင်းတစ်ယောက် လျှောက်လာခဲ့သည်။

သူမခြေသံကြောင့် မိုးယံက စာကြည့်နေရာမှ သူမကို လှမ်းကြည့်လာသည်။

"အစ်ကိုမိုးယံ…စာမေးပွဲပြီးသွားရင် မြစ်ကြီးနားဘက် သွားမလို့ဆို"

"ဘယ်သူပြောလဲ"

"မေမေပြောပြလို့ပါ"

"ပိုး…ဘာမှာစရာရှိလို့လဲ"

"ဘာမှတော့ မှာစရာမရှိပါဘူး၊ ဟိုမှာ ဘယ်လောက်ကြာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်သေးဘူး ပိုးရယ်၊ သူငယ်ချင်းစိုးမင်း အပြန်မှာလိုက်သွားပြီး ဟိုမှာ ပျော်သလောက်နေမယ်လို့ ဆုံးဖြတ် ထားတယ်"

မိုးယံစကားကြောင့် ပိုးယမင်းမျက်နှာလေး ညှိုးသွား သည်။ မိုးယံမှာ ပိုးယမင်းမျက်နှာလေးကို မကြည့်ဘဲ အဝေးတစ် ရာသို့ မျှော်ငေးကြည့်နေရင်းက…

"ကိုယ်ငယ်ငယ်ကတည်းက တင်ယောက်တည်း အထီး ကျန်နေခဲ့ရတယ်၊ ဘယ်မှလည်း ကိုယ်မသွားခဲ့ဘူး၊ ခုတော့ ကျောင် လည်းပြီးသွားပြီဆိုတော့ စိတ်သစ်ကိုယ်သစ်နဲ့ ခရီးတစ်ခုတော ထွက်ချင်တယ်"

"ဒီပတ်ဝန်းကျင်ကနေ ခဏလောက် ထွက်ပြီး အပြ လောကကြီးကို လေ့လာလိုက်ချင်တယ်၊ ဒါကြောင့် ပျော်သလော နေမယ်လို့ ပြောတာ"

"ပိုးတို့ကို ကြာကြာတော့ ခွဲမသွားပါနဲ့နော်"

"ကိုယ်ပြန်လာမှာပါ ပိုးရယ်၊ ကဲ ဒါတွေထားပါ၊ ပိုးဓေ စာတွေလိုက်နိုင်ရဲ့လား"

"လိုက်နိုင်ပါတယ် အစ်ကိုမိုးယံ"





"ကိုယ်သွားရင် လေးလေးတို့ အန်တီတို့ကို သေချာ ဂရုစိုက်လိုက်ပါ"

"စိတ်ချပါ အစ်ကိုမိုးယံရယ်"

မိုးယံနှင့် ပိုးယမင်းတို့ စာမေးပွဲဖြေပြီး တစ်ပတ်အကြာ တွင် မိုးယံမှာ သူငယ်ချင်း စိုးမင်းနှင့်အတူ မြစ်ကြီးနားဘက်သို့ လိုက်သွားခဲ့သည်။

"မိုးယံ…သား ကျန်းမာရေးတော့ ဂရုစိုက်နော်"

"ဟုတ်ကဲ့ပါ လေးလေး"

"ပိုးနဲ့အန်တီကော ကျွန်တော်သွားပြီနော်"

"ကောင်းပါပြီကွယ်၊ ဖုန်းလည်း မကြာခဏ ဆက်ပေါ့ ကွယ်"

"စိတ်ချပါ အန်တီနဲ့ဦး၊ မိုးယံကို ကျွန်တော် သေချာ ခေါ်သွားပါ့မယ်၊ ဘာမှစိတ်မပူပါနဲ့၊ ဒီကောင်ကြီး ပျော်သလောက် နေမယ်လို့ ကျွန်တော့်ကိုပြောထားတယ်"

ကားပေါ်သို့ ပစ္စည်းပစ္စယများ တင်နေရင်းက စိုးမင်းက ပြောလိုက်သည်။

ခရီးထွက်မည်ဖြစ်သဖြင့် မိုးယံ၏ကားလေးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သေချာပြင်ဆင်ထားပြီးဖြစ်သည်။

ခရီးဝေးသို့ သွားရန်အတွက် ယေ်ရှော့တွင် စိတ်တိုင်းကျပြင်ဆင်ထားသော မိုးယံ၏ကားလေးမှာ မြင်းစောင်းမှလွတ်တော့မည့် မြင်းလေးပမာ ကြွရွနေလေသည်။

မိုးယံနှင့်စိုးမင်းတို့ တစ်ယောက်တစ်လှည့် မောင်းပြီးသွားရန် တိုင်ပင်ထားပြီးဖြစ်သည်။

ပိုးယမင်းမှာတော့ လက်ကလေးတပြပြနှင့် ထွက်ခွာသွားသော မိုးယံ၏ကားလေးကိုကြည့်ပြီး သူမရင်ထဲဝယ် ဟာတာတာလေး ဖြစ်ကျန်နေရစ်ခဲ့တော့သည်။

အစ်ကိုမိုးယံရယ် ပိုးယမင်းဆိုတဲ့ ကောင်မလေးကို အကြာကြီးခွဲမသွားပါနဲ့။

"မိုးယံ...မင်းညီမလေးတော့ သနားပါတယ်ကွာ၊ မင်းမျက်နှာကိုကြည့်ပြီးတော့ မျက်နှာငယ်လေးနဲ့"

မိုးယံမှာ ကားမောင်းနေရင်းမှ စိုးမင်းပြောသော စကားတွေကို နားထောင်ကာ ပိုးယမင်း၏ မျက်နှာလှလှလေးကို ဖျတ်ခနဲ ပြန်မြင်ယောင်လိုက်သည်။

အနေကြာလာတော့ ပိုးယမင်းကို သူ့ညီမလေးတစ်ယောက်





သဖွယ် သံယောဇဉ်တွယ်မိပါသည်။

မောင်နှမမရှိသော ပိုးယမင်းကလည်း သူ့အား အစ်ကိုတစ်ယောက်သဖွယ် တွယ်တာနေပုံရလေ၏။

"ဘယ်လိုလဲ မိုးယံ၊ ငါပြောသလို မင်းလေးလေး စီမံသိန်းအတိုင်း မင်း အကောင်အထည်ဖော်သင့်တယ်ထင်တယ်"

"တော်ပါ စိုးမင်းရာ၊ ကိုယ့်ဘာသာပဲ အေးအေးဆေးဆေးနေပါရစေကွာ"

"မင်းတစ်ယောက်တည်း အထီးကျန်နေမယ့်ဘဝကို ကိုယ်ချင်းစာလို့ပါကွာ"

"မင်း ကိုယ်ချင်းစာတာကို ကျေးဇူးတင်ပါတယ်ကွာ၊ ဒါကြောင့်လည်း မင်းနဲ့လိုက်ခဲ့ဖို့ ငါ ဆုံးဖြတ်ခဲ့တာပေါ့"

"ငါ့ဆီမှာ မင်းပျော်သလောက်နေ၊ ဘာမှ အားနာစရာမလိုဘူး"

စိုးမင်းက ဆယ်တန်းနှစ်ကတည်းက ရန်ကုန်နှင့် မြစ်ကြီးနား သွားလိုက်လာလိုက်နေခဲ့သူဖြစ်သည်။ ရန်ကုန်ရှိ အဒေါ်ဖြစ်သူအား မိုးယံတို့နှင့် တစ်ရပ်ကွက်တည်း။ အဒေါ်ဖြစ်သူ အမျိုးသားကလည်း စိုးမင်းကို ချစ်သည်။ သားသမီးတွေ မထွန်းကားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ိုးမင်းကို သားအရင်းတစ်ယောက်လို ချစ်သည်။

ထို့ကြောင့် ဆယ်တန်းနှစ်ကတည်းက မိုးယံနှင့် စိုးမင်းတို့ ခင်မင်လာခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်ရောက်တော့လည်း မေဂျာတူ၊ အတန်းတူ ဖြစ်ခဲ့သဖြင့် ငယ်ပေါင်းသူငယ်ချင်းများလို ခင်မင်ခဲ့ကြခြင်းဖြစ်သည်။

စိုးမင်းအဖေ၊ အမေများကတော့ မြစ်ကြီးနားမှာပင် ကျောက်လုပ်ငန်း လုပ်ကြသူများဖြစ်သည်။

"မိုးယံ…မင်းသြောင်းရင် ငါ တစ်လှည့်မောင်းပေးမယ်နော်"

"ပဲခူးရောက်မှ မင်းမောင်းပေါ့"

မိုးယံနှင့် စိုးမင်းတို့ ပဲခူးရောက်တော့ ခရီးတစ်ထောက်နားလိုက်ကြ၏။

"မိုးယံ…မင်း အခုချိန်ထိ ရည်းစားတစ်ယောက်မှ မထားသေးဘူးနော်"

စိုးမင်းက ဘီယာဗူးကို တစ်ကျိုက်မော့လိုက်ရင်းက မိုးယံအား မေးလိုက်သည်။

စိုး : မိုး : ၀၁၉၆ပ

"အဲဒီကိစ္စတွေကို ငါမှ စိတ်မဝင်စားတာ"

"မင်းကိုကြွေနေတဲ့ မိန်းကလေးတွေ ကျောင်းတုန်းကလည်း အများသားကွ"

"ဟား…ဟား ငါတောင် သတိမထားမိဘူး"

"မင်းကတော့ ဘယ်သိမလဲ၊ ကျောင်းမှာ မင်းက မိန်းကလေးတွေကြားထဲမှာ ပေါ်ပြူလာပဲကွ"

"တော်ပါ စိုးမင်းရာ၊ သောက်မှာသာ အေးအေးဆေးဆေး သောက်စမ်းပါ"

မိုးယံတို့နှစ်ယောက် စားသောက်ပြီးနောက် ပဲခူးက ထွက်ခဲ့ကြသည်။

ခရီးလမ်းတစ်လျှောက် မိုးယံနှင့် စိုးမင်းတို့ ကားကို တစ်ယောက်တစ်လှည့်စီ မောင်းလာခဲ့ကြသည်။

မန္တလေးတွင် တစ်ညအိပ်ကြပြီးနောက် နောက်တစ်နေ့ ခရီးဆက်ခဲ့ကြသည်။

"စိုးမင်း…မင်းပင်ပန်းနေပြီထင်တယ်၊ ငါ တစ်လှည့် မောင်းပေးမယ်"

"ရပါတယ် သူငယ်ချင်းရာ၊ ငါ့အတွက် ဒီလမ်းတွေက

စိုး : မိုး : ၀၁၉၆ပ

www.burmeseclassic.com

www.burmeseclassic.com



ရိုးနေပါပြီ၊ ပင်ပန်းရင် ငါ့အတွက် ဒီမှာ အားဖြည့်မယ့်ဗူးတွေ ပါနေတာပဲ"

ဘီယာဗူးကတ်များအား ပုတ်ပြကာ စိုးမင်းက ပြောလေသည်။

"သိပ်သောက်မနေနဲ့ဦး စိုးမင်း၊ လမ်းတွေက တောင်တက်လမ်းတွေ ဖြစ်နေပြီ"

"မစိုးရိမ်ပါနဲ့ သူငယ်ချင်းရာ၊ အေးဆေးပါ"

စိုးမင်းက စကားတပြောပြောဖြင့် ကားလေးကို ကျင်လည်စွာ မောင်းနေသဖြင့် မိုးယံမှာ ကားလမ်းဘေးတွင်မြင်ရသော ရှုမျှော်ခင်းများကိုသာ ကြည့်ရင်း လိုက်ပါလာခဲ့သည်။

မိုးယံအတွက် မြင်နေရသော ရှုခင်းများက သူ့စိတ်ကို ကြည်လင်လန်းဆန်းစေပါသည်။

မိုးယံအတွက် သည်ခရီးသည် သူ့ဘဝအတွက် ပထမဆုံး ထွက်ဖူးသော ခရီးရှည်တစ်ခုသာ ဖြစ်သည်။

မြင်တွေ့နေရသော စိမ်းစိုညိုမှိုင်းသော သစ်ပင်တောအုပ်များ၊ တိမ်တောင်တိမ်လိပ်များက အပြာရောင် မိုးသားကောင်းကင်နှင့် လိုက်ဖက်စွာ လှပသက်ဝင်နေသော ပန်းချီကားတစ်ချပ်ပမာ





ရှိနေကြလေသည်။

မိုးယံတို့ ကားလေးသည် လမ်းပေါ်တွင် လျင်မြန်သော အရှိန်ဖြင့် ပြေးလွှားလျက်ရှိသဖြင့် ပတ်ဝန်းကျင် ရှုခင်းများက တရိပ်ရိပ်ဖြင့် နောက်တွင် ကျန်ရစ်ခဲ့ကြသည်။

ကားပြတင်းမှ တိုးဝင်လာသော လေနှင့်အတူ မိုးသက်ရနံ့များရလာပြီး ကောင်းကင်တစ်ခုလုံး ရုတ်တရက် ညိုမှောင်လာသည်။

ရုတ်တရက် ပြောင်းလဲလာသော ပတ်ဝန်းကျင်အခြေအနေကို မိုးယံတစ်ယောက် သတိထားမိလိုက်သည်။

"စိုးမင်း…မိုးရွာတော့မယ်ထင်တယ်၊ ကားကို အရှိန် နည်းနည်း လျှော့လိုက်ဦး"

မိုးယံ ပြောလိုက်သဖြင့် စိုးမင်းက ကားကို အရှိန်လျှော့လိုက်သည်။

မကြာမီ မိုးက သည်းသည်းထန်ထန် ရွာလာလေသည်။

ညိုမှိုင်းသော ပတ်ဝန်းကျင်နှင့် သည်းထန်စွာရွာနေသော မိုးတို့ကြောင့် ကားရှေ့မြင်ကွင်းက မသဲမကွဲဖြစ်လာနေသဖြင့်…

"ရှေ့မီးကြီး ဖွင့်မောင်း စိုးမင်း၊ ရှေ့မြင်ကွင်းက သိပ်မ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဘူး”

ကားရှေ့မီးဖွင့်ကာ မြင်ကွင်းကို သေချာကြည့်ပြီး စိုးမင်းမှာ ကားကို ဂရုတစိုက် မောင်းနေရသည်။

မိုးယံတို့၏ ကားလေး ရှေ့အကွေ့သို့အရောက် ရုတ်တရက် တစ်ဖက်မှဝင်လာသော ကားကြီးတစ်စီးကြောင့် စိုးမင်းက ကားလေးကို ဘေးသို့ဆွဲအချ…

“ကျွီ”

“ဝေါ”

“ဂျိန်း”

မိုးရေတို့ဖြင့် စိုစွတ်နေသော ကားလမ်းပေါ်မှ မိုးယံတို့၏ ကားလေးသည် တစ်ဖက်ချောက်ကမ်းပါး အစွန်းထဲသို့ ထိုးကျသွားလေသည်။

ကားနှင့်အတူပါသွားသော မိုးယံမှာ အသည်းထဲ အေးခနဲဖြစ်သွားကာ နောက်ဆုံး သတိတစ်ချက်ဖြင့် ကားတံခါးကို ဆွဲဖွင့်လိုက်သည့်ခဏ ပြင်းထန်သော အသံများနှင့်အတူ မိုးယံ လောကကြီးနှင့် အဆက်ပြတ်သွားလေတော့သည်။

◆ ◆ ◆



## အခန်း (၄)

ခေါင်းထဲ၌ တဒီဒီအော်မြည်သံနှင့် သူ သတိရလာကာ မျက်လုံးဖွင့်ကြည့်လိုက်သည်။

“သတိရလာပြီလား”

“အင်း”

ခေါင်းထဲ၌ ကိုက်ခဲမူးဝေနေသော ဝေဒနာကို ခံစားနေရ၏။ ဖြူဖွေးသော မျက်နှာကျက်ဆီမှ အကြည့်လွှဲပြီး သူ့ဘေးနားတွင် ရပ်နေသော ဥပဓိရုပ်ခန့်ညားသော လူကြီးထံ အကြည့်ရောက်၏။

“ကျွန်တော်…ဘယ်ရောက်နေတာလဲ”

“ဦးရဲ့အိမ် ရောက်နေတာပါ၊ ဘာမှမစိုးရိမ်ပါနဲ့၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပြီး လှုပ်လှုပ်ရှားရှား မလုပ်ပါနဲ့ဦး"

ထိုလူကြီး၏စကားကြောင့် တင်းကြပ်နေသော ဦးခေါင်းကို လက်ဖြင့် အသာစမ်းကြည့်လိုက်သည်။

ဦးခေါင်းမှာ ပတ်တီးစည်းထားသလို လက်နှင့်ခြေထောက်တချို့တွင်လည်း ပတ်တီးဖြူဖြူများကို တွေ့ရသည်။

"မောင့်ရင်နာမည် ဘယ်သူလဲ၊ ဦးနာမည်က ဦးထက်ကောင်းပါ"

ဦးထက်ကောင်းဆိုသော ပုဂ္ဂိုလ်က သူ့ကိုယ်သူ မိတ်ဆက်ပေးနေသည်။

နာမည်…သူ့နာမည် ဘယ်သူလဲ။

ခေါင်းထဲမှ သူ့နာမည်ကို အပြေးအလွှား စဉ်းစားကြည့်နေမိသည်။ ဘာမှစဉ်းစား၍မရ။ စဉ်းစားလေ ခေါင်းမှာ ပိုမိုမူးဝေကိုက်ခဲလေ ဖြစ်လာသည်မို့ စဉ်းစားခြင်းကို ရပ်တန့်ပစ်လိုက်ရသည်။

"ကျွန်တော်…ကျွန်တော့်နာမည် ဘယ်သူလဲ"

"ဟင်"

သူ့စကားကြောင့် ဦးထက်ကောင်း အံ့သြသွားပုံရ၏။





"မောင်ရင့်နာမည်တောင် မောင်ရင် မသိဘူးလား"

"ကျွတ်…ကျွတ် ကျွန်တော် ဘာမှစဉ်းစားလို့မရဘူး၊ ကျွန်တော် ဘာဖြစ်လာတာလဲ"

ဦးထက်ကောင်းက အခြေအနေကို သဘောပေါက်သွားဟန်တူသည်။

"မောင်ရင့်ကို လမ်းကွေ့ချောက်အစွန်းမှာ ဒဏ်ရာတွေနဲ့တွေ့တာပဲလေ၊ ဒဏ်ရာပြင်းထန်ပြီး သတိမေ့နေတဲ့ မောင်ရင့်ကိုတွေ့လို့ ဦး ကားနဲ့တင်ခေါ်လာခဲ့တာ"

"မောင်ရင် ဘာတွေဖြစ်ခဲ့လဲ"

"ကျွန်တော် ဘာမှအမှတ်မရတော့ဘူး"

"အေးလေ…မမှတ်မိရင်လည်း သိပ်ပြီးစဉ်းစားမနေနဲ့ဦး၊ သက်တောင့်သက်သာနေပါ"

"အောင်မောင်းရေ"

"ဗျာ…ဆရာ"

"ဒီမှာ လူနာသတိရလာပြီ၊ အားရှိသွားအောင် ကြက်စွပ်ပြုတ် ယူလာခဲ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



၇

ဦးထက်ကောင်းက အခန်းဝမှ ဝင်လာသော မအောင်မောင်း ဆိုသောလူကို ပြောလိုက်သဖြင့် ထိုလူ ပြန်ထွက်သွားသည်။

မကြာမီ စွပ်ပြုတ်ပန်းကန်နှင့်အတူ ကိုအောင်မောင်း ပြန်ရောက်လာသည်။

"သောက်လိုက်ဦး မောင်ရင်၊ အားရှိသွားအောင်"

ကိုအောင်မောင်း ပေးလာသော ပန်းကန်ကိုယူ၍ သူ ဇွန်းဖြင့် ခပ်သောက်လိုက်သည်။

တကယ်တော့ မိုးယံမှာ ကားလမ်းဘေး ချောက်ထဲသို့ ထိုးကျသွားသည့်အထဲ ပါမသွားဘဲ သေကံမရောက် သက်မပျောက် ဖြစ်ကာ ချောက်ကမ်းပါးအစွန်းတွင် တင်ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

သို့ပေမယ့် ဦးခေါင်းတွင် ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိသွားခဲ့သဖြင့် မိုးယံ ဘာကိုမှ သတိမရတော့ဘဲ အတိတ်မေ့သွားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်...ဘာမှစဉ်းစားလို့ မရတဲ့အတွက် ခွင့်လွှတ်ပါ ဦး၊ ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့ဦးကို ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးကွယ်၊ လူ့အသက်တစ်ချောင်းဆိုတာ ရခဲပါ





တယ်"

"မောင်ရင် ကံအများကြီးကောင်းတယ်၊ ဦးတို့နဲ့သာ တွေ့တဲ့အချိန် နောက်ကျသွားခဲ့ရင် သွေးထွက်လွန်ပြီး ဒုက္ခရောက်သွားနိုင်တယ်လို့ ဆရာဝန်ကပြောတယ်"

"ကျွန်တော့်မှာ အမေမွေးတဲ့အသက် မရှိတော့ပါဘူး၊ ဦးလေးပေးတဲ့ အသက်ပဲ ရှိပါတော့တယ်"

"အဲဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ၊ မောင်ရင်နဲ့ ဦးတို့အတွက် ကံတရားက ဒီလိုပဲဆုံတွေ့ဖို့ ဖန်တီးပေးလိုက်တာလို့ပဲ သဘောထားပါ"

"ကဲ...အေးအေးဆေးဆေး အနားယူလိုက်၊ ဘာမှ စိတ်သောကရောက်မနေပါနဲ့၊ ဦးအိမ်မှာ မောင်ရင်ကြိုက်သလောက် လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်"

ဦးထက်ကောင်းဆိုသော ပုဂ္ဂိုလ် ထွက်သွားတော့ သူ တစ်ယောက်တည်း စဉ်းစားနေမိသည်။

သူ ဘာဖြစ်ခဲ့သည်ဆိုတာကိုလည်း လုံးဝမမှတ်မိ။ သူ့အခြေအနေက ဘာပဲဖြစ်ဖြစ် မီးစင်ကြည့်ကရတော့မည့် အနေအထား။



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီးနောက် ဘာမှမတွေးတော့ဘဲ မျက်စိနှစ်ဖက်ကို မှိတ်ပစ်လိုက်သည်။

မကြာမီ သူ နှစ်ခြိုက်စွာ ပြန်လည်အိပ်မောကျသွားလေသည်။

ဦးထက်ကောင်း၏ အိမ်ကြီးတွင် တစ်ပတ်ကျော်ခန့်နေပြီးနောက် သူ လူကောင်းတစ်ယောက်နီးပါး ပြန်ကောင်းလာခဲ့ပေမယ့် အတိတ်က ဖြစ်စဉ်များကိုတော့ သူ ဘာမှစဉ်းစားမရ။

"ခင်ဗျား ကျန်းမာရေး တော်တော်ပြန်ကောင်းလာပြီနော်"

"ဟုတ်တယ် ကိုအောင်မောင်း၊ ဒီလိုကောင်းလာတာလည်း ခင်ဗျားတို့ရဲ့ ကျေးဇူးတွေကြောင့်ပေါ့ဗျာ"

"ခင်ဗျား ဘာဖြစ်ခဲ့တယ်ဆိုတာကို လုံးဝမမှတ်မိဘူးလား"

"အဲဒါခက်တာပဲ ကိုအောင်မောင်းရေ၊ ကျွန်တော် စဉ်းစားလေ ခေါင်းမူးလေပဲ၊ ကျွန်တော် ဘာဖြစ်ခဲ့တယ်ဆိုတာကို သတိရဖို့ထက် ကျွန်တော့်နာမည်ကိုတောင် ကျွန်တော် အခုထိ စဉ်းစားမရဘူး ဖြစ်နေတယ်"

"စဉ်းစားလို့မရရင်လည်း ခေါင်းကိုက်ခံပြီး စဉ်းစားမနေ



ပါနဲ့၊ ဒီအိမ်ကြီးမှာ ဆရာဦးထက်ကောင်းနဲ့ ကျွန်တော် နှစ်ယောက်တည်းရှိတာ၊ ခင်ဗျားရှိတော့ ကျွန်တော်တောင် အဖော်ရသေးတယ်"

"ဦးလေးဦးထက်ကောင်းမှာ သားသမီး မိသားစုမရှိဘူးလား"

"ရှိတော့ရှိတယ်၊ ဘယ်လိုပြောရမလဲ"

"ပြောချင်သလိုသာ ပြောဗျာ ကိုအောင်မောင်း"

"ဟဲ...ဟဲ ဇာတ်လမ်းက နည်းနည်းရှုပ်တော့ ဘယ်က စပြောရင်ကောင်းမလဲလို့ စဉ်းစားနေလို့ပါ၊ ဒီလိုဗျာ"

"ဆရာ ဦးထက်ကောင်းက ကျောက်လောကမှာ နာမည်ကြီးလူတစ်ယောက်ပါ၊ ဆရာ့မှာ ဆရာကတော်ဆုံးသွားပြီးနောက်ပိုင်း ကျောက်လောကက ဆရာ အနားယူလိုက်တယ်၊ ဆရာ ထူထောင်ခဲ့တဲ့ လုပ်ငန်းတွေကိုတော့ ဆရာ့သမီးက ဆက်ဦးစီးပြီး လုပ်ကိုင်နေတယ်၊ ဒီခြံကြီးမှာ ဆရာ အေးအေးဆေးဆေး အနားယူပြီး ဘုရား၊ တရားအလုပ်တွေကိုပဲ လုပ်တော့တယ်၊ သူ့သမီးဆီတော့ တစ်ခါတလေ သွားလိုက်လာလိုက် လုပ်တာပေါ့၊ ခင်ဗျားနဲ့တွေ့တုန်းက ဆရာသမီးဆီကို သွားမလို့"

"ကျွန်တော့်ကို ဘယ်လိုလုပ်ပြီး တွေ့တာလဲ"

ဝိုး : မိုး : ၀၇၆

ဝိုး : မိုး : ၀၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပြောတာပေါ့၊ ခင်ဗျား အရမ်းကံကောင်းတယ် ပြောရမလား၊ အမိကကတော့ ဟိုကောင်ကားမောင်းတဲ့ ဖိုးစံပဲ"

"ဘယ်လို…ဖိုးစံ ဟုတ်လား"

"ဒီလိုဗျာ…ဆရာရယ်၊ ကျွန်တော်ရယ်၊ ဖိုးစံရယ် ဆရာ့ သမီးဆီကို ထွက်လာခဲ့ကြတာ၊ အဲဒီနေ့က မိုးလေအတော်ပြင်းတယ်၊ ကျွန်တော်တို့ကားကို တစ်နေရာမှာနားပြီး မိုးလင်းတော့မှ ထွက်ခဲ့ကြတယ်"

"လမ်းမှာ ကားမောင်းတဲ့ ဖိုးစံ အပေါ့သွားချင်တာနဲ့ လမ်းဘေးခဏရပ်ပြီး နားတုန်း ခင်ဗျားကိုတွေ့တာပဲ"

"ဒါနဲ့….ကျွန်တော် ဒီမှာနေတာ တစ်ပတ်ကျော်ရှိပြီ၊ ကိုဖိုးစံဆိုတဲ့လူကို မတွေ့ပါလား"

"မတွေ့ဆို ခင်ဗျားကို ဒီပြန်ပို့ပေးပြီး မမလေးဆီ ကားနဲ့ ပြန်လွှတ်လိုက်တယ်လေ၊ ကျွန်တော့်စိတ်ထင် ဒီနေ့လောက် ပြန်ရောက်မယ်ထင်တယ်"

"ဒါနဲ့…ဦးလေး ဦးထက်ကောင်းတစ်ယောက်ကော"

"တရားထိုင်နေတယ် အစ်ကို"

ခန့်ညားသော ဥပဓိရုပ်နှင့် လေးစားကြည်ညိုထိုက်သော





ဦးထက်ကောင်းမှာ သူ့ကို တစ်ရက်တစ်ခါ ပုံမှန်လာကြည့်တတ်သည်ကလွဲ၍ သူနှင့်သိပ်မတွေ့ဖြစ်။

သူ့အခန်းထဲတွင် များသောအားဖြင့် တရားထိုင်နေတတ်သည်။

သူ့ကျန်းမာရေး ပြန်ကောင်းလာသည့်အတွက်တော့ ဦးထက်ကောင်း ကျေနပ်အားရနေပုံရလေ၏။

ကိုအောင်မောင်းနှင့် စကားပြောနေစဉ်မှာပဲ ခြံထဲသို့ ကားတစ်စီး ဝင်လာသည်ကို တွေ့ရသည်။

"ဖိုးစံ ပြန်လာပြီထင်တယ်"

ကားလေးက ပေါ်တီကိုအောက်တွင် တုံ့ခနဲ ရပ်သွားလေသည်။

ကားပေါ်မှ အရပ်ပုပု၊ ကတုံးဆံတောက်နှင့် လူတစ်ယောက် အထုပ်အပိုးများဆွဲ၍ ဆင်းလာသည်။

"ဖိုးစံ…ဒါဘယ်သူလဲကွ၊ ကြည့်ပါဦး"

ခရီးရောက်မဆိုက်ပင် ကိုအောင်မောင်းက ဖိုးစံဆိုသော လူကို သူ့ကိုမေးငေါ့ပြရင်း ပြောလိုက်သည်။

"ဟာ…ဒါ ဟိုမှာ တို့ကယ်ခဲ့တဲ့လူ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပေါ့ကွာ၊ ဒီလိုဆိုတော့ တို့လူက ဘယ်လိုနေလဲ"

"ရှုပါကတော့ အမိုက်စားပဲဟေ့၊ ဒီလောက်မြန်မြန် ပြန်ကျန်းမာလာမယ်လို့ ငါတောင်မထင်ဘူး"

"ကိုအောင်မောင်း ပြောပြလို့ ကိုဖိုးစံကို ကျွန်တော်သိပြီးပါပြီ၊ ကျွန်တော့်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

"မလိုပါဘူး ကိုယ့်လူရာ၊ ကျုပ်တို့ ကံဆုံလို့တွေ့ကြတာပဲ၊ စတွေ့တုန်းက ခင်ဗျားတစ်ကိုယ်လုံး သွေးတွေနဲ့ မြင်မကောင်းဘူး၊ ကျုပ်တောင် အသက်ပြန်ရှင်မှ ရှင်ပါ့မလားလို့"

ကိုဖိုးစံက သူ့ကိုကြည့်ပြီး အံ့သြဟန်ဖြင့် ပြောလိုက်သည်။

"ဒါနဲ့…ခင်ဗျား ဘယ်လိုဖြစ်ခဲ့တာလဲ"

"ဒါတွေ မေးမနေနဲ့ ဖိုးစံရေ၊ သူဘာဖြစ်ခဲ့တယ်ဆိုတာကို တစ်ခုမှ မမှတ်မိသေးဘူးဖြစ်နေတယ်"

"ဒီလိုဆိုရင်တော့ ခင်ဗျားခေါင်းကို ထိခိုက်မိပြီး အတိတ်မေ့သလို ဖြစ်သွားတယ်ထင်တယ်"

"ဟုတ်မယ်ထင်တယ်၊ ကျွန်တော်လည်း ပြန်စဉ်းစားရင်





ခေါင်းထဲက ကိုက်လာတတ်တယ်"

"ခင်ဗျား ကျန်းမာရေးကိုသာ ဂရုစိုက်ပါဗျာ၊ တဖြည်းဖြည်းတော့ မှတ်မိလာမှာပါ"

ညှိခန်းထဲတွင် သုံးယောက်သား ထိုင်ဖြစ်ကြတော့ ကိုအောင်မောင်းက ကိုဖိုးစံဆိုသောလူကို မေးလိုက်လေသည်။

"မမလေးတို့ လုပ်ငန်းတွေကော အခြေအနေကောင်းရဲ့လား"

"အင်း…မိန်းကလေးဦးစီးပြီး လုပ်နေတာဆိုတော့ တချို့ကိစ္စတွေက သိပ်အဆင်မပြေချင်ဘူး ဖြစ်နေတယ်"

"ဆရာကြီးနဲ့ မင်း တွေ့ဦးမလား" –

"တွေ့မယ်၊ ဆရာ့ကို ပြောစရာကိစ္စလေးတွေ ရှိသေးတယ်၊ အခု ဆရာကြီးဘယ်မှာလဲ"

"သူ့အခန်းထဲမှာပဲ"

"ဒါဆို ငါသွားတွေ့လိုက်ဦးမယ်"

"ကဲ…သွားလိုက်ဦးမယ်နော်၊ နောက်မှတွေ့မယ်"

ကိုဖိုးစံတစ်ယောက် သူ့ကိုနှုတ်ဆက်ကာ အပေါ်ထပ်ရှိ ဦးထက်ကျော်အခန်းသို့ တက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်မောင်း····ကျွန်တော်တစ်ခုမေးချင်တယ်"

"မေးပါ အစ်ကို"

"ကျွန်တော့်ကို တွေ့တုန်းက ကျွန်တော်ဘယ်သူလဲဆိုတာ သိနိုင်ဖို့ အထောက်အထား တစ်ခုခုများ မတွေ့မိဘူးလား"

"ကျွန်တော်တို့ ခင်ဗျားကို တွေ့တဲ့နေရာတစ်ဝိုက်မှာ လိုက်ရှာသေးတယ်၊ ခင်ဗျားအိတ်ကပ်ထဲမှာ ဝိုက်ဆံတစ်ထပ်ပဲ တွေ့တယ်၊ ကျန်မှာ ဘာတစ်ခုမှ မတွေ့ဘူး၊ ကျွန်တော့်စိတ်ထင် ခင်ဗျား အန္တရာယ်တစ်ခုခုနဲ့တော့ ကြုံခဲ့ပုံရတယ်"

ကိုအောင်မောင်း ပြောပုံအရဆိုလျှင် သူ အန္တရာယ်တစ်ခုခုနှင့်တော့ ကြုံတွေ့ခဲ့သည် အမှန်ပင်ဖြစ်သော်လည်း ဘာအန္တရာယ်ဆိုတာကိုလည်း သူ မမှတ်မိဘဲ ဖြစ်နေရပါသည်။

◆ ◆ ◆

ဦး : မိုး : ၁၇၆ ပ

## အခန်း ([illegible])

နံနက်ခင်း နေရောင်ခြည်တို့က ကြည်လင်ဝင်းလဲ့စွာ ဖြာကျလျက်ရှိသည်။

ဧည့်ခန်းထဲရှိ ဆက်တီပေါ်တွင် ဦးထက်ကောင်းအပါအဝင် အားလုံးရှိနေကြသည်။

ဦးထက်ကောင်း မည်သည့်စကားများ ပြောမည်ဆိုတာကို သူ နားစွင့်နေမိသည်။ သူ့အား ဦးထက်ကောင်းက တွေ့ချင်သည်ဟု ကိုအောင်မောင်း လာပြောကတည်းက ဘာကိစ္စလဲဆိုတာကို သူ သိချင်နေမိပါသည်။

အခုအချိန်မှာ သူ၏ အတိတ်ဘဝနှင့်ပတ်သက်၍ ဘာမှလည်း စဉ်းစားမရသလို ရှေ့ကို မည်သို့ဆက်ရမည်ဆိုတာကိုလည်း

ဦး : မိုး : ၁၇၆ ပ

www.burmeseclassic.com

www.burmeseclassic.com



သူ စဉ်းစားမရသေး။

ဆရာဝန်ကြီး ပြောသည်ကတော့ ဦးခေါင်းထိခိုက်မိသည့် ဒဏ်ကြောင့် ယခုလို ဖြစ်သွားပေမယ့် ဆေးစားဆေးသောက်က တဖြည်းဖြည်း ပြန်ကောင်းလာနိုင်သည်ဟု ပြောပေမယ့် ယခုအချိန် ထိတော့ သူ ဘာကိုမှ မမှတ်မိသေး။

သူ့ဘဝက အခုအချိန်မှာ ရေမျောကမ်းတင် ဗေဒါပင်လို ဘဝမျိုး။

"မောင်ရင့်ရုပ်ရည်နဲ့ ကြန်အင်လက္ခဏာကို ကြည့်ပြီး မောင်ရင့်ကို ဦးပဲ နာမည်တစ်ခုပေးမယ်"

"ဒီနာမည်ကို မောင်ရင်ရဲ့ အတိတ်ကအဖြစ်တွေကို ပြန်မှတ်မိတဲ့အချိန်မှာ မေ့ချင်လည်း မေ့လိုက်နိုင်တယ်"

"ဟုတ်ကဲ့၊ ဦးပေးတဲ့နာမည်ကိုပဲ ကျွန်တော် ကျေကျေ နပ်နပ်နဲ့ ခံယူပါ့မယ်"

"လောကမှာ အရာရာကို လွှမ်းမိုးချုပ်ကိုင်နိုင်စေချင်တဲ့ အဓိပ္ပာယ်နဲ့ မောင်ရင့်နာမည်ကို လွှမ်းနိုင်လို့ ဦး ကင်ပွန်းတပ်ပေး လိုက်ချင်တယ်"

"လွှမ်းနိုင်"





ထိုအမည်ကို သူ စိတ်ထဲကလိုက်ပြီး ခေါ်ကြည့်လိုက် သည်။

ဦးထက်ကောင်းပြောသော အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို သူသဘောကျသလို လွှမ်းနိုင်ဆိုသော အမည်ကိုလည်း သူကြိုက် ပါသည်။

"ကောင်းပါတယ် ဦး၊ အခုအချိန်ကစပြီး ကျွန်တော့် နာမည် လွှမ်းနိုင် ဖြစ်သွားပါပြီ၊ ကျွန်တော့်ကို လွှမ်းနိုင်လို့ ခေါ်ကြ ပါ"

မိုးယံတစ်ဖြစ်လဲ လွှမ်းနိုင်က ဦးထက်ကောင်း ပေးသော အမည်ကို သဘောကျစွာဖြင့် ဆိုလိုက်တော့ အားလုံး လက်ခုပ်တီး လိုက်ကြသည်။

"ဖြောင်း...ဖြောင်း...ဖြောင်း"

"မောင်လွှမ်းနိုင်ကို ဦး တစ်ဆက်တည်း တိုင်ပင်ချင်တာ တစ်ခုရှိပါတယ်"

"ဟုတ်ကဲ့...ပြောပါ ဦး"

"ဦးအနေနဲ့ အရင်ကတော့ ကျောက်အရောင်းအဝယ်ကိစ္စ တွေကို ဦးစီးပြီး လုပ်ကိုင်ခဲ့တယ်၊ အခုတော့ အသက်လည်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ ဒီလုပ်ငန်းတွေကိုလည်း ဦး ငြီးငွေ့သွားပြီ၊ ဘုရားတရားနဲ့ပဲ နေချင်တော့တယ်''

''ဒါပေမယ့် လုပ်ငန်းကလည်း ဆက်ပြီးထူထောင်ထားမိတော့ သမီးပဲ ဦးစီးပြီး ဆက်လုပ်နေတယ်''

ဦးထက်ကောင်းက စကားကို ခဏနားလိုက်ပြီး သူ့မျက်နှာကို ကြည့်လာသည်။

''ဆက်ပြောပါ ဦး၊ ကျွန်တော် စိတ်ဝင်စားပါတယ်''

''ကျောက်လောကဆိုတော့ မိန်းကလေးတစ်ယောက် ဦးစီးပြီးလုပ်တာ မတင့်တယ်ဘူး၊ ဒီလုပ်ငန်းတွေကို ရပ်လိုက်ရင်လည်း မှီခိုအားထားနေရတဲ့ လူတွေရဲ့ မိသားစုဘဝတွေ ရှိသေးတော့ မောင်လွမ်းနိုင်ကို လောလောဆယ် သမီးနဲ့တွဲပြီး ဦးစီးလုပ်စေချင်တဲ့ ဆန္ဒရှိတယ်၊ အဲဒါ မောင်လွမ်းနိုင်ကို ဦး တိုင်ပင်တာပါ''

''ကျွန်တော် ဒီလုပ်ငန်းတွေကို မကျွမ်းကျင်တော့''

''အဲဒီအတွက် မပူပါနဲ့လေ၊ ဦးကိုယ်တိုင် မောင်လွမ်းနိုင် ကျွမ်းကျင်လာတဲ့အထိ မကြွင်းမကျန် သင်ပေးနိုင်ပါတယ်၊ ဒီအတွက်လည်း အောင်မောင်းတို့၊ ဖိုးစံတို့နဲ့ စီစဉ်ထားပြီးပါပြီ''

''ဦးဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင်တစ်ယောက်ပါ။ ဦး





ကောင်းမယ်ထင်လို့ စီစဉ်ထားတာကို ကျွန်တော်လက်ခံသဘောတူပါတယ်''

မောင်လွမ်းနိုင်ခေါ် သူ့အတွက် အရာရာသည် အကောင်းဟု ခံယူပြီး ဦးထက်ကောင်း စီစဉ်ညွှန်ကြားသမျှကိုသာ ခေါင်းညိတ်သဘောတူ လက်ခံလိုက်ပါသည်။

ဦးထက်ကောင်းမှာ သူ့အား ကျောက်အရည်အသွေး၊ တန်ဖိုးဖြတ်ပုံ၊ ကျောက်ကောင်းကျောက်ညံ့ ရွေးချယ်ပုံ၊ ကျောက်အမျိုးမျိုး၏ သိကောင်းစရာများကို အသေးစိတ် လက်တွေ့ကျကျ မချွင်းမချန် သင်ကြားပေးသည်။ သူကိုယ်တိုင်က စိတ်ဝင်စားစွာဖြင့် စိတ်ပါလက်ပါ သင်ယူလေ့လာမှုများကြောင့် မကြာမီ လွမ်းနိုင်မှာ ကျောက်အကြောင်းနှင့်ပတ်သက်ပြီး ဆရာတစ်ဆူပမာ ဖြစ်လာလေသည်။

''ကျောက်လောကမှာ လူရိုးလူကောင်းတွေ ရှိသလို လူလိမ်လူကောက်တွေလည်းရှိတယ် မောင်လွမ်းနိုင်၊ ဒါကြောင့် ဘယ်ကိစ္စကိုဖြစ်ဖြစ် သတိမပြတ်ထားပြီးတော့ လုပ်ကိုင်တတ်ဖို့တော့ လိုတယ်လို့ မောင်လွမ်းနိုင်ကို ဦးမှာချင်တယ်''

''ဟုတ်ကဲ့ပါ ဦး၊ ဦးမှာတဲ့စကားကို ကျွန်တော့်ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း မှတ်ထားပါ့မယ်''

''ဒီကနေ့ သမီးဆီကိုသွားဖို့ မောင်လွှမ်းနိုင်ကို ဖိုးစံ လိုက်ပို့လိမ့်မယ်''

''အကျိုးအကြောင်းအားလုံးကိုလည်း ဦး သမီးဆီ ပြောထားပြီးပါပြီ၊ မောင်လွှမ်းနိုင် အတိတ်ကို ပြန်သတိရတဲ့နေ့ ကျောက်လောကမှာ လုပ်ချင်လည်း ဆက်လုပ်နိုင်တယ်၊ မလုပ်ချင်လည်း မောင်လွှမ်းနိုင် ဆန္ဒအတိုင်းပါပဲ''

''ဟုတ်ကဲ့ပါ ဦး''

''ကဲ…ဟိုမှာ ဖိုးစံ စောင့်နေပြီ၊ မောင်လွှမ်းနိုင် ကံကောင်းပါစေကွယ်၊ အတိတ်ကိုလည်း မြန်မြန်ပြန်ပြီး အမှတ်ရနိုင်ပါစေ''

ကိုဖိုးစံက တိုက်ရှေ့ပေါ်တီကိုအောက်တွင် လွှမ်းနိုင်အလာကို စောင့်နေလေသည်။ လွှမ်းနိုင် သွားရန် ခြေလှမ်းပြင်လိုက်ပြီးမှ…

''ဦးကို ကျွန်တော် တစ်ခုမေးပါရစေ''

''မေးနိုင်ပါတယ် မောင်လွှမ်းနိုင်''

''ဦးပြောတဲ့ ဦးရဲ့သမီးနာမည်က ဘယ်သူလဲဆိုတာ''





''ဦးသမီးနာမည်က ရွှေအဝင်းတဲ့''

''ရွှေအဝင်း''

သူ ဦးထက်ကောင်း၏ သမီးဖြစ်သူနာမည်ကို ရေရွတ်ကြည့်လိုက်သည်။

ဦးထက်ကောင်း၏သမီး ရွှေအဝင်းဆိုသော မိန်းကလေးနှင့် တွေ့ရန်အတွက် ကိုဖိုးစံမောင်းသော ကားပေါ်တွင် သူ လိုက်ပါခဲ့ရသည်။

''ကိုလွှမ်းနိုင်ရဲ့ မိသားစုတွေတော့ စိတ်ပူနေကြမှာပဲ''

ကိုဖိုးစံက ကားမောင်းနေရင်း သူ့ကိုလှမ်းကြည့်ကာ ပြောလိုက်သည်။

''ဘယ်တတ်နိုင်မလဲ ကိုဖိုးစံရာ၊ ကံစီမံရာအတိုင်းပဲပေါ့၊ ဒါမှမဟုတ် ကျွန်တော့်ဘဝရဲ့ ဝဋ်ကြွေးပေါ့''

သူ့စကားကြောင့် ကိုဖိုးစံ စိတ်မကောင်းဖြစ်သွားဟန်ဖြင့်

''အေးပေါ့ဗျာ…ဘာပဲပြောပြော အသက်မသေတာကိုပဲ ကံတရားလို့ ကျေးဇူးတင်ရမလို ဖြစ်နေပြီ၊ ကိုလွှမ်းနိုင် စိတ်ဓာတ်တော့ မကျပါနဲ့၊ တစ်ချိန်မှာ ကိုလွှမ်းနိုင်ရဲ့ အတိတ်ကို ပြန်အမှတ်ရလာမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း မျှော်လင့်ပါတယ်ဗျာ"

သူလိုက်ပါလာခဲ့သော ကိုဖိုးစံ၏ ကားလေးသည် လှပခန့်ညားသော တိုက်ကြီးတစ်ခုရှေ့တွင် ရပ်တန့်လိုက်သည်။ အစောင့်ဖြစ်ဟန်တူသူက ကိုဖိုးစံကို တံခါးဖွင့်ပေး၏။

"လာ…ကိုလွှမ်းနိုင်၊ အထဲမှာ မမလေး စောင့်နေမယ်ထင်တယ်"

ကိုဖိုးစံနှင့်အတူ ခေတ်မီသားနားသော တိုက်ကြီးအတွင်းသို့ သူ လှမ်းဝင်လာခဲ့သည်။

ဧည့်ခန်းထဲရှိ နီညိုရောင် နှစ်ယောက်ထိုင် ဆိုဖာဆက်တီပေါ်တွင် ထိုင်နေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

သူမရှေ့တွင်လည်း ကတ္တီပါဖူးများနှင့် ထည့်ထားသော အရည်ကောင်းသည့် အဖိုးတန်ကျောက်စိမ်းတုံးလေးများကို တွေ့ရ၏။

"မမလေး…ဆရာလွှတ်လိုက်တဲ့ ကိုလွှမ်းနိုင် ရောက်ပါပြီ"

"သြော်"





ကိုဖိုးစံစကားကြောင့် သူမက ရှန်းလဲ့နက်မှောင်သော မျက်ဝန်းတွေနှင့် သူ့ကို စူးစိုက်ကြည့်လိုက်သည်။ ပြီးနောက်…

"ထိုင်ပါ…ကိုလွှမ်းနိုင်"

သူ့ထက် အသက်ငယ်ရွယ်ပုံရသည့် ရွှေအဝင်းဆိုသော မိန်းကလေးကို ကိုဖိုးစံတို့ ကိုအောင်မောင်းတို့က လေးစားသမှုဖြင့် မမလေးဟု ခေါ်ကြဟန်တူသည်။

"ဖေဖေကတော့ ကိုလွှမ်းနိုင်ကို လုပ်ငန်းအကြောင်းတွေ စေ့စေ့စပ်စပ် သင်ပေးလိုက်မယ်ထင်ပါတယ်"

"သင်ပေးလိုက်ပါတယ်"

"လုပ်ငန်းတွေကို အဝင်းတစ်ယောက်တည်း လုပ်နေရတဲ့အတွက် ဖေဖေက စိတ်မချနိုင်ဘူးဖြစ်နေတာ၊ ကိုလွှမ်းနိုင်အကြောင်းတွေကို အဝင်းကို ဖေဖေ ပြောထားပါတယ်"

ငယ်ရွယ်လှပသလောက် ထက်မြက်ပုံရသော ရွှေအဝင်းက သူမကိုယ်သူမ ယုံကြည်မှုအပြည့်ရှိဟန် တူလေသည်။

သူ့မျက်နှာကိုကြည့်ကာ ပြုံးယောင်ယောင်လေး ပြောလိုက်သော သူမ ဟန်အမူအရာက အရာရာကို ရင်ဆိုင်နိုင်မည့် လက္ခဏာမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် ကိုလွှမ်းနိုင် နားလိုက်ပါဦး။ ကိုလွှမ်းနိုင်အတွက် အခန်းကို နောက်ဘက်က အဆောင်မှာ ပြင်ပေးထားပါတယ်၊ ညနေကျမှပဲ အဝင်းတို့ဆီက လူတွေနဲ့ မိတ်ဆက်ပေးပါ့မယ်"

"အညို"

"ရှင်..မမ"

"ဒီက အစ်ကိုကို မမ ပြင်ခိုင်းထားတဲ့အခန်းကို လိုက်ပြလိုက်ပါ၊ ကိုဖိုးစံလည်း အနားယူလိုက်တော့"

အိမ်ဖော်ကောင်မလေး အညို လိုက်ပြပေးသော အခန်းသို့ သူ လိုက်လာခဲ့သည်။

သန့်ရှင်းသပ်ရပ်၍ ခေတ်မီသော အသုံးအဆောင်ပစ္စည်းများဖြင့် ရှိနေသော သူနေရမည့်အခန်းကို ကြည့်လိုက်မိသည်။

"ကိုလွှမ်းနိုင်...ညနေကျမှပဲ ကျွန်တော်တို့ ဆုံကြတာပေါ့၊ ခုတော့ စိတ်အေးလက်အေးသာ အနားယူလိုက်ပါ၊ ရေချိုးခန်းလည်း အထဲမှာရှိပါတယ်"

ကိုဖိုးစံက သူ့နောက်မှ နှုတ်ဆက်ပြီးနောက် သူ့အခန်းရှိရာသို့ ထွက်သွားလေသည်။





ကျယ်ဝန်းသော ခြံကြီးအတွင်း၌ အဆောင်သဖွယ် တိုက်တန်းအတော်များများကို တွေ့ရသည်။

သူ့စိတ်ထဲ အံ့သြမှုတော့ ဖြစ်သွားရ၏။

ရွှေအဝင်းဆိုသော သူမ ဦးစီးလုပ်ကိုင်နေသည့် လုပ်ငန်းသည် အတော်လေးတော့ ကြီးကျယ်သည့်လုပ်ငန်းတစ်ခုဖြစ်မှန်း သူ ရိပ်စားမိလိုက်ပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ခြံကျယ်ကြီးအတွင်းတွင် စားပွဲခုံဝိုင်း ဆယ့်ငါးဝိုင်းထက် မနည်း ခင်းကျင်းထားသည်ကို ကြည့်ခြင်းအားဖြင့် ညည့်ခံပွဲအသေး စားလေးတစ်ခုနှင့်ပင် တူနေလေသည်။

စားပွဲခုံတိုင်းတွင် အဖြူ၊ အနီ စားပွဲခင်းများကို ခင်းကျင်း ထားသလို ညနေခင်း၏ ဆည်းဆာ နေရောင်ခြည်အောက်တွင် ရောင်စုံမီးလုံးကလေးများကလည်း တဖျတ်ဖျတ် လင်းလဲ့ကာ ရှိနေ ရသည့်အတွက် မြင်ရသူ စိတ်ဘဝင်ကို ကြည်နူးချမ်းမြေ့သွားစေပါ သည်။

"ညနေ ညည့်ခံပွဲကတော့ ကိုလွှမ်းနိုင်အတွက် မမလေး စီစဉ်လိုက်တဲ့ အထူးညည့်ခံကြိုဆိုပွဲပေါ့"





"ဟာ...မဟုတ်တာ ကိုဖိုးစံရယ်၊ ကျွန်တော်က တကူး ကက ညည့်သည်မှမဟုတ်တာ"

"ဒါကတော့ မမလေးရဲ့ အစီအစဉ်ပဲလေ၊ ကိုလွှမ်းနိုင်ကို ဆုမ္ဘာက အဖွဲ့တွေနဲ့ မိတ်ဆက်ပေးချင်တာလည်း ပါမှာပေါ့"

"မဟုတ်သေးပါဘူးဗျာ၊ အခု ရွှေအဝင်း ဘယ်မှာလဲ"

"မီးဖိုခန်းထဲမှာထင်တယ်"

"ကျွန်တော် ခဏသွားတွေ့လိုက်ဦးမယ်"

သူ တိုက်ကြီး၏နောက်ဘက် မီးဖိုဆောင်အတွင်းသို့ ဝင်လိုက်တော့ အိမ်ဖော်ကောင်မလေးများနှင့် အလုပ်ရှုပ်နေဟန်တူ သော ရွှေအဝင်းကို တွေ့ရသည်။

"ရွှေအဝင်း"

"ဟင်"

ရွှေအဝင်းကို သူ ရူးစိုက်စွာ ကြည့်မိလေသည်။ သွယ်လျ သော ကိုယ်နေဟန်ထားရှိပေမယ့် မိန်းကလေးတစ်ယောက်၏ အလှ အပများကတော့ အထင်းသား ပေါ်လွင်နေလေသည်။

"ဒီ ညည့်ခံပွဲက ကိုယ့်ကို ကြိုဆိုတဲ့ ညည့်ခံပွဲဆို"

"ကိုလွှမ်းနိုင်ကို ဘယ်သူပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖိုးစံ ပြောတာ"

"ဟင်း…ဟင်း ကိုလွှမ်းနိုင်ကို အဝင်းတို့လုပ်ငန်းက လူတွေနဲ့ မိတ်ဆက်ပေးချင်တာရယ်၊ ပြီးတော့ လုပ်ငန်းအတွက် ပင်ပန်းတဲ့ ကုမ္ပဏီကလူတွေကို အပန်းဖြေစေချင်တဲ့ သဘောနဲ့ စီစဉ်လိုက်တဲ့ ညစာစားပွဲပါ၊ ဘာဖြစ်လို့လဲ"

"ကိုယ့်အတွက် တကူးတက မလုပ်စေချင်လို့ပါ"

"တကူးတကလုပ်တာ မဟုတ်ပါဘူး၊ အဝင်းတို့အတွက် ဒီလိုညစာစားပွဲတွေက ရိုးနေပါပြီ"

"ဒီလို သူတို့ကို အသိအမှတ်ပြုပေးမှ လုပ်ငန်းတွေ လုပ်တဲ့အခါ ပိုပြီး တက်တက်ကြွကြွ ရှိကြမှာပေါ့၊ သစ္စာရှိရှိနဲ့ လုပ်ငန်းတွေ အောင်မြင်ဖြစ်ထွန်းဖို့အတွက် အဝင်းတို့ဘက်က ပြန်ပြီး တုံ့ပြန်တဲ့သဘောပါ"

နုပျိုလှပငယ်ရွယ်သော မိန်းကလေးတစ်ယောက်ဖြစ်ပေမယ့် ရွှေအဝင်း လေသံဟန်ပန်က တကယ့် လူကြီးတစ်ယောက်သဖွယ် ဖြစ်သည်။ ဒါကြောင့်လည်း လူများစွာကို ဦးစီးခေါင်းဆောင်လုပ်ကာ ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာတစ်ယောက်အဖြစ် ရပ်တည်နေနိုင်ခြင်းပင် ဖြစ်သည်။





"ဒါနဲ့…ကိုလွှမ်းနိုင် အဝင်းနဲ့ခဏလိုက်ခဲ့နော်"

ရွှေအဝင်းက ထိုစကားကိုဆိုပြီး သူ့ရှေ့မှ ထွက်သွားသဖြင့် ဘာကိစ္စမှန်းမသိပေမယ့် သူမနောက်မှ လိုက်လာခဲ့သည်။

ညစာခန်းထဲရောက်တော့ ရွှေအဝင်းက ဗီရိုတစ်ခုကို ဖွင့်လိုက်ကာ ဗီရိုထဲမှ ကတ်ထူဗူးကြီးတစ်ခုကို ယူလိုက်ပြီး…

"ရော့…ဒါ ကိုလွှမ်းနိုင် ညစာစားပွဲမှာ ဝတ်ဖို့"

"ကိုယ့်အတွက် မလိုပါဘူး ရွှေအဝင်း"

"ဘယ်ဟုတ်မလဲ ကိုလွှမ်းနိုင်၊ အသစ်ရောက်လာတဲ့ ကိုလွှမ်းနိုင်ကို ကုမ္ပဏီကလူတွေနဲ့ မိတ်ဆက်ပေးတဲ့အခါ ပကာသနအတွက် မဟုတ်ပေမယ့် သူတို့လေးစားအထင်ကြီးနိုင်မယ့် အနေအထားမျိုးတော့ ရှိရမှာပေါ့"

"ဒါဆိုလည်း ရွှေအဝင်း သဘောပါ"

သူ့စကားကြောင့် ရွှေအဝင်း မျက်နှာလေး ပျက်ယွင်းသွားရသည်။

"ကိုလွှမ်းနိုင်ရဲ့စကားက တစ်မျိုးပဲ၊ ကိုလွှမ်းနိုင်ကို ရွှေအဝင်း စေတနာသက်သက်နဲ့ ပေးတာပါ၊ ဖေဖေကလည်း ကိုလွှမ်းနိုင်ကို ဂရုစိုက်လိုက်ဖို့ မှာထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



''ရွှေအဝင်း ဝတ်ဆို ကိုယ်ဝတ်ရမှာပေါ့၊ တကယ်တော့ ကိုယ့်ဘဝဟာ ဒီအချိန်မှာ ရွှေအဝင်းတို့သားအဖကိုပဲ အားကိုးနေရမယ့် ဘဝမျိုးပဲ''

''အဲဒီလိုတော့ မပြောပါနဲ့ ကိုလွှမ်းနိုင်ရယ်၊ ကိုလွှမ်းနိုင်ဘဝကို ရွှေအဝင်း ကိုယ်ချင်းစာနာပါတယ်၊ ကိုလွှမ်းနိုင်ကိုလည်း အဝင်း မြင်မြင်ချင်း ကိုယ့်အစ်ကိုတစ်ယောက်လိုပဲ သဘောထားပါတယ်၊ အဝင်းကိုလည်း ကိုလွှမ်းနိုင်ရဲ့ ညီမတစ်ယောက်လို သဘောထားပါ''

စိမ်းညို့နေသည့် မျက်ခုံး၊ ထင်းနေသည့် နှာတံနှင့် ညိုမှောင်နေသော မျက်ဝန်းတို့ဖြင့် ယောကျ်ားပီသစွာ ချောမောခန့်ညားသော ကိုလွှမ်းနိုင်ဆိုသူကို ကြည့်ကာ ရွှေအဝင်း ဆိုလိုက်မိသည်။

တကယ်ဆို ရွှေအဝင်းလို ငယ်ရွယ်လှပသော မိန်းကလေးတစ်ယောက် ဒီကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှာ ကျင်လည်နေရသည်မှာ အန္တရာယ်များလွန်းလှပါသည်။

ဖေဖေ ဦးထက်ကောင်းမှာ ဒီလောကမှ အနားယူလိုက်သည်ဆိုပေမယ့် တစ်ဦးတည်းသော သမီးဖြစ်သူ ရွှေအဝင်းအတွက်



စိတ်မအေးနိုင်သဖြင့် ကိုလွှမ်းနိုင်ကို လွှတ်လိုက်ခြင်းပင်ဖြစ်သည်။

ရွှေအဝင်းထံသို့ ဖေဖေ မကြာမကြာ ရောက်လာတတ်သည်မှာလည်း သမီးဖြစ်သူကို စိတ်မချနိုင်ခြင်းကြောင့်ပင် ဖြစ်သည်။ ဖေဖေ့အား ရွှေအဝင်း သူနှင့်အတူနေရန် ခေါ်သော်လည်း…

''ဖေဖေ…အေးအေးဆေးဆေး နေချင်ပြီ သမီး၊ လူတွေနဲ့ ရှုပ်ရှုပ်ထွေးထွေး မနေချင်တော့ဘူး၊ သမီးမှာလည်း ဒေါ်မိုးတို့ အညိုတို့ အဖော်ရှိတာပဲ၊ အဖေ တစ်ခါတလေတော့ သမီးဆီလာခဲ့ပါ့မယ်''

တရားအလုပ်ကိုပဲ အေးအေးလုပ်တော့မည်ဟု ဆုံးဖြတ်ထားသော ဖေဖေက ငြင်းဆန်ခဲ့သည်။ အတွေးလေးများ ရပ်လိုက်ပြီးနောက် ရွှေအဝင်းက…

''ရေမိုးချိုး အဝတ်အစားလဲပြီးရင် အဝင်းတို့ ညနေခြောက်နာရီလောက် ဆုံမယ်နော်''

''ကောင်းပါပြီ ရွှေအဝင်း''

ညနေခြောက်နာရီလောက်တွင် စားပွဲဝိုင်းများတွင် လူအတော်လေး ပြည့်နေပြီဖြစ်သည်။ ဖိတ်ကြားထားသူများ၊ ကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် အတော်စည်ကားစ

www.burmeseclassic.com

www.burmeseclassic.com



ပြုလာပြီဖြစ်သည်။

ကိုဖိုးစံနှင့် ထိုင်နေသော သူ့မှာ ရွှေအဝင်း ပေးလိုက်သော ရှုပ်အင်္ကျီ အဖြူဆွတ်ဆွတ် လက်ရှည်နှင့် ဘောင်းဘီအနက်ကို ဝတ်ထားသဖြင့် သူ့ပုံစံက ယောကျ်ားပီသစွာ ခန့်ညားချောမောနေလေသည်။

"ဟိုမှာ…မမလေး လာပြီ"

တိုက်ထဲမှ ထွက်လာသော ရွှေအဝင်းကို သူ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ညနေစားပွဲတက်လာသော ရွှေအဝင်းရဲ့အလှမှာ သူ တဒင်္ဂ ယစ်မူးသွားရ၏။

အနက်ရောင် ဂါဝန်ရှည်ရှည်လေးနှင့် သူမရဲ့ ဖြူဝင်းအိစက်နေသော အသားအရေလေးက လိုက်ဖက်လွန်းနေ၏။ နက်မှောင်သန်စွမ်းသော ဆံပင်နက်မှောင်မှောင်လေးများက ရွှေအဝင်း၏ လှပချစ်စဖွယ်ကောင်းလွန်းသော မျက်နှာလေးကို ပို၍နုပျိုစေလေသည်။

ရွှေအဝင်းနှင့်သူ အမှတ်မထင် အကြည့်ချင်းဆုံသွားရလေသည်။ သူတို့စားပွဲသို့ ရွှေအဝင်းက ဝင်ထိုင်လိုက်ပြီး…





"အားလုံးစုံပြီလား ကိုဖိုးစံ"

"စုံသလောက်ရှိပါပြီ မမလေး"

"ဒါဆို အစီအစဉ်လေး စလိုက်ကြရအောင်"

ကိုဖိုးစံက စားပွဲဝိုင်းများဘက်သို့ တစ်ချက်လှည့်လိုက်ပြီးနောက်…

"တက်ရောက်လာကြတဲ့ ရွှေထက်ကောင်း ကျောက်မျက်ရတနာရောင်းဝယ်ရေး ကုမ္ပဏီဝန်ထမ်းအားလုံးနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား…

ဒီကနေ့ ကျင်းပတဲ့ ဧည့်ခံပွဲလေးကတော့ ကျွန်တော်တို့ ကုမ္ပဏီကို အသစ်ရောက်ရှိလာတဲ့ လူတစ်ယောက်နဲ့ မိတ်ဆက်ပေးဖို့ ကုမ္ပဏီရဲ့ နှစ်ပတ်လည်အထိမ်းအမှတ်နေ့မှာ ဝန်ထမ်းအားလုံးနှင့် ဧည့်သည်တော်များကို အထူးဖိတ်ကြားပြီး ဧည့်ခံကျွေးမွေးတဲ့ အစီအစဉ်လေးဖြစ်ပါတယ်"

"ပထမဦးဆုံး အစီအစဉ်အနေနဲ့ ရွှေထက်ကောင်းကုမ္ပဏီကို အသစ်ရောက်ရှိလာတဲ့ သူကတော့ ရွှေထက်ကောင်းကုမ္ပဏီရဲ့ အုပ်ချုပ်မှုဒါရိုက်တာ မမလေး ရွှေအဝင်းဘေးနားမှာ ရပ်နေတဲ့ ကိုလွှမ်းနိုင် ဖြစ်ပါတယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီရဲ့လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ဟောဒီက ကိုလွှမ်းနိုင်ကိုလည်း ကျွန်တော်တို့ရဲ့ မိသားစုသဖွယ် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း လုပ်ကိုင်ဆောင်ရွက်ကြပါလို့ မှာကြားချင်ပါတယ်"

"အထူးတင်ပြချင်တာကတော့ ကိုလွှမ်းနိုင်ဟာ ကျွန်တော်တို့ရဲ့ ဆရာ၊ ဦးထက်ကောင်းကိုယ်တိုင် လွှတ်လိုက်တဲ့လူ ဖြစ်တယ်ဆိုတဲ့ အကြောင်းပါပဲခင်ဗျာ"

"ဖြောင်း...ဖြောင်း...ဖြောင်း"

ခြံဝင်းကြီးထဲတွင် လက်ခုပ်သံလေးများ ဆူညံသွားရပါသည်။

"အားလုံးကို ကျေးဇူးတင်ပါတယ်၊ ကိုလွှမ်းနိုင်နဲ့ မိတ်ဆက်ပေးပြီးတဲ့နောက်မှာ ဒုတိယပိုင်း အစီအစဉ်အနေနဲ့ အားလုံးပဲ ရွှေထက်ကောင်းကုမ္ပဏီက ညှေ့ခံတဲ့ ညနေစာစားပွဲကို လွှတ်လွှတ်လပ်လပ် ပျော်ပျော်ပါးပါး သုံးဆောင်နိုင်ကြပါပြီခင်ဗျာ"

"ဖြောင်း...ဖြောင်း...ဖြောင်း"

လက်ခုပ်သံများ ထပ်မံဆူညံသွားရပြန်ပါသည်။

"ကဲ...မမလေးနဲ့ ကိုလွှမ်းနိုင်တို့ အေးအေးဆေးဆေး





စကားပြောကြ၊ ကျွန်တော် အဖွဲ့တွေဆီ သွားလိုက်ဦးမယ်"

ကိုဖိုးစံက သူနှင့်ရွှေအဝင်းကို ထားခဲ့ပြီး သူ့သူငယ်ချင်းများရှိရာ ဝိုင်းများဘက်ဆီသို့ ထွက်သွားလေသည်။

"ကိုလွှမ်းနိုင် ရောက်လာတာ ဘာပဲဖြစ်ဖြစ် အဝင်းအတွက်တော့ အားရှိသွားသလိုပါပဲ၊ ဖေဖေကလည်း ကိုလွှမ်းနိုင်ဟာ လူရိုးလူကောင်းတစ်ယောက်လို့ အကဲခတ်မိတယ်လို့ ပြောတယ်"

"စိတ်ချပါ အဝင်း၊ ကိုယ်ဟာ အတိတ်ကို အမှတ်မရသေးပေမယ့် အဝင်းတို့ဆီမှာ ရှိနေသရွေ့ ကိုယ် ဘယ်တော့မှ လေိမ်ညာ မကောက်ကျစ်ဘူးဆိုတာ အဝင်းကို ကတိပေးပါတယ်"

"ယုံပါတယ် ကိုလွှမ်းနိုင်၊ ကိုလွှမ်းနိုင်ရဲ့ ဥပဓိရုပ်နဲ့ လက္ခဏာဟာ လူတော်လူကောင်းတစ်ယောက်ဆိုတာကို မြင်ရုံနဲ့ သိစေပါတယ်"

ရွှေအဝင်းက သူ့မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ကာ ထိုစကားကို ဆိုလိုက်သည်။

"အဝင်း...အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်သုံး"



www.burmeseclassic.com

www.burmeseclassic.com



""အင်းကို ကိုယ် ချီးကျူးတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်လုပ်ငန်းကြီးကို ဦးစီးခေါင်းဆောင်လုပ်ဖို့ဆိုတာ တကယ်တော့ မလွယ်ဘူး""

""အင်း ငယ်ငယ်လေးကတည်းက ဒီလုပ်ငန်းတွေနဲ့ လက်ပွန်းတတီးရှိခဲ့တာလည်း ပါတယ်၊ ပြီးတော့ ဖေဖေ့ရဲ့ သင်ပြပေးမှုတွေနဲ့ အင်းကိုယ်တိုင် စိတ်ဝင်တစား လုပ်ကိုင်ခဲ့မှုတွေကြောင့်လည်း အခုလို လုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်နိုင်တာပါ""

""အင်း ကျောင်းပြီးသွားပြီလား""

""အဝေးသင်နဲ့ပဲ ဘွဲ့တစ်ခုယူထားပါတယ်""

""ကိုယ်တော့ အင်း ဘာပဲပြောပြော အင်းကို ကိုယ် တကယ်ချီးကျူးပါတယ်""

""ဟင်း…ဟင်း ကိုလွှမ်းနိုင် အဲဒီလိုပြောတော့ အင်းတောင် ဘဝင်မြင့်ချင်သလိုလို ဖြစ်လာပြီ""

""ကိုယ်တကယ်ပြောတာပါ""

""ကဲပါ…ရှေ့မှာချထားတဲ့ စားစရာတွေ အေးကုန်ပြီ စားလိုက်ဦး၊ သောက်ချင်လည်း သောက်လို့ရတယ်နော်၊ အင်းကို အားမနာနဲ့၊ ဟိုမှာ ကိုဖိုးစံတို့တစ်တွေအတွက် ကြိုက်တာသောက်ဖို့





စီစဉ်ပေးထားတယ်""

ရွှေအင်းက ခြံထောင့်ရှိ စားပွဲရှည်ပေါ်တွင် တင်ထားသော ယမကာပုလင်းများကို မေးလေးဖြင့် ညွှန်ပြလျက် သူ့ကို ဆို၏။

""ကျေးဇူးတင်ပါတယ်၊ ကိုယ် မသောက်ချင်ဘူး၊ အစားပဲ စားပါ့မယ်""

""အဲဒါဆိုလည်း ကောင်းတာပေါ့၊ အင်းနဲ့အတူတူ စားကြမယ်လေ""

ရွှေအင်းနဲ့ စကားပြောရင်း သူမနှင့် ပိုမိုရင်းနှီးလာသလို သူ ခံစားလာရသည်။

""ကိုလွှမ်းနိုင် ဝေဒနာအတွက်လည်း အထူးကုဆရာဝန်ကြီးတွေနဲ့ အင်း တိုင်ပင်ပြီး ကုပေးပါ့မယ်၊ ကိုလွှမ်းနိုင်ခေါင်းထဲမှာ အခုထက်ထိ ဘာကိုမှ မမှတ်မိသေးဘူးလား""

""မမှတ်မိသေးဘူး၊ ကိုယ့်စိတ်ထင် ခေါင်းမှာ ပြင်းထန်တဲ့ ဒဏ်ရာရပြီး အာရုံကြောတစ်ခုခု ချို့ယွင်းသွားတယ်ထင်တယ်၊ ကိုယ် အရမ်းစဉ်းစားရင် ခေါင်းတွေကိုက်လာလို့ ဘာကိုမှ မစဉ်းစားချင်ဘူး""



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုလည်း ကိုလွှမ်းနိုင် သိပ်ပြီး စဉ်းစားမနေပါနဲ့ တဖြည်းဖြည်းတော့ ပြန်အမှတ်ရလာမှာပါ"

ရွှေအဝင်းနှင့် စကားပြောနေစဉ်မှာပင် သူမ၏ ဟမ်းဖုန်းမှ ဖုန်းခေါ်သံ မြည်လာလေသည်။ ဟမ်းဖုန်းတွင် ပေါ်လာသော ဖုန်းနံပါတ်ကိုကြည့်ကာ...

"ခဏနော်...ကိုလွှမ်းနိုင်၊ အလုပ်ကိစ္စပေါ်လာလို့ အဝင်း ဖုန်းပြောလိုက်ဦးမယ်"

"လုပ်ပါ အဝင်း၊ ကိုယ်က အေးအေးဆေးဆေးပါ"

ဆူညံပျော်ရွှင်နေသော စားပွဲဝိုင်းများနှင့် ခပ်ဝေးဝေးသို့ ဖုန်းပြောရန်အတွက် သူမ ထွက်သွားလေသည်။

စားပွဲဝိုင်းမှ ထွက်သွားသည့် လှပစွဲမက်ဖွယ်ကောင်းသော ရွှေအဝင်း၏ နောက်ကျောလေးကို သူ ခပ်ငေးငေးလေး ကြည့်နေမိတော့သည်။

◆ ◆ ◆



## အခန်း (၂၀)

နောက်နေ့မှစ၍ ရွှေအဝင်းက သူမ၏ ရွှေထက်ကောင်း ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကုမ္ပဏီသို့ ခေါ်သွားပြီး လုပ်ငန်းများ စတင်ဆောင်ရွက်စေသည်။

တကယ်တော့ ဤလုပ်ငန်းက အမြတ်အစွန်းများရှိသလောက် အရှုပ်အထွေးတွေကလည်း များလွန်းလှသည်။

လုပ်ငန်းကျွမ်းကျင်မှုနှင့် လက်အောက်အဖွဲ့များ၏ သစ္စာရှိမှု၊ ပါးနပ်လိမ္မာမှုတွေအပြင် လူမှုဆက်ဆံရေး ကောင်းမွန်ကျယ်ပြန့်မှုလည်း များစွာလိုအပ်သည်ကို လုပ်ငန်းများလုပ်ရင်း တစ်စထက်တစ်စ သူ သိလာရသည်။

ရွှေအဝင်းက ကုမ္ပဏီတွင် ပင်တိုင်ထိုင်ပြီး ကျောက်မျက်



www.burmeseclassic.com

www.burmeseclassic.com



ရတာမှာ အရောင်းအဝယ်လုပ်ငန်းများကို ဦးစီးဆောင်ရွက်သည်။

သူနှင့် ကိုဖိုးစံတို့ကိုတော့ အပြင် ကျောက်မျက်အရောင်းအဝယ်လုပ်ငန်းများကို ဦးစီးဆောင်ရွက်စေသည်။

"ကိုလွှမ်းနိုင်…အောက်ရွာဘက်မှာ အရည်အရမ်းကောင်းတဲ့ အစိမ်းတစ်တုံး ပွင့်တယ်လို့ သတင်းရတယ်"

"ဟုတ်လား…ပစ္စည်း သွားကြည့်ပြီးပြီလား"

"မကြည့်ရသေးဘူး၊ ဝယ်လက်ရှာနေတယ် ပြောတယ်"

ကိုဖိုးစံက သူ့အား သတင်းပေးလာသည်။ သူတို့လုပ်ငန်းမှာ ကုမ္ပဏီသို့ တိုက်ရိုက်လာရောင်းသော ကျောက်မျက်များကို တန်ဖိုးသင့်၍ ပေးဝယ်သလို အပြင်မှရလာသော သတင်းအပေါ် မူတည်၍ သူတို့က လှုပ်ရှားရသည်များလည်းရှိသည်။

ထို့ကြောင့် ကျောက်မျက်ကောင်းထွက်သည့်နေရာအတော်များများတွင် သတင်းပေး ကိုယ်စားလှယ်များကို မွေးထားရသည်။

သတင်းပေးမှုများကြောင့် အရည်အသွေးကောင်း ကျောက်မျက်များကို ရတတ်သလို တစ်ခါတစ်ရံတော့လည်း ဝယ်ယူသည့်အဖွဲ့ချင်း တိုက်နေသဖြင့် အဆင်မချောမှုများ ရှိတတ်သည်။

အပြင်တွင် ဝယ်ယူရသော လုပ်ငန်းများက အမြတ်အစွန်း





များသလို အန္တရာယ်ကလည်း အချိန်မရွေး ကျရောက်နိုင်လေသည်။

သူရောက်လာပြီးသည့်နောက်ပိုင်း သတင်းများအပေါ် ထိုက်၍ ကျောက်ကောင်းတော်တော်များများ ဝယ်ယူနိုင်ခဲ့ခြင်းကြောင့် ရွှေထက်ကောင်းကုမ္ပဏီအတွက် အကျိုးအမြတ် များစွာ ရရှိခဲ့လေသည်။

ဦးထက်ကောင်းထံမှ သင်ယူခဲ့သည့် ပညာနှင့် တိကျပြတ်သားသော သူ၏ဆုံးဖြတ်ချက်များကြောင့် ကျောက်လောကတွင် လွှမ်းနိုင်ဆိုသော သူ့အမည်က တဖြည်းဖြည်း လူသိများလာခဲ့သည်။

"အနှောင့်အယှက်ရှိလား ကိုဖိုးစံ"

"လောက်ကြိုင်တို့အဖွဲ့လည်း အဲဒီပစ္စည်းကို ကြိုက်နေကြတယ် ပြောတယ်"

"ဟုတ်လား…ဒါဆို ပြဿနာပဲ"

လောက်ကြိုင်တို့အဖွဲ့နှင့် သူ တစ်ခါနှစ်ခါ ဆုံဖူးလေသည်။ လောက်ကြိုင်ဆိုသောလူက ဝယ်ယူသည့်ပစ္စည်းကို ထိုက်သင့်သည့်တန်ဖိုးထက် ဈေးနှိမ်ပေးကာ ဝယ်ယူလေ့ရှိသည်။ အမြတ်အစွန်းများစွာ ရမည်ကို သိပါလျက်နှင့် ထိုက်သင့်သည့်



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးကိုပင် မပေးချင်။

လောက်ကြိုင် ဈေးနှိမ်ပေးကာ ဝယ်ယူမည့် ပစ္စည်းကို သူတို့အဖွဲ့က တန်ရာတန်ကြေးပေးကာ ဝယ်ယူခဲ့ဖူးသည်။

သူ ဝယ်ယူဈေးဖြတ်ခဲ့သည့် ကျောက်က ထိုတန်ဖိုးထက် အဆအတော်များများ ရလိုက်သည်ကို လောက်ကြိုင်တို့အဖွဲ့ သိသွားသောအခါ သူတို့အား အငြိုးထားလာကြသည်။

ထို့ကြောင့် အစစအရာရာ သတိထားနိုင်အောင် သူ မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော် ရွှေအဝင်းနဲ့ တိုင်ပင်ပြီးမှ ဘာဆက်လုပ်မယ်ဆိုတာ ကိုဖိုးစံကို ပြောမယ်"

"ဟုတ်ပြီ…ကိုလွှမ်းနိုင်၊ ကျွန်တော် အခြေအနေကိုတော့ မပြတ်လေ့လာနေပါ့မယ်"

ကိုဖိုးစံ ထွက်သွားတော့ သူ ရွှေအဝင်းရှိရာ အခန်းထဲသို့ ထွက်လာလိုက်သည်။

စားပွဲပေါ်တွင် ဂဏန်းပေါင်းစက်တစ်လုံးဖြင့် အလုပ်ရှုပ်နေဟန်တူသော ရွှေအဝင်းကို တွေ့ရသည်။

"အလုပ်များနေလား…အဝင်း"





"သြော်…ကိုလွှမ်းနိုင်၊ လာလေ မရှုပ်ပါဘူး၊ ဒီလိုပါပဲ"

"အဝင်းနဲ့ တိုင်ပင်စရာကိစ္စလေးရှိလို့"

"ပြောလေ…ဘာကိစ္စလဲ"

"ကိုဖိုးစံ လာပြောတယ်၊ အရည်ကောင်းတဲ့ အစိမ်းတစ်လုံး တွေ့ထားတယ်တဲ့၊ ဝယ်လက်လည်း လိုက်ရှာနေတယ် ပြောတယ်"

"ဒါများ အဝင်းနဲ့လာတိုင်ပင်စရာ လိုသေးလား၊ ကိုလွှမ်းနိုင် သဘောပါ၊ ကိုလွှမ်းနိုင်ရဲ့ လုပ်ရည်ကိုင်ရည်နဲ့ ယတိပြတ်ဆုံးဖြတ်လိုက်တဲ့ အရည်အချင်းတွေကို အဝင်း ယုံကြည်ပြီးသား"

အထင်ကြီးလေးစားဟန်တူသော မျက်ဝန်းတောက်တောက်လေးများဖြင့် ကြည့်ကာ သူ့အား ပြောလိုက်သော ရွှေအဝင်း၏ လှပသောမျက်နှာလေးကို သူကြည့်လိုက်ကာ…

"ခက်နေတာက ဟိုတစ်ခါ ပြဿနာဖြစ်သွားတဲ့ လောက်ကြိုင်တို့ကလည်း ဒီပစ္စည်းကို သဘောကျနေကြတယ်ပြောတယ်"

လောက်ကြိုင် ဈေးစကားပြောထားသည့် ပစ္စည်းကို



www.burmeseclassic.com

www.burmeseclassic.com



အရင်တစ်ခါ သူဝယ်လိုက်တုန်းက ရွှေအဝင်းထံသို့ လောက်ကြိုင်ဆိုသောလူ ရောက်လာခဲ့ဖူးသည်။

ထိုအချိန်က ရွှေအဝင်းနှင့်အတူ သူပါ ရှိနေခဲ့သည်။

အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိသော ရှမ်းကပြားလောက်ကြိုင်ဆိုသူက ယခင်ကတည်းက ရွှေအဝင်းနှင့် ရင်းနှီးပုံရ၏။

"ဘယ်လိုလဲအဝင်းရဲ့၊ ကိုယ် ဈေးစကားပြောထားတဲ့ ပစ္စည်းကို အဝင်းရဲ့ကုမ္ပဏီက ဝယ်လိုက်တယ်ဆို"

"ရောင်းချင်တဲ့သူက ရောင်းမှတော့ အဝင်းလည်းဝယ်ရတာပေါ့ ကိုလောက်ကြိုင်ရယ်"

"အရင်တုန်းက အဝင်းတို့ကုမ္ပဏီက အထိုင်မှာပဲ ဝယ်တာပါ၊ အခုမှ ဘာစိတ်ကူးတွေပေါက်သွားလို့ ဝယ်လက်တွေကို လွှတ်နေရတာလဲ"

"စီးပွားရေးလုပ်ငန်းဆိုတာ တသမတ်တည်း သတ်မှတ်ထားလို့ ရတဲ့အရာမှ မဟုတ်တာပဲ"

"အင်းပေါ့လေ…အားကိုးတွေရှိပြီဆိုတော့ ဒီလိုစကားတွေ ပြောနိုင်ပြီပေါ့၊ ဒါပေမယ့် နောက်တစ်ခါ အဲဒီလို ကိစ္စမျိုးတွေ



ကို မဖြစ်အောင် အဝင်း ဂရုစိုက်ပေးပါ"

"ဘာလဲ…ကိုလောက်ကြိုင် အဝင်းတို့ကို လာခြိမ်းခြောက်နေတာလား"

"ခြိမ်းခြောက်တာ မဟုတ်ပါဘူး၊ အဝင်းသိအောင် ပြောပြတာပါ၊ ကိုကြိုင်ဝယ်မယ့် ပစ္စည်းထက်သာတဲ့ တခြားပစ္စည်းတွေ အများကြီးရှိတယ်ဆိုတာ အဝင်း သတိမထားမိမှာစိုးလို့ပါ၊ ဟဲ…ဟဲ"

"အဝင်းတို့ကတော့ ရောင်းသူဝယ်သူ ကြည်ဖြူလက်ခံရင်ပြီးတာပဲလို့ ယူဆတယ်"

"အဲဒီယူဆချက်တွေက တစ်ခါတစ်လေ လွဲမှားနိုင်တယ်ဆိုတာ အဝင်းကို ကိုယ် သတိပေးချင်ပါတယ်၊ ကဲ ကိုယ်သွားမယ်၊ ဒီကမိတ်ဆွေကိုလည်း လုပ်ငန်းသဘောသဘာဝတွေသိအောင် အဝင်း သင်ပေးထားပါဦး"

လောက်ကြိုင်ဆိုသူက သူ့မျက်နှာကိုလှမ်းကြည့်ကာ ထိုစကားကိုပြောပြီး ထွက်သွားလေသည်။

ထိုအချိန်ကတည်းက လောက်ကြိုင်နှင့် သူတို့ပြဿနာက အစပျိုးခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လောက်ကြိုင်က လူမိုက်တပည့်တပန်းများ မွေးထား
ကျောက်လောကကို စိုးမိုးချုပ်ကိုင်ချင်သူဖြစ်သည်။

"အဝင်းကတော့ လောက်ကြိုင်နဲ့ ပတ်သက်မယ့်
ဆိုတော့ တိုက်လည်းမတိုက်တွန်းချင်ဘူး၊ ကိုလွှမ်းနိုင်ပဲ ဆုံးဖြတ်
ဒါပေမယ့် ဒီလုပ်ငန်းလုပ်ရင် ဒီလိုတော့ ဆုံနေကြမှာပဲ"

"ဟုတ်တယ် အဝင်း၊ ဒါကို တွေးပြီးတော့ ကြောက်
လို့တော့ မဖြစ်ဘူး၊ ကိုယ် သေသေချာချာ လေ့လာစုံစမ်းပါဦးမေ
အရောင်းအဝယ် ချက်ချင်းမဖြစ်သေးတာကိုကြည့်ရင် တစ်ခုခုဆေ
လွဲချော်နေပုံရတယ်"

"ကိုလွှမ်းနိုင်တို့သွားရင် သတိဝီရိယနဲ့တော့ သွားနော်"

"ဘာဖြစ်လို့လဲ"

"အဝင်း..ကိုလွှမ်းနိုင်အတွက် စိုးရိမ်လို့ပါ"

နူးညံ့ညင်သာသော ရွှေအဝင်း၏ စကားသံ ခပ်တိုးတိုး
လေးက သူ့ရင်ကို လုပ်ခနဲ ခုန်သွားစေပါသည်။

ရွှေအဝင်းမှာလည်း ကိုလွှမ်းနိုင်ဆိုသော သူ့ကို မထင်မှ
သော ဆုံတွေ့မှုကာလများအတွင်း ဤမျှထိ ခင်မင်တွယ်တာလ
မိသော သူမစိတ်ကို သူမ အံ့ဩရပါသည်။





ကိုလွှမ်းနိုင်၏ဘဝကို စာနာစိတ်ဖြင့် ကရုဏာသက်မိ
တာလည်း ပါနိုင်သည်။

"ကိုလွှမ်းနိုင်"

"ဟင်"

"အဝင်းတို့ဆီမှာ နေရတာကော ပျော်ရဲ့လားဟင်"

သူ့မျက်နှာကိုကြည့်ကာ မေးလိုက်သော ရွှေအဝင်း၏
မျက်ဝန်းလေးတွေက ဖြူစင်တောက်ပနေသည်။

"ပျော်ပါတယ် အဝင်းရယ်၊ ဘာဖြစ်လို့လဲ"

"ဪ...ကိုလွှမ်းနိုင်များ စိတ်ညစ်နေမလားလို့ပါ၊
လုပ်ငန်းနဲ့ပတ်သက်တဲ့ ကိစ္စတွေကိုချည်း ခေါင်းထဲထည့်မထားပါ
နဲ့၊ ကိုလွှမ်းနိုင်ရဲ့ ကျန်းမာရေးကိုလည်း ဂရုစိုက်နော်၊ ဆရာဝန်ကြီး
တွေပေးတဲ့ ဆေးတွေကော မှန်မှန်သောက်ရဲ့လား"

"သောက်ပါတယ် အဝင်း"

"ကိုလွှမ်းနိုင် အတိတ်ကို ပြန်သတိရလာရင် အဝင်းတို့
ကို ထားသွားမှာပေါ့နော်"

"ဒါကတော့အဝင်းရယ် လူ့ဘဝဆိုတာ ကိုယ်ဖြစ်ချင်တာ
တိုင်း ဖြစ်ခွင့်မှ မရတာ၊ အရာရာဟာ ကံတရားစီမံတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြရတယ်လို့ပဲ သဘောထားရမှာပေါ့''

သူ့စကားကြောင့် ရွှေအဝင်း သက်ပြင်းလေး ရှိုက်လိုက်မိရပါသည်။

နောက်တစ်နေ့ လိုအပ်သောပစ္စည်းများကို ထည့်ကာ ကိုဖိုးစံနှင့် အတူ သူထွက်လာခဲ့သည်။

''ဘယ်လိုလဲ ကိုဖိုးစံ၊ ပစ္စည်းကို လောက်ကြိုင်တို့ ကြိုက်နေကြရဲ့သားနဲ့ အရောင်းအဝယ်က ဘာဖြစ်လို့ တန့်နေတာလဲ''

''ထုံးစံအတိုင်းပေါ့ ကိုလွှမ်းနိုင်၊ ထိုက်သင့်တန်ဖိုးထက်နှိမ်ပြီး ပေးနေကြလို့ပေါ့၊ ရောင်းတဲ့သူကလည်း ဒါကိုသိနေတော့ လောက်ကြိုင်တို့ကိုမရောင်းဘဲ တင်းခံနေတာပေါ့၊ ကျုန်တဲ့ ဝယ်လက်တွေကလည်း လောက်ကြိုင်တို့နဲ့ ထိပ်တိုက်ရင်မဆိုင်ရဲကြတော့ လက်ရှောင်နေရတယ်''

''ရောင်းမယ့်သူတွေကိုလည်း ခင်ဗျား သေချာဆက်သွယ်ထားပြီးပြီလား''

''ဆက်သွယ်ပြီးပါပြီ ကိုလွှမ်းနိုင်၊ ကျုန်တော်တို့ ရောက်တာနဲ့ လှမ်းခေါ်လိုက်ရုံပါပဲ''





''အရာရာကို သတိတော့ရှိနော်''

''စိတ်ချပါ ကိုလွှမ်းနိုင်''

ရောက်ရောက်ချင်း ကိုဖိုးစံ စီစဉ်ထားသော လုံခြုံစိတ်ချရသောနေရာတွင် သူတို့ တည်းခိုလိုက်ကြသည်။

''ရောင်းမယ့်သူကို ကိုဖိုးစံ ဆက်သွယ်လိုက်ပါ''

မကြာမီ ကိုဖိုးစံနှင့်အတူ ပစ္စည်းရောင်းမည့်သူများ ပါလာကြသည်။

''ပစ္စည်းကို ကျုန်တော်တို့ ကြည့်လို့ရမလား''

''ရပါတယ်ဆရာ၊ တစ်ခါတည်း ယူလာခဲ့ပါတယ်''

ထုတ်ပြလာသည့် အစိမ်းတုံးကို သူ သေသေချာချာကြည့်၏။ အရည်အသွေးကတော့ ပထမတန်းစားထဲကဖြစ်သည်။

''လောက်ကြိုင်တို့ ဘယ်လောက်ပေးလဲ''

ရောင်းမည့်သူက ဖြေသည်။ နှစ်ရာဆိုတာ သိန်းနှစ်ရာကို ဆိုလိုခြင်းဖြစ်သည်။ ပစ္စည်းအရည်အသွေးကို ကြည့်၍ အနည်းဆုံး အောက်ဈေးကို လောက်ကြိုင်တို့အဖွဲ့ ပေးထားမှန်း သူနားလည်လိုက်သည်။

''လေးရာငါးဆယ်ပေးမယ်၊ ရောင်းနိုင်မလား''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဖြစ်ပါတယ်"

"တစ်ခုခက်နေတာက လောက်ကြိုင်နဲ့ကျွန်တော် ထိပ်တိုက်မတွေ့ချင်ဘူး၊ ဒီအတွက် နည်းလမ်းကို ကျွန်တော် စဉ်းစား နေတယ်"

အားလုံး အသံလေးတွေ တိတ်ဆိတ်သွားရသည်။

"ကျွန်တော်တို့မှာ ဒီလိုပုံစံတူ အရိုင်းတုံးတစ်တုံး ရှိ သေးတယ်ဆရာ၊ အဲဒါကိုလည်း ကျွန်တော်တို့ ရောင်းဖို့စဉ်းစားထား ပါတယ်"

"ဒီလိုဆို တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သွားအောင် အဲဒီအရိုင်းတုံးကိုပါ ကျွန်တော် ကြည့်ချင်တယ်"

"ကျွန်တော်တို့ ယူလာရမလားဆရာ"

"မယူနဲ့ဦး၊ အဲဒီပစ္စည်းကိုကော လောက်ကြိုင်တို့အဖွဲ့ မြင်ထားသေးလား"

"သူတို့မသိသေးဘူးဆရာ၊ ဒီနယ်မြေမှာ သူတို့က ကြီးစိုး နေတော့ ဒါကိုလည်း သူတို့ကို ပေးမပြချင်ဘူး၊ အခု ဒီပစ္စည်း တောင် သူတို့က သတင်းဦးသွားပြီး ကျွန်တော်တို့ဆီ လိုက်လာ တာ"





"ဒီပစ္စည်းနှစ်ခု အတော်တူလား"

"တူတယ် ဆရာ၊ တစ်ထေရာတည်းပဲ၊ အရည်ပဲမတူ တာ"

"ဟုတ်ပြီ...ဒါဆိုရင် ဒီပစ္စည်းကို အရောင်းအဝယ်ဖြစ် သွားပြီလို့ သဘောထားလိုက်၊ လောက်ကြိုင်တို့နဲ့လည်း ပြဿနာ ဖြစ်ရအောင် ကျွန်တော် စီစဉ်မယ့် အစီအစဉ်အတိုင်း လုပ်ကြရ အောင်"

ထို့နောက် သူ့အစီအစဉ်ကို အသေးစိတ် ပြောပြလိုက် တော့ အားလုံးက လက်ခံသဘောတူသဖြင့် လူစုခွဲလိုက်ကြသည်။

အစီအစဉ်အတိုင်း လုပ်ဆောင်ဖို့အတွက် သူတို့ရောက်ရှိ နေမှန်းသိအောင် လောက်ကြိုင်တို့အဖွဲ့ကို လူလုံးထွက်ပြလိုက်သည်။

သူတွေးထင်ထားသည့်အတိုင်း လောက်ကြိုင်တို့က လှုပ်ရှားလာကြသည်။

"ဘယ်လိုလဲ မိတ်ဆွေ၊ ကိုယ်ပြောထားသလို အဝင်းက ကိုယ့်လူကို လုပ်ငန်းသဘောသဘာဝတွေ ကျေညက်အောင် သင်မ ပေးလိုက်သေးဘူးထင်တယ်"

"ဘာတွေလာပြောနေတာလဲ ကိုလောက်ကြိုင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့တွင်ချထားသော ဘီယာခွက်ထဲမှ တစ်ငုံကို ယူသောက်လိုက်ပြီး လောက်ကြိုင်အား ခပ်တည်တည်မျက်နှာဖြင့် သူ ပြောလိုက်သည်။

"ဘာမှ မသိချင်ယောင်ဆောင်မနေနဲ့ လွမ်းနိုင်၊ မင်း ဘာကိစ္စနဲ့ ဒီကိုလာတယ်ဆိုတာ ငါသိတယ်"

"သိရင်လည်း ပြီးရောပေါ့၊ သမုဒ္ဒရာရေ တစ်ယောက် တည်းသောက်လို့ မကုန်နိုင်ပါဘူး ကိုလောက်ကြိုင်"

"မင်းဘာသာမင်းပဲ သွားသောက်သောက် ငါ့အလုပ် မဟုတ်ဘူး လွမ်းနိုင်၊ အဓိက ကတော့ ငါ့ကိစ္စမှာ မင်းဝင်မရှုပ်ဖို့ ပြောချင်တယ်"

"သိပ်လည်း ဒေါသမကြီးပါနဲ့ ကိုလောက်ကြိုင်၊ ရောင်းသူ ကျေနပ်နိုင်မယ့် တန်ရာတန်ဖိုးပေးရင် ကြည်ကြည်ဖြူဖြူ ရောင်းကြမှာပေါ့"

"ငါလည်း ငါပေးနိုင်တဲ့ဈေး ပေးထားတာပဲ"

"ဟုတ်ပြီလေ...ဒီလိုဆို ကျွန်တော်လည်း ကျွန်တော်ပေး နိုင်တဲ့ဈေး ပေးရမှာပေါ့"

"ကောင်းပြီလေ...ကြည့်ကြသေးတာပေါ့၊ ဒါပေမယ့် မင်းကို တစ်ခုတော့ သတိပေးလိုက်မယ်၊ မဖြစ်နိုင်တဲ့ဈေးပေးပြီး ငါ့ဈေးကွက်ကို ဖျက်ရင်တော့ မင်း ကောင်းကောင်း နောင်တရ လိမ့်မယ်"

"ခင်ဗျား ပြောစရာရှိတာ ဒါပဲဆိုရင် ကျွန်တော် အေးအေး ဆေးဆေး စားသောက်ချင်တယ်"

လောက်ကြိုင် နှုတ်ခမ်းစေ့၍ ထိုင်ရာက ထလိုက်သည်။ စားသောက်ဆိုင်မှ ထွက်ခွာသွားကြသော လောက်ကြိုင်တို့အဖွဲ့ကို ကြည့်ရင်း သူ မဲ့ပြုံးတစ်ချက် ပြုံးလိုက်မိသည်။

ကျောက်လောကဟာ မလွယ်ပါလား။

ရိုးသားစွာ ရောင်းဝယ်ကြသူတို့ ရှိသလို မသမာသူတွေ လိမ်လည်၍ ဖြတ်ခုတ်လိုသူတွေလည်း ရှိသည်။

သူ့အဖွဲ့၊ ကိုယ့်အဖွဲ့နှင့် ရန်ငြိုးထားတတ်သည်များလည်း ရှိသည်။

လောက်ကြိုင်တို့အဖွဲ့က နယ်စပ်ဘက်မှနေ၍ ကျောက် အရောင်းအဝယ် လုပ်ကြသူများဖြစ်သည်။

ဒီကနေ့တော့ ပစ္စည်းရောင်းမည့် သူများနှင့်အတူ လောက်ကြိုင်ရော သူပါ ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်းသူဝယ်သူများ စုံနေပြီဖြစ်၍ ပွဲစလိုက်သည်။

"ကဲ…လွှမ်းနိုင်၊ ငါတို့ကတော့ ပစ္စည်းကို အရင်ကတည်းက ကြည့်ပြီးပါပြီ၊ မင်းလည်း သေချာကြည့်လိုက်ပါဦး"

ရောင်းသူ ထုတ်ပြထားသည့် ပစ္စည်းအရည်ကို သူသေချာကြည့်သည်။

သူကြည့်နေပုံကို လောက်ကြိုင်တို့အဖွဲ့က ဘာမှမပြောဘဲ ငြိမ်နေကြသည်။ သူ အားရအောင်ကြည့်ပြီးနောက်…

"ကိုလောက်ကြိုင် ကြည့်လိုက်ပါဦး၊ ပစ္စည်းအရည်ကတော့ မဆိုးပါဘူး"

သူ့ထံမှ ကျောက်ကြည့်မှန်ဘီလူးအား ကိုလောက်ကြိုင်အား ပေးလိုက်သည်။ ကိုလောက်ကြိုင်က အခါအတော်များများကြည့်ဖူးထားသော ပစ္စည်းကို ထွေထွေထူးထူး မကြည့်တော့ဘဲ ဈေးစကား စပြောလေသည်။

"ကျွန်တော် နှစ်ရာတိတိ ပေးပြီးပေမယ့် ရောင်းသူဘက်က တင်းခံနေတော့ နည်းနည်းအချိန်ကြာသွားတယ်၊ အခု ဈေးပြိုင်ဝယ်မယ့်သူတွေလည်း ရောက်နေပြီဆိုတော့ ကျွန်တော်ပဲ ဈေးစပြီးပေးကြည့်ပါ့မယ်"





"နှစ်ရာ့နှစ်ဆယ် ပေးပါ့မယ်"

ကျောက်ရည်က မဆိုး။ ပထမတန်းစား မဟုတ်ပေမယ့် အရည်က အတော်လေးကောင်းသည်မို့…

"နှစ်ရာ့သုံးဆယ် ပေးပါ့မယ်"

သူ ဆုံးဖြတ်ချက်ချကာ ယတိပြတ် ပြောလိုက်သည်။

"နှစ်ရာ့ငါးဆယ် ပေးမယ်ဗျာ"

လောက်ကြိုင်က သူ့မျက်နှာကို ခပ်စူးစူးစိုက်ကြည့်လိုက်ပြီးနောက် ဈေးမြှင့်ကာ ထပ်တိုးပေးလိုက်သည်။

သူ ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွဲချက်တွန့်လိုက်ပြီးနောက်…

"ကျွန်တော် မလိုက်နိုင်တော့ပါဘူး"

သူ့စကားကြောင့် လောက်ကြိုင်က အားပါးတရ ပြုံးလိုက်ပြီးနောက်…

"ကဲ…အားလုံး ကြားတဲ့အတိုင်းပဲ"

"ဒီလိုဆိုရင်လည်း ကိုလောက်ကြိုင်ကိုပဲ နှစ်ရာ့ငါးဆယ်နဲ့ အရောင်းအဝယ် လုပ်လိုက်ပါတော့မယ်"

ရောင်းသူက ထိုစကားကို ဆိုလိုက်တော့ လောက်ကြိုင်



www.burmeseclassic.com

www.burmeseclassic.com



တို့အဖွဲ့ အရောင်းအဝယ် ဖြစ်သွားသည့်အတွက် လက်ခု...
တီးလိုက်ကြသည်။

"ကဲ…အားလုံးပဲ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

သူ နှုတ်ဆက်စကားဆိုလိုက်ပြီးနောက် ကားရှိ...
ခြေအလှမ်း…

"ကိုလွှမ်းနိုင်…လုပ်ငန်းသဘောတွေ ...မ်းကျင်လာ...
အတွက် အဝင်းကို ကျေးဇူးတင်တယ်လို့ ပြောပေးပါ"

"ကောင်းပါပြီ ကိုလောက်ကြိုင်"

"ဂွတ်လပ်"

ကားရှိရာ လှမ်းလာသော သူ့မျက်နှာမှ အောင်မြင်မှုအ...
ကိုတော့ ကိုလောက်ကြိုင်ဆိုသူ မြင်မသွားပါ။

ကျောက်စိမ်းတုံးနှစ်တုံးလုံး အရောင်းအဝယ် ဖြစ်သွ...
သော ရောင်းသူ ကိုအိုက်ပန်ကတော့ လွှမ်းနိုင်ဆိုသော သူ...
အတော်လေး ကျေးဇူးတင်နေမည်ဖြစ်လေသည်။

◆ ◆ ◆



## အခန်း (၂၂)

"ကွန်ကရက်ကျူးလေးရှင်းပါ ကိုလွှမ်းနိုင်"

ရွှေအဝင်းက တောက်ပသောအပြုံးဖြင့် သူ့ကို ကြိုဆိုလိုက်သည်။

"ကိုလွှမ်းနိုင်ရဲ့ လျင်မြန်တဲ့ ဆုံးဖြတ်ချက်၊ အတွေးအခေါ်တွေဟာ ချီးကျူးထိုက်ပါတယ်"

ကိုဖိုးစံကပါ ဝင်ပြောလိုက်သဖြင့် သူ အပြုံးတစ်ချက်ပြုံးလိုက်ပြီး…

"ကိုဖိုးစံရဲ့ အကူအညီတွေကိုလည်း မေ့ထားလို့မရဘူးလေ၊ ကိုဖိုးစံ အဆက်အသွယ်ကောင်းမှုကြောင့် ဒီလိုအဆင်ပြေသွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကည ရွှေအဝင်းရှိရာသို့ သူပြန်ရောက်ပြီးနောက် လုပ်ငန်းကိစ္စအားလုံးကို ကိုဖိုးစံနှင့် လွှဲပေးခဲ့ပြီး ဘယ်သူနှင့်မှ မတွေ့တော့ဘဲ သူ တစ်ဝကြီး အိပ်ပစ်လိုက်သည်။

မနက်ခင်း အိပ်ရာထမှ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ဧည့်ခန်းထဲသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

"အဝင်း...သေချာစစ်ပြီးပါပြီ ကိုလွှမ်းနိုင်၊ ကိုလွှမ်းနိုင် ဝယ်လာတဲ့ပစ္စည်းကို ပြန်ထုတ်ရင် အနည်းဆုံး ကိုးရာအထက် ရှိပါတယ်"

ငယ်ငယ်ကတည်းက ကျောက်မျက်ရတနာလုပ်ငန်းများနှင့် ထိတွေ့ရင်းနှီးဖူးကာ ဦးထက်ကောင်းထံမှ ပညာအမွေ အပြည့် ထားသော ရွှေအဝင်း ခန့်မှန်းမှုက သူ့ထက်သေချာသည်ဆိုတာ တော့ သူ ယုံကြည်ပြီးသားဖြစ်ပါသည်။

"ကိုလွှမ်းနိုင် ရောက်လာမှပဲ အဝင်းတို့ကုမ္ပဏီမှာ အကျိုး အမြတ်တွေ အရမ်းဖြစ်ထွန်းလာတယ်၊ ဒီအတွက် ကိုလွှမ်းနိုင်ကို အဝင်း ဘယ်လိုကျေးဇူးတုံ့ပြန်ရမှန်းတောင် မတွေးတတ်တော့ဘူး"

"ဒီလိုမတွေးပါနဲ့ အဝင်း၊ တကယ်ဆို အဝင်းတို့သားအဖ ရဲ့ ကျေးဇူးတွေကလည်း ကိုယ့်အပေါ် များပြားပါတယ်၊ ဒီတော့





တစ်ယောက်နဲ့တစ်ယောက် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီလို့ပဲ သဘော ထားပါ"

"ဘာပဲပြောပြော ကိုလွှမ်းနိုင်ကိုတော့ အဝင်း ဒီည ကောင်းဆုံးဟိုတယ်တစ်ခုမှာ ဧည့်ခံပါရစေ"

"ကျွန်တော် မလိုက်တော့ဘူး မမလေး၊ အိမ်ကအမျိုး သမီး နေမကောင်းဖြစ်နေလို့"

"အဲဒါဆိုလည်း ကိုဖိုးစံ လိုသလောက် ပိုက်ဆံကို ငွေရင်းကိုင် နီလာကို ပြောပြီး ထုတ်သွားပါ"

"ကျေးဇူးတင်ပါတယ် မမလေး"

ရွှေအဝင်းက ငွေရေးကြေးရေးနှင့် ပတ်သက်ပြီး တွန့်တို တတ်သူတစ်ယောက်တော့ မဟုတ်ပါ။ ကုမ္ပဏီဝန်ထမ်း ကြီးငယ် မဟူ ကျန်းမာရေး၊ သာရေး၊ နာရေးများနှင့် ပတ်သက်လာလျှင် ထိုက်တန်စွာ ပေးကမ်းတတ်သည့် အလုပ်ရှင်မျိုးဖြစ်သည်။

ကိုဖိုးစံက ရွှေအဝင်း၏ လူယုံတစ်ယောက်ပမာ အားထား ရသူတစ်ယောက်ဖြစ်သလို ဖေဖေ ဦးထက်ကောင်း၏ လက်ရုံး တပည့်ရင်းတစ်ယောက်လည်း ဖြစ်ခဲ့ဖူးသည်။

ရွှေအဝင်းတို့အိမ်တွင် လုပ်ငန်းကိစ္စရှိလျှင် နေတတ်သလို



www.burmeseclassic.com

www.burmeseclassic.com



သူ့အမျိုးသမီးနှင့်လည်း အိမ်ထောင်ကျသည်မှာ သိပ်မကြာသေးသဖြင့် အိမ်ဖော်ကောင်မလေးတစ်ယောက် ငှားကာ သီးသန့်အိမ်ခွဲနေခြင်းဖြစ်သည်။

"ဒီလိုဆို ကိုယ့်အခန်းမှာပဲ ပြန်နားပြီး အဝင်းကို စောင့်နေမယ်"

"ဟုတ်ကဲ့ ကိုလွှမ်းနိုင်၊ အဝင်း စောစောပြန်လာခဲ့ပါ့မယ်"

ကိုလွှမ်းနိုင် မောင်းသောကားလေး မျက်ဝန်းထဲမှ ပျောက်ကွယ်သွားသည်အထိ သူမ ရပ်ကြည့်နေခဲ့မိသည်။

တကယ်တော့ ရွှေအင်းဆိုတဲ့ သူမဘဝဟာ ငွေပုံပေါ်မှာ ထိုင်ပြီး ခြောက်သွေ့နေခဲ့ရတဲ့ ဘဝပါ။

သူမ ဆယ်ကျော်သက် အရွယ်ကတည်းက ဖေဖေ ဦးထက်ကောင်း၏ ကျောက်မျက်ရတနာ လုပ်ငန်းများနှင့် ထိတွေ့လုပ်ကိုင်ခဲ့ကာ ဖေဖေ ကျောက်လောကမှ အနားယူသွားချိန်အထိ ဖေဖေ့လုပ်ငန်းများကို သူမပဲ ဦးစီးဦးဆောင်ပြုကာ လုပ်ကိုင်ခဲ့ရသည်။

ထို့အတွက် သူမ၏နှလုံးသားမှာ အချစ်ရေးဆိုတာကို ါမှ မစဉ်းစားခဲ့ဖူးပေ။

လှုပ်ရှားမှုမရှိ တည်ငြိမ်နေခဲ့သော ရွှေအင်း၏ နှလုံးလေးသည် အခုတော့ဖြင့် လှိုင်းဂယက်လေးများ ထလာခဲ့ရပြီ။

ဒါကလည်း ကိုလွှမ်းနိုင်ဆိုသော သူနှင့် တွေ့မှပင် ဝင်း၏ နှလုံးသားလေး နိုးထအသက်ဝင်လာခဲ့ခြင်း ဖြစ်သည်။

ကိုလွှမ်းနိုင်ဆိုတဲ့ သူရယ်။

ရွှေအင်းရဲ့ ရင်ခုန်သံလေးတွေ ပူနွေးမြန်ဆန်လာအောင် ည်လိုများပြုစားရက်နိုင်ခဲ့တာလဲကွယ်။

ရွှေအင်း ကုမ္ပဏီမှ စောစောပြန်လာခဲ့သည်။

နေအေးသည်နှင့် ရေချိုးခန်းထဲဝင်ကာ ရေကို တစ်ဝချိုးပစ် ်သဖြင့် တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးသွားသည်။

ရွှေအင်း မှန်တင်ခုံရှေ့ထိုင်၍ သူမ၏ လှပသော မျက်နှာ ားကို သူမစိတ်ကြိုက် အလှပြင်လိုက်လေသည်။

ရှည်သွယ်မြင့်မားသော အရပ်နှင့်အညီ မိန်းကလေးပီသ ာ လှပသော ကိုယ်နေဟန်ထားလေးနှင့် သူမ၏အလှသတင်းက သူမနှင့်ပတ်သက်သည့် အသိုင်းအဝိုင်းများကြားတွင်တော့ ပြောစမှတ်ပြုရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေဥစ္စာ ပေါကြွယ်သည့် ရွှေထက်ကောင်းကုမ္ပဏီပိုင်ရှင် သူဌေးမလေး ရွှေအဝင်းထံ လာရောက်ချဉ်းကပ်ကြသည့် ယောကျ်ားသား အတော်များများ ရှိပါသည်။ သို့ပါသော်လည်း သူမ ဘယ်သူ့ကိုမှ ရင်ခုန်လှုပ်ရှားခြင်းမျိုးမရှိခဲ့။

အခုတော့ ထူးခြားဆန်းပြားစွာ ကိုလွှမ်းနိုင်ဆိုသူ အပေါ်တွင်တော့ ရွှေအဝင်း နှလုံးသားလေး ရင်ခုန်လှုပ်ရှားတတ်နေခဲ့ပြီ။

ရွှေအဝင်းသည် မှန်ထဲတွင် မြင်နေရသော သူမ၏ လှပချစ်စဖွယ်ကောင်းသော မျက်နှာလေးကို ထပ်မံကြည့်လိုက်ပြီးနောက် အိမ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"အညို··ကိုလွှမ်းနိုင်ကို သွားခေါ်လိုက်ပါ၊ သွားကြရအောင်လို့"

အိမ်ဖော်ကောင်မလေး အညိုကို ကိုလွှမ်းနိုင်ကို သွားခေါ်ခိုင်းလိုက်ပြီး ရွှေအဝင်း ဧည့်ခန်းထဲတွင် စောင့်နေလိုက်သည်။

မကြာမီ အညိုနှင့်အတူ ကိုလွှမ်းနိုင် လိုက်လာသည်။

အနက်ရောင် သက္ကလပ်ဘောင်းဘီရှည်နှင့် အညိုနုနုရုပ်အင်္ကျီလက်တိုဖြင့် သူ့ပုံစံက သပ်ရပ်ခန့်ညားချောမောနေလေ၏။

ရွှေအဝင်းမှာလည်း ချောကလက်ရောင် ပိုးသားအိအိ



ကိုယ်ကြပ်ဂါဝန်ရှည်ကလေးဖြင့် လိုက်ဖက်လွန်းစွာ လှပလျက်ရှိပါသည်။

"ကိုလွှမ်းနိုင်က အရမ်းခန့်တာပဲ"

"ရွှေအဝင်းလည်း သိပ်လှတာပါပဲ"

သူတို့နှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက် အပြုံးကိုယ်စီဖြင့် ကြည့်ကာ ပြောလိုက်ကြပြီးနောက် မျက်ဝန်းချင်း ဆုံမိသွားကြရပါသည်။

ကိုလွှမ်းနိုင်၏ အကြည့်ရူးရူးလေးများအောက်မှာ ရွှေအဝင်း ရှက်ရွံ့ရင်ဖိုစွာဖြင့် မျက်လွှာလေး အရင်ချလိုက်ရကာ···

"သွားကြစို့ ကိုလွှမ်းနိုင်"

အိမ်ရှေ့ပေါ်တီကိုအောက်တွင် ရပ်ထားသော အဖြူရောင်ပရာဒိုကားအနီးတွင် ရွှေအဝင်း ရပ်လိုက်ပြီးနောက်···

"ကိုလွှမ်းနိုင်ပဲ မောင်းပါ၊ အဝင်း ဘေးနားကပဲ လိုက်မယ်"

လွှမ်းနိုင်မှာ ရွှေအဝင်း ကမ်းပေးလာသော ကားသော့လေးကို လှမ်းယူလိုက်တော့ လက်ဖျားကလေးချင်း ထိခတ်မိသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



လှပ်ခနဲ ခုန်သွားရသော ရင်ခုန်သံလေးကို ရွှေအဝင်း ထိန်းချုပ်ထားလိုက်ရကာ သူ့နံဘေးတွင် ဝင်ထိုင်လိုက်သည်။

တကယ်ဆို ရွှေအဝင်းဆိုတာ ယင်ဖိုတောင် မသန်းဖူးသေးသည့် အပျိုစင်လေးသက်သက်။

နာမည်ကြီး စားသောက်ဆိုင်ရှေ့တွင် လွှမ်းနိုင်တို့ကားလေး ရပ်လိုက်တော့ ဝိတ်တာကောင်လေးများက ကားတံခါး လာဖွင့်ပေးကြသည်။

ရွှေအဝင်း ကားပေါ်မှ ဆင်းလိုက်တော့ စားသောက်ဆိုင် အတွင်းရှိ ယောကျ်ားအတော်များများ၏ မျက်လုံးများက သူမထံ စုပြုံရောက်ရှိသွားကြသည်။ သားနားသော ကားကြီးပေါ်မှ ဆင်းလာသော မိန်းမလှလေးတစ်ယောက်ကို စိတ်ဝင်တစား တချို့က ကြည့်လာကြသလို မြို့ခံလူများကတော့ ရွှေထက်ကောင်းကုမ္ပဏီ ပိုင်ရှင် သူဌေးမလှလှလေးဖြစ်သော ရွှေအဝင်းကို တွေ့လိုက်ရသဖြင့် စိတ်ဝင်တစား ကြည့်ရှုနေကြခြင်းလည်း ဖြစ်လေသည်။

လွှမ်းနိုင်က ကားပါကင်နေရာတွင် ကားကို ထိုးရပ်လိုက်ပြီးနောက် ကားတံခါးများ သော့ပိတ်ကာ ရွှေအဝင်း ရှိရာသို့ ထွက်လာလိုက်သည်။





"ကြွပါ ခင်ဗျာ"

ညှော့ကြိုကောင်လေးက လိုက်လဲဖော်ရွေစွာ ဆီးကြိုပြီး ရှေ့မှ ထွက်သွားလေသည်။

ရွှေအဝင်းမှာ သီးသန့်စားသောက်ခန်းတွင် ကြိုတင်မှာ ထားပြီး စီစဉ်ထားပုံရ၏။

စားသောက်ဝိုင်းများကို သူတို့နှစ်ယောက် ဖြတ်ကျော်သာရာ လမ်းတစ်လျှောက်တွင် အားလုံးက လိုက်ဖက်ညီလှသော သူတို့နှစ်ဦးကို အားကျသော မျက်လုံးမျိုးတွေဖြင့် ငေးကြည့်နေကြတာကို ရွှေအဝင်း သတိထားမိလိုက်သည်။

"စားနော်...ကိုလွှမ်းနိုင်"

ဟင်းပွဲတွေက စုံလင်လှပါသည်။

ကြိုတင်မှာထားသော သီးသန့်စားသောက်ခန်းအတွင်းတွင် လွှမ်းနိုင်နှင့် ရွှေအဝင်းတို့ နှစ်ယောက်တည်း ရှိနေကြသည်။

လွှမ်းနိုင်မှာ အသားဖတ်တစ်ခုကို ဇွန်းဖြင့်ယူ၍ ရွှေအဝင်း၏ ပန်းကန်လေးထဲသို့ ထည့်ပေးလိုက်တော့ သူမက ရွှန်းလဲ့သော မျက်ဝန်းလေးများဖြင့် သူ့ကို ကြည့်လာသည်။

မှာယူထားသော ပူနွေးသော အစားအစာများကို သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် စားကြရင်း တစ်ယောက်ပန်းကန်ထဲသို့ တစ်ယောက် ကောင်းနိုးရာရာ ဟင်းဖတ်လေးများကို ထည့်ပေးမိရင်းက နှစ်ဦးသား ပြုံးမိကြပြန်သည်။

"ကိုယ် စဉ်းစားမိတယ်၊ အဝင်းတစ်ယောက်တည်း ဒီလုပ်ငန်းတွေထဲမှာ ကျင်လည်နေရတာ သိပ်တော့မလွယ်ဘူးထင်တယ်၊ ပြီးတော့ ဒီကျောက်လောကဟာ ရှုပ်ထွေးပြီး အန္တရာယ်များတယ်လို့ ယူဆမိတယ်"

"ကိုလွှမ်းနိုင်ပြောတာ ဟုတ်တော့ ဟုတ်ပါတယ်၊ အဝင်းမှာ ဖေဖေ ကျောက်လောကက အနားယူသွားပြီးတဲ့ အချိန်ကစပြီး လုပ်လာခဲ့တာ ဒီနေ့အထိပဲ၊ လုပ်ငန်းတွေထဲမှာ လည်ပတ်နေရင်းက တစ်ခါတစ်လေတော့လည်း ကိုယ့်ကိုယ်ကို အထီးကျန်ဆန်ခြောက်သွေ့လာသလို ခံစားရတယ်၊ လုပ်ငန်းတွေကြားထဲမှာ နေသားကျနေပေမယ့် အဲဒီခံစားမှုတွေကတော့ ကျန်နေဆဲပါပဲ"

"အဝင်း စိတ်မဆိုးဘူးဆိုရင် ကိုယ် တစ်ခုမေးချင်တယ်"

"မေးပါ ကိုလွှမ်းနိုင်၊ အဝင်း စိတ်မဆိုးတတ်ပါဘူး"

"အဝင်းမှာ ရည်ရွယ်ထားတဲ့သူတွေ ဘာတွေကော မရှိဘူးလား"





သူ့စကားကြောင့် ရွှေအဝင်းက သူ့မျက်နှာကို ဖျတ်ခနဲ စိုက်ကြည့်လိုက်ပြီး...

"အဝင်းမှာ ချစ်သူရှိသလားလို့ မေးချင်တာလား"

"အင်း...အဲဒီသဘောပေါ့"

"ဘာဖြစ်လို့ သိချင်ရတာလဲဟင်"

"အဝင်းမှာ ဘဝအတွက် ရည်ရွယ်ထားတဲ့ ချစ်သူမျိုး ရှိရင်တော့ ဒီအချိန်မှာ အဝင်း သူ့ကို လက်ထပ်သင့်ပြီ"

"ဘာကြောင့်လဲ"

"သူနဲ့လက်ထပ်လိုက်တဲ့အတွက် အဝင်းဘဝရဲ့ ခြောက်သွေ့အထီးကျန်မှုတွေ ကင်းဝေးသွားလိမ့်မယ်၊ ပြီးတော့ အဝင်းဘဝအတွက်လည်း လုံခြုံနွေးထွေးသွားနိုင်မယ်လို့ ကိုယ်ထင်တယ်"

"ကိုလွှမ်းနိုင်ပြောသလို ဖြစ်လာဖို့အတွက် အဝင်းမှာ ဘာချစ်သူမှ မရှိသေးတာ"

"အဝင်းမှာ ချစ်သူမရှိဘူးဆိုတာ တကယ်လား၊ ကိုယ်တော့ မယုံချင်ဘူး၊ အဝင်းလို သိပ်လှတဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးမလေး အနားမှာ အဝင်းရဲ့အချစ်ကို စောင့်မျှော်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတွေ အများကြီးရှိနေတယ်ဆိုတာ ကိုယ်သိနေတာပဲ"

"ဒါတွေက ကိုလွှမ်းနိုင်သိတဲ့ အပေါ်ယံအမြင်လေ၊ သူတို့ ချစ်သလို အဝင်းကမှ ပြန်မချစ်နိုင်တာ၊ အချစ်ဆိုတာကို ဦးနှောက်နဲ့ ရွေးချယ်မယ့် မိန်းကလေးထဲမှာ အဝင်းမပါဘူး"

"အဲဒီလို ရွေးချယ်ခဲ့ရင်လည်း အဝင်းရဲ့ဘဝဟာ စစ်မှန်တဲ့ ပျော်ရွှင်မှုမျိုး ရနိုင်မယ်လို့မထင်ဘူး"

နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက်စိုက်ကြည့်လိုက်မိကြသည်။

"ကိုလွှမ်းနိုင်လို လူမှာလည်း အတိတ်မှာ ချစ်သူဆိုတာ ရှိခဲ့မယ်ထင်တယ်နော်"

"ဘာဖြစ်လို့ အဝင်းက အဲဒီလိုထင်ရတာလဲ"

"ကိုလွှမ်းနိုင်လို ချောမောခန့်ညားတဲ့ အမျိုးသား တစ်ယောက်မှာ ချစ်သူဆိုတာ ရှိနိုင်တာပေါ့"

"ဒီထက်မကပဲ"

ရွှေအဝင်းက ပြောလက်စ စကားကို ရပ်တန့်လိုက်ကာ လွှမ်းနိုင်မျက်နှာကို ကြည့်နေသဖြင့်…

"ဆက်ပြောလေ အဝင်း၊ ဘာပြောချင်လို့လဲ"

"ဒီထက်မကပဲ ကိုလွှမ်းနိုင်မှာ သိပ်ချောတဲ့ ဇနီးတော်





ရှိချင်ရှိနေမှာ"

"အဟွန်း…ဒါကတော့ အဝင်း ကိုယ့်ကို အထင်ကြီးလွန်းသွားပြီထင်တယ်"

"အထင်ကြီးတာ မဟုတ်ပါဘူး၊ ဖြစ်နိုင်ချေကို အဝင်းတွေးမိတာပါ"

"ကိုယ်လည်း အတိတ်ကို ပြန်သတိရချင်ပါပြီ၊ အဝင်းတို့ဆီမှာ နေရတာလည်း အားနာရပါတယ်"

"အဲဒီလိုစကားမျိုးတော့ မပြောပါနဲ့ ကိုလွှမ်းနိုင်ရယ်"

"ကိုလွှမ်းနိုင်ကြောင့် လုပ်ငန်းတွေ တိုးတက်အောင်မြင်ခဲ့ရတာကလည်း ကိုလွှမ်းနိုင်ရဲ့ ကျေးဇူးတွေပါပဲ"

"အဲဒီလိုလည်း မဟုတ်ဘူးပေါ့ အဝင်း၊ တစ်ဦးမေတ္တာ တစ်ဦးစေတနာဆိုသလိုပေါ့"

"ဘာလဲ…စောစောက အဝင်းစကားတွေကြောင့် ကိုလွှမ်းနိုင်ရဲ့အတိတ်ကို ပြန်သတိရသွားချင်တာလား"

"ဘာကိုပြောတာလဲ အဝင်း"

"ဟော…ကိုလွှမ်းနိုင်ရဲ့ အတိတ်က ချစ်သူကိုများ ပြန်တွေ့ချင်သလားလို့ပါ"

ရွှေအဝင်း၏ ပြုံးတုံ့တုံ့ အမူအရာလေးဖြင့် ပြောလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပန်လေးကြောင့် သူ အသည်းယားသွားရ၏။

"အတိတ်က အဖြစ်တွေထက် လက်ရှိအဖြစ်ကိုပဲ လတ်တလော ကိုယ် စိတ်ဝင်စားနေတယ်"

"ကိုလွှမ်းနိုင်က လတ်တလော ဘာကို စိတ်ဝင်စားနေလို့လဲ"

"ကိုယ့်ရှေ့မှာရှိနေတဲ့ ရွှေအဝင်းကိုပေါ့"

"ရှင်"

အံ့သြသွားဟန်လေးနှင့် ရှိနေရသော ရွှေအဝင်း၏ မျက်နှာလေးမှာ ရဲခနဲ ဖြစ်သွားသည်။

"ဟုတ်တယ်လေ…ဒီလို ငယ်ရွယ်လှပနုပျိုတဲ့ မိန်းကလေးတစ်ယောက်မှာ ချစ်တတ်တဲ့ နှလုံးသား မရှိသေးတာကို စိတ်ဝင်စားနေလို့ပါ"

"သြော်…ဒါကတော့ အချစ်ဆိုတာ လုပ်ယူဖန်တီးလို့ရတဲ့ အရာမျိုးမှ မဟုတ်တာပဲ"

"ဒါကလည်း…အဝင်း တကယ်ချစ်ရမယ့်သူကို မတွေ့သေးလို့ ဖြစ်ပါလိမ့်မယ်"

"ဟင်း…ဟင်း ဘယ်ဆိုးလို့လဲ၊ အဝင်းထင်တာထက်တောင် ကိုလွှမ်းနိုင်က စကားပြောကောင်းနေသေးတယ်"





"အဝင်းရဲ့အချစ်ကို ပိုင်ဆိုင်ခွင့်ရတဲ့သူဟာ ကံကောင်းတဲ့ ယောကျ်ားတစ်ယောက်ဖြစ်မှာပါ"

"ဘာပြုလို့"

"အချစ်ဆိုတဲ့အရာအတွက် လေးလေးနက်နက် ခံစားတတ်တဲ့ မိန်းကလေးရဲ့အချစ်ကို ပိုင်ဆိုင်ခွင့်ရလို့ပေါ့"

သူပြုံး၍ ဖြေလိုက်သည်။

"ကိုလွှမ်းနိုင်ကော…ရင်ခုန်ရမယ့် မိန်းကလေး တွေ့နေပြီလား၊ အဝင်းတို့ကုမ္ပဏီက မိန်းကလေးတွေလည်း အချောလေးတွေပါ"

"အဲဒီမိန်းကလေးတွေထက် အဝင်းက ပိုပြီးချောပါတယ်၊ ဒါပေမယ့် ကိုယ့်ရဲ့ဘဝက ရင်ခုန်ခွင့်မှ မရသေးတာ"

ရွှေအဝင်း မျက်နှာလေးကို စူးစိုက်ကြည့်လျက် ပြောလာသော သူ့စကားကြောင့် သူမနှလုံးသားလေးတစ်စုံ တလှပ်လှပ်လေး ခုန်သွားရပါသည်။

သြော်…ကိုလွှမ်းနိုင်ဆိုတဲ့သူရယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဘာ…ဘာပြောတယ် အဝင်း၊ ကိုဖိုးစံ ကားတိုက်ခံ
လို့ အရေးပေါ်ရောက်နေတယ် ဟုတ်လား"

"ဟုတ်တယ် ကိုလွှမ်းနိုင်၊ စောစောကလေးကမှ ဖုန်း
လာတာ၊ ကိုလွှမ်းနိုင်ဆီကို အခုပဲ ဖုန်းဆက်တော့မလို့"

ရွှေထက်ကောင်းကုမ္ပဏီသို့ ရောက်ရောက်ခြင်း ရွှေအဝင်း
ဆီမှ ကြားလိုက်ရသော သတင်းစကားကြောင့် သူ အံ့သြသွားရ

"ဘယ်လိုဖြစ်တာတဲ့လဲ"

"အသေးစိတ်တော့ မသိသေးဘူး၊ သူ့မိန်းမ ဖုန်းဆက်တ
တော့ အခြေအနေမကောင်းဘူးတဲ့၊ တိုက်မိတဲ့ကားကလည်း
ထွက်ပြေးသွားတယ် ပြောတယ်"



"ဒါဆို ဆေးရုံကို အမြန်သွားကြရအောင်"

သူနှင့် ရွှေအဝင်းတို့ ဆေးရုံသို့ အမြန်ထွက်လာခဲ့ကြသည်။

ဆေးရုံ၏ အရေးပေါ်အခန်းထဲရောက်တော့ လူနာခုတင်ပေါ်တွင် မျက်နှာတစ်ခုလုံး ရစရာမရှိအောင် ဒဏ်ရာများရထားသော ကိုဖိုးစံကို တွေ့ရသည်။

သူနှင့်ရွှေအဝင်းတို့ကို တွေ့သောအခါ ကိုဖိုးစံ၏ မျက်လုံးထဲတွင် မျက်ရည်စလေးတွေ ဝေ့ဝဲလာသည်။

"ကိုဖိုးစံ…ခင်ဗျား နေသာရဲ့လား၊ ဘာမှမဖြစ်နိုင်ပါဘူး၊ အချိန်ယူပြီး ကုရင် ပျောက်သွားမှာပါ"

သူ ကိုဖိုးစံနားကပ်ကာ အားပေးစကား ပြောလိုက်သည်။

"ကိုဖိုးစံ…အဝင်းတို့ရှိတယ်၊ ဘာမှအားမငယ်နဲ့နော်"

ရွှေအဝင်းနှင့်သူ့အား ကြည့်ကာ ကိုဖိုးစံ တစ်စုံတစ်ရာကို ပြောချင်နေပုံရသဖြင့် သူ ကိုဖိုးစံပါးစပ်နားကပ်ကာ သူ နားထောင်လိုက်သည်။

"ကိုဖိုးစံ…ခင်ဗျား ဘာပြောချင်လဲ ပြောပါ"

"ကို…လွှမ်း…နိုင်"

ကိုဖိုးစံအသံမှာ တုန်ရီမောဟိုက်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဪ...ကိုဖိုးစံ၊ ကျွန်တော် နားထောင်နေပါတယ်"

"လောက်ကြိုင်...လောက်...ကြိုင်"

"ကိုဖိုးစံ...ကိုဖိုးစံ"

ကိုဖိုးစံ အသံငြိမ်ကျသွားသဖြင့် သူ ကိုဖိုးစံနာမည်ကို ခေါ်နေလိုက်သည်။

သူနာပြုဆရာမလေး ရောက်ရှိလာပြီး ကိုဖိုးစံအခြေအနေကို စမ်းသပ်လိုက်ပြီးနောက်...

"လူနာ...ဆုံးသွားပါပြီ"

"ဟင်"

"ရှင်"

"အမယ်လေး...ကိုဖိုးစံရဲ့"

ကိုဖိုးစံမိန်းမရဲ့ ဝမ်းပန်းတနည်း ငိုရှိုက်သံကို ကြားလိုက်ရသည်။

ဖြစ်မှဖြစ်ရလေ ကိုဖိုးစံရယ်။

ရွှေအဝင်းထံမှလည်း ငိုရှိုက်သံလေးကို ကြားလိုက်ရသည်။

ရွှေထက်ကောင်းမိသားစုအတွက် အမြဲအားကိုးတိုင်ပင်







ဖော်ရခဲ့သော ကိုဖိုးစံတစ်ယောက် လူ့လောကမှ ထွက်ခွာသွားရပေပြီ။

ကိုဖိုးစံ ဒီလိုဖြစ်သွားရခြင်းသည် လောက်ကြိုင်တို့အဖွဲ့၏ စနက်မှန်း သူ သိလိုက်ပါသည်။

ကိုဖိုးစံ၏ ရုပ်အလောင်းကို အမြန်ဆုံး ပြီးစီးအောင် သူ ဆောင်ရွက်ပေးပြီးနောက် ကိုဖိုးစံမိန်းမကိုလည်း အရင်းအနှီးတစ်ခု ထူထောင်နိုင်လောက်အောင် ရွှေအဝင်းနှင့် တိုင်ပင်ကာ ထောက်ပံ့ပေးလိုက်သည်။

နောက်ပိုင်း ကိုဖိုးစံကိစ္စကို စုံစမ်းခိုင်းတော့ လောက်ကြိုင်တို့အဖွဲ့ လက်ချက်မှန်း သေချာသွား၏။

သူနှင့်ရွှေအဝင်းတို့အားလည်း မကြာမီကမှ သူတို့ရောင်းချလိုက်သော ကျောက်ကိစ္စနှင့်ပတ်သက်၍ လုံးဝမကျေနပ်ကြောင်း သိရသည်။

"ရွှေအဝင်း...အခုဆို လောက်ကြိုင်တို့ရဲ့ အန္တရာယ်က မသေးဘူး၊ အဝင်းမှာလည်း ထိုက်သင့်တဲ့ အကျိုးအမြတ်တွေ ရထားပြီးပါပြီ"

"ကိုယ့်ဆန္ဒကို ပြောရရင်တော့ အဝင်းလည်း ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ထဲက အနားယူသင့်ပြီလို့ ထင်တယ်၊ ဒါ လောက်ကြိုင်တို့ အန္တရာယ်ကို ကြောက်လို့ ကိုယ်ပြောနေတာ မဟုတ်ဘူးနော်"

"ဒီလောကရဲ့ ရှုပ်ထွေးကောက်ကျစ်တဲ့ အလုပ်တွေကို ကိုယ် စက်ဆုပ်သွားမိလို့ပါ"

"ကိုလွှမ်းနိုင် ပြောတာလည်း ဟုတ်ပါတယ်၊ အဝင်းအနေ နဲ့လည်း ဒီလောကထဲက စွန့်ခွာချင်ပါပြီ၊ အဝင်း စဉ်းစားပါဦး၊ အဝင်း သေချာစဉ်းစားဆုံးဖြတ်ပြီးရင် ကိုလွှမ်းနိုင်နဲ့ တိုင်ပင်ပါ့မယ် နော်"

"ကောင်းပါပြီ အဝင်း၊ ဒီကြားထဲလည်း ဘယ်သွားသွား ကိုယ့်ကိုခေါ်ပါ"

"ခေါ်ပါ့မယ် ကိုလွှမ်းနိုင်၊ ကိုလွှမ်းနိုင်လည်း အစစအရာ ရာ သတိရှိပါနော်"

သူ့အတွက် စိုးရိမ်စိတ်ကလေးများဖြင့် ပြောလိုက်သော ရွှေအဝင်း၏ မျက်နှာလှလှလေးကို ကြည့်ကာ သူခေါင်းညိတ်ပြ လိုက်သည်။

"စိတ်ချပါ အဝင်း၊ ကိုယ့်အတွက် မစိုးရိမ်ပါနဲ့၊ အဝင်း သာ သတိနဲ့နေပါ"





ကိုလွှမ်းနိုင်ပြောသလို စီစဉ်ဖို့ ဖေဖေ ဦးထက်ကောင်းနှင့် သွားရောက်တွေ့ဆုံဖို့ ရွှေအဝင်း ဆုံးဖြတ်ချက်ချလိုက်သည်။

ထိုဆုံးဖြတ်ချက်ကို ကိုလွှမ်းနိုင်အား ပြောလိုက်တော့…

"အကောင်းဆုံးပေါ့ အဝင်း၊ ဦးလေး ဦးထက်ကောင်းဆီ သွားဖို့ ဘယ်နေ့လောက် စဉ်းစားထားလဲ"

"အဝင်း ကုမ္ပဏီလုပ်ငန်းတွေကို ခဏရပ်ထားလိုက်မယ်၊ ဘိုဖိုးစံ နာရေးဖြစ်ပြီးကတည်းက အဝင်းလည်း ဒီလုပ်ငန်းတွေမှာ စိတ်မပါတော့ဘူး၊ ကုမ္ပဏီကိစ္စတွေ စီစဉ်ပြီးတာနဲ့ ဖေဖေ့ဆီ သွားကြ တာပေါ့ ကိုလွှမ်းနိုင်"

"ဒါဆို ကိုယ်လည်း အားလုံး အသင့်လုပ်ထားလိုက်ပါ့ မယ်"

ကုမ္ပဏီလုပ်ငန်းတွေကို ရပ်ထားလိုက်ပြီးနောက် ကိုလွှမ်းနိုင်နှင့် ရွှေအဝင်း ဖေဖေ ဦးထက်ကောင်းရှိရာဆီသို့ ထွက် လာခဲ့သည်။

ကိုလွှမ်းနိုင် မောင်းလာသော ကားလေးသည် ခရီးလမ်း တစ်လျှောက် အကွေ့အဝိုက် အတက်အဆင်းများကို ကျော်ဖြတ်ကာ မောင်းနှင်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလွှမ်းနိုင်...အဝင်းတို့ ဒီလုပ်ငန်းတွေကို ရပ်လိုက်ရင် ဒီနယ်မြေမှာလည်း အဝင်း မနေချင်တော့ဘူး"

"အဝင်းက ဘယ်ပြောင်းချင်လို့လဲ"

"အဲဒါတွေကို တိုင်ပင်ချင်လို့ ဖေဖေ့ဆီ သွားတာပေါ့။ ဖေဖေ့ဆီက အကြံဉာဏ်တောင်းပြီး အကောင်းဆုံးစီစဉ်ကြတာပေါ့ ကိုလွှမ်းနိုင်ရယ်"

သူတို့ကားလေး သွားရာလမ်းတစ်လျှောက် သစ်ပင်သစ်တော ထူထပ်ခြင်းကြောင့် အုပ်ဆိုင်းညို့မှိုင်းလျက် ရှိနေပါသည်။ ကိုလွှမ်းနိုင်သည် ကားကို မနှေးမမြန် မောင်းနှင်လျက်ရှိလေသည်။

ရုတ်တရက် သူတို့မောင်းလာသော ကားရှေ့သို့ လူတစ်ယောက် ဝင်လာပြီး လမ်းအလယ်တည့်တည့်မှာ ပိတ်ရပ်လိုက်ရာ မျှော်လင့်မထားနိုင်သော အဖြစ်ကြောင့် လွှမ်းနိုင်မှာ သူ့ကားကို အချိန်မီ ရပ်တန့်လိုက်ရပါသည်။

"တစ်ယောက်မှမလှုပ်နဲ့နော်၊ ဒီမှာမြင်လား"

"ဟင်"

ထင်မှတ်မထားသော အဖြစ်အပျက်ကြောင့် လွှမ်းနိုင်နှင့် ရွှေအဝင်းမှာ အံ့သြမှင်သက်မိနေစဉ်မှာပင် လမ်းဘေးမှ နောက်ထပ်



လူသုံးယောက် ထွက်လာပြီး ကားကို ချက်ချင်းဝိုင်းလိုက်ကြလေသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ကျုပ်တို့ကို ဘာလုပ်မလို့လဲ"

"မင်းသိချင်တာတွေ ဟိုရောက်ရင် သိရမှာပေါ့ကွ၊ အခု စကားမရှည်နဲ့၊ အသားမနာချင်ရင် ပါးစပ်ပိတ်ထား"

"ကဲ...မိန်းကလေး ကားပေါ်ကဆင်း"

"ရှင်"

"ရှင်တွေဘာတွေ လုပ်မနေနဲ့၊ ငါပြောတဲ့အတိုင်းလုပ်"

ရွှေအဝင်းမှာ သေနတ်ကိုင်ထားသည့် ခေါင်းဆောင်ဖြစ်ဟန်တူသူ၏ စကားကြောင့် ဘာမှမတတ်နိုင်ဘဲ ကားပေါ်မှ ဆင်းလိုက်ရသည်။

"သွား...ကားနောက်ခန်းထဲဝင်၊ ကဲ တို့အဖွဲ့တွေလည်း ကားနောက်ခန်းမှာ နှစ်ယောက်ဝင်၊ တစ်ယောက်က ငါနဲ့ ရှေ့ခန်းက လိုက်ခဲ့"

ရွှေအဝင်းအား ကားရှေ့ခုံမှ ဆင်းခိုင်းလိုက်ပြီး ကားနောက်ခန်းတွင် သူ့လူနှစ်ယောက်နှင့်အတူ တက်ခိုင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကားကို ငါတို့ပြောတဲ့အတိုင်း မောင်းစမ်း၊ အူကြောင်ကြောင်လုပ်မယ်ဆိုရင် ဒီမယ်မြင်လား"

အေးစက်သော သေနတ်အတွေ့က လွှမ်းနိုင်၏ ဦးခေါင်းဆီ ထိလာတာမို့ ထိုသူမောင်းခိုင်းသော လမ်းအတိုင်း သူမောင်းလိုက်သည်။

လွှမ်းနိုင်မှာ ထိုလူ၏ ညွှန်ကြားချက်အတိုင်း သူ့ကားကို ဟိုလိုချိုး၊ ဒီကွေ့ဖြင့် မောင်းနှင်လာခဲ့ရသည်။ စိတ်အတွေးထဲတွင်တော့ သူတို့ကိုခေါ်လာတာ ဘာကြောင့်လဲ၊ ဘာအတွက်လဲဆိုတာကို တွေးနေမိရုံမျှမက အကွက်ကောင်းကြုံလာလျှင် အသင့်တိုက်ခိုက်ရန် ပြင်ဆင်စိတ်ကူးလိုက်သော်လည်း နောက်ခန်းမှ ရွှေအခင်းအတွက်လည်း ငဲ့ညှာနေရပါသည်။

ထိုသို့ဖြင့် လွှမ်းနိုင်တို့ကားမှာ တောလမ်းခရီးအတိုင်း မောင်းနှင်လာခဲ့ရာ အတော်ခရီးပေါက်လာခဲ့ပြီးနောက် ခြံအိုကြီးတစ်ခုရှေ့တွင် သူ့ကားလေးကို ထိုးရပ်၍ ရပ်တန့်စေလိုက်သည်။

"ဘယ်နှယ့်လဲဟေ့…အဆင်ပြေရဲ့လား"

"ပြေပါတယ် ဆရာ"

လူတစ်ယောက်၏ စကားသံနှင့်အတူ ကားအနားသို့





ရောက်လာသော လူရိပ်ကို လှမ်းကြည့်လိုက်ရာ…

"ဟင်…ကိုလောက်ကြိုင်"

"ဟုတ်ပါ့ဗျာ…မင်း လူလည်လုပ်သွားတဲ့ လောက်ကြိုင်ပါပဲ၊ နေကောင်းပါတယ်နော် အခင်း"

လုံးဝ မျှော်လင့်မထားသော လူတစ်ယောက်ကို တွေ့လိုက်ရ၍ သူတို့နှစ်ယောက်စလုံး အံ့သြနေစဉ်မှာပင် ကျေနပ်အားရစွာ ရယ်မောလိုက်သော လောက်ကြိုင်ရယ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

"ခင်ဗျား ကျုပ်တို့ကို ဘာလုပ်မလို့လဲ"

"အင်း…လုပ်ချင်တာတွေကတော့ အများကြီးပေါ့ကွာ၊ ဒါပေမယ့် လုပ်သင့်လုပ်ထိုက်တာလေးတွေပဲ ကျုပ်က လုပ်မှာပါလေ"

"ဟား…ဟား…ဟား"

"ကဲ…သူတို့ကို ခေါ်ခဲ့ဟေ့"

"ဆင်းစမ်း"

"အို…အမေ့"

"ရွှေအခင်း"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ဆင်းစေသဖြင့် ရွှေအဝင်းခမျာ လဲပြိုမတတ် ဖြစ်သွားရသဖြင့် သူ စိုးရိမ်စွာ ခေါ်လိုက်မိသည်။

"ဖြောင်း…ဖြောင်း…အဝင်း လူရွေးတကယ်တော်တာပဲ၊ အဝင်းရဲ့ ကိုယ်ရံတော်က အဝင်းအတွက် စိတ်ပူတတ်သားပဲ"

လက်ခုပ်သံနှင့်အတူ ခပ်လှောင်လှောင် အပြုံးဖြင့် ချီးကျူး စကားဆိုလိုက်သော ကိုလောက်ကြိုင်၏ စကားသံကို ကြားလိုက်ရသည်။

"ရွှေအဝင်းဆိုတဲ့ မင်းလည်း ဒီလွှမ်းနိုင်ဆိုတဲ့ လူနဲ့ကျမှ ချာန်လျောသွားပြီ ထင်ပါရဲ့"

"အပိုတွေ ပြောမနေနဲ့ ကိုလောက်ကြိုင်၊ ရှင် အဝင်းတို့ကို ဒီလို ဘာဖြစ်လို့ လုပ်ရတာလဲ၊ ဘာလုပ်ချင်လို့လဲ"

"ကောင်းပြီ…ကျုပ်ကလည်း လိုရင်းပဲ ပြောချင်တဲ့လူပါ ရွှေအဝင်း၊ ဟိုတစ်လောက မင်းတို့ရောင်းထုတ်လိုက်တဲ့ အစိမ်းတုံး အတွက် သိန်းငါးရာလိုချင်တယ်၊ ဘယ့်နှယ်လဲ"

"ဟင်"

"မပေးနိုင်ဘူး ကိုလောက်ကြိုင်"





"စဉ်းစားပါဦးလေ၊ ကျုပ်ပြောတဲ့အတိုင်း မလုပ်နိုင်ဘူးဆိုရင် ဒုက္ခတွေ များကုန်လိမ့်မယ်ဆိုတာတော့ ကြိုတင်သတိပေးထားချင်တယ်"

"ကဲ…သူတို့ကို ခေါ်သွားစမ်းဟေ့"

လောက်ကြိုင်က သူတို့နှစ်ယောက်ကို ကျောခိုင်းလိုက်ပြီးနောက် နေရာက ထွက်သွားပြီဖြစ်သည့်အတိုင်း သူနှင့် ရွှေအဝင်းမှာလည်း လောက်ကြိုင်၏ တပည့်များခေါ်ရာသို့ လိုက်ပါလာခဲ့ရပါတော့သည်။

မှောင်မည်းအေးစက်သော အခန်းကျဉ်းလေးထဲမှာ ရွှေအဝင်းနှင့် လွှမ်းနိုင်တို့နှစ်ယောက်သား ရှိနေရပါသည်။

လောက်ကြိုင်၏ လက်ထဲက လွတ်မြောက်ခွင့်ရရှိရန် ဘယ်လိုဘယ်ပုံ ကြိုးစားကြံစည်ရမလဲဆိုတာကို သူ စဉ်းစားနေမိသည်။

လောက်ကြိုင်မှာ ကျောက်ကိစ္စနှင့်ပတ်သက်ပြီး ရန်ညိုးဖွဲ့ကာ ဤကဲ့သို့ တမင်လုပ်ဆောင်ခြင်းဖြစ်သည်။

ညဥ့်လွှာရဲ့ အမှောင်ထုက ပတ်ဝန်းကျင်တစ်ခုလုံးကို တဖြည်းဖြည်း ကြီးစိုးနေရာယူလာသလို အအေးဓာတ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



သိသာပိုကဲစွာ လွှမ်းခြုံလို့လာပါသည်။

ညစာအဖြစ် လာပို့ထားသော အစားအသောက်များကို ဘာတစ်ခုမှ မတို့ထိမိကြသလို ခြုံစောင်တစ်ထည်နှင့် ခေါင်းအုံးလေးတစ်လုံးမှာလည်း ဝါးကွပ်ပျစ်ပေါ်မှာ ဒီအတိုင်း ရှိနေဆဲဖြစ်သည်။

"ကိုလွှမ်းနိုင်…အဝင်းတို့ ဘယ်လိုလုပ်ကြမလဲဟင်"

"အခြေအနေကြည့်ပြီး မီးစင်ကြည့်ကရတော့မှာပဲ အဝင်းဘာမှစိတ်မပူပါနဲ့၊ ကိုယ်တစ်ယောက်လုံးရှိပါတယ်"

လွှမ်းနိုင်မှာ သူနှင့်ရွှေအဝင်းတို့၏ လွတ်မြောက်ရာကို အကြံဉာဏ်ထုတ် စဉ်းစားနေသလို ရွှေအဝင်းအားလည်း အားပေးနှစ်သိမ့်စကား ဆိုလိုက်ပါသည်။

တောတောင်အရိပ်များကြောင့် အချမ်းဓာတ်က တစိမ့်စိမ့်တိုးဝင်လျက်ရှိသည်။

လေပြင်းတစ်ချက် ဝေ့လျှင် အအေးဓာတ်က သိသာစွာလွှမ်းခြုံလာသဖြင့် သူပင် ခိုက်တုန်သွားစေရာ ရွှေအဝင်းကဲ့သို့ နုနုငယ်ငယ် မိန်းကလေးအတွက်မူ ဆိုဖွယ်ရာ မရှိချေ။

အမှောင်ထဲတွင် ငြိမ်သက်စွာ ရှိနေရသော ရွှေအဝင်းကို သူ နေရာမှထပြီး ခြုံစောင်ကို ဆွဲယူလိုက်ကာ ရွှေအဝင်းကိုယ်လေးပေါ်သို့ ညင်သာစွာ လွှမ်းခြုံပေးလိုက်သည်။

"အဝင်း"

ခြုံလွှာအောက်မှ ခိုက်ခိုက်တုန်နေသော ရွှေအဝင်း၏ အမည်လေးကို သူခေါ်လိုက်သည်။ ဖြစ်ချင်တော့ ကြည်ပြာရောင် အသားပါးပါး အင်္ကျီလေးကို ဝတ်ထားသော ရွှေအဝင်းမှာ တောတောင်အတွင်းမှ ရာသီဥတု ကြမ်းကြမ်းနှင့် ကြုံသောအခါ ခံနိုင်ရည် မရှိတော့ချေ။

လွှမ်းနိုင်ကိုယ်ပေါ်တွင်တော့ ဂျာကင်တစ်ထည် ရှိနေပါသည်။ ပျပျမြင်နေရသော အလင်းရောင်ဖြင့် ရွှေအဝင်းကို သူ တစ်ချက်မျှ စိုက်ကြည့်လိုက်ပြီးနောက် ကိုယ်ပေါ်က ဂျာကင်ကို ချွတ်ယူလိုက်ပြီး သူမကိုယ်ပေါ် တင်ပေးလိုက်တော့ ရွှေအဝင်းက သူ့ကို ဖျတ်ခနဲ မော့ကြည့်လာပါသည်။

"အဝင်း…သိပ်အေးနေတာ ကိုယ်သိတယ်၊ ကိုယ့်အင်္ကျီကို ခြုံထားပါ"

"ရပါတယ် ကိုလွှမ်းနိုင်ပဲ ပြန်ဝတ်ထားပါ၊ ရာသီဥတုက ဒီလောက်အေးနေတာကို"



ဝိုး၊မိုး၊၁၁၆၀
ဝိုး၊မိုး၊၆၁၆၀
www.burmeseclassic.com

www.burmeseclassic.com



ရွှေအဝင်းက နေရာမှထပြီး သူ့ဂျာကင်အင်္ကျီကို ပြန်ပေးဖို့ ဒြိုးစားပါသည်။

"ရော့…ကိုလွှမ်းနိုင်၊ အင်္ကျီကို ပြန်ယူပါ"

ရွှေအဝင်း လက်ကလေးများ သူ့ကိုလာထိသောအခါ ရေခဲတမျှ အေးစက်သော အတွေ့ကို ခံစားလိုက်ရသဖြင့် သူ့ရင်မှာ ထိတ်ခနဲ ဖြစ်သွားသည်။

"အဝင်း"

"အို"

သူ ရွှေအဝင်း လက်ကလေးနှစ်ဖက်ကို တင်းကျပ်စွာ ဆွဲယူဆုပ်ကိုင်လိုက်မိပါသည်။

"ကြည့်ပါဦး အဝင်း လက်ကလေးတွေ အရမ်းအေးနေပြီ"

"ကိုယ့်ဂျာကင်ကို ဝတ်ထားပါ၊ တော်ကြာ အဝင်း အအေးပတ်သွားဦးမယ်"

ရွှေအဝင်း၏ လက်ကလေးများကို မလွှတ်မိသေးဘဲ သူဆိုလိုက်သည်။

"ဟို…ဟို အဝင်းလက်ကို လွှတ်ပေးပါဦး"





ပန်းနုရောင်မျက်နှာကလေးဖြင့် အရှက်သည်းစွာ ပြောလိုက်သော ရွှေအဝင်း၏ စကားကြောင့် လွှမ်းနိုင်လည်း သူ့မလက်ကလေးကို ညင်သာစွာ ဖြေလွှတ်ပေးလိုက်ပါသည်။

ခိုင်ခန့်သော အခန်းကို သော့ခတ်ထားသဖြင့် ထွက်ပြေးဖို့ ဖြစ်နိုင်သလို ဟိုးခပ်လှမ်းလှမ်းတစ်နေရာတွင် အစောင့်ဖြစ်သူကို တွေ့လိုက်ရသဖြင့် သူ လှမ်းခေါ်လိုက်သည်။

"ဒီမှာဗျ…ဒီမှာ"

အစောင့်က သူ့အသံကို ကြားသော်လည်း ဂရုမစိုက်။ သူ့တွင်ရှိနေသော အရက်တစ်ပုလင်းဖြင့် အရှိန်ရလျက်ရှိရာ နောက်ထပ်အသံမြှင့်ပြီး သူ လှမ်းခေါ်လိုက်မိပါသည်။

"ဒီမှာဗျာ…ကျုပ်တို့ သိပ်အေးနေပြီ၊ မီးဖိုပေးပါ"

"ဘာ…မီးဖိုပေးပါ ဟုတ်လား"

"ဟုတ်တယ်"

"အဟား…ဟား မင်းတို့ကို ဖမ်းခေါ်လာပြီး ကိုယ်ထိလက်ရောက် မနှိပ်စက်ဘဲ ဒီလောက်ထားတာကိုပဲ ကျေးဇူးတင်"

"မီးဖိုပေးတာတွေ၊ အနွေးထည်တွေ ဘာတွေ မျှော်လင့်မနေနဲ့၊ သိပ်အေးနေရင် တစ်ယောက်ကိုတစ်ယောက် ဖက်အိပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



နားလည်လား''

''ဟား…ဟား…ဟား''

''အို''

အစောင့်၏ မူးမူးရူးရူး မဆင်မခြင် ပြောလိုက်သည့် စကားကြောင့် အမှောင်ထဲမှာပင် ရွှေအင်း၏ပါးကလေးတွေ ရဲရဲနီသွားရသလို သူ့ကိုယ်တိုင်လည်း နှုတ်ဆိတ်သွားရသည်။

ဆက်ပြော၍ အကျိုးမထူးနိုင်သည့်အတူ ငြိမ်သက်တိတ်ဆိတ်စွာ နေလိုက်ခြင်းက အကောင်းဆုံးဖြစ်သည်။

အချိန်တွေ တရွေ့ရွေ့ ရှည်ကြာလာသလို ရွှေအင်းထံမှ ညည်းညူသံလေးလည်း ထွက်လာပါသည်။

''အင်…ဟင်း…ဟင်း''

အေးလွန်း၍ ညည်းညူနေသံလေးကြောင့် သူ ဘယ်လိုမှ ငြိမ်၍မနေနိုင်တော့ဘဲ ရွှေအင်းရှိရာသို့ ဖျတ်ခနဲ ရောက်သွားပါသည်။

''ရွှေအင်း''

''အင်…ရှင်''

ရွှေအင်း၏ နာမည်ကို ခေါ်လိုက်တော့ တိုးလျသော





အသံလေးဖြင့် သူမလေး ပြန်ထူးပါသည်။

''အဝင်းရယ်''

သူမကိုယ်လေးကို သူ့ရင်ခွင်ထဲမှာ ညင်သာစွာ ထွေးပွေ့ထားလိုက်ရာ သိပ်မကြာခင်မှာပင် ရွှေအင်းထံမှ ညည်းညူသံလေးလည်း ကွယ်ပျောက်သွားသည်။

နွေးထွေးသော သူ့ရင်ခွင်ထဲမှာ ရွှေအင်းတစ်ယောက် ကလေးငယ်လေးတစ်ယောက်လို တိုးဝင်လျက် နှစ်ခြိုက်စွာ အိပ်ပျော်သွားရာ လွှမ်းနိုင်မှာလည်း ရွှေအင်းကိုယ်လေးကို ရင်ခွင်မှာ ခပ်တင်းတင်းလေး ထွေးဖက်ထားလိုက်ရပါသည်။

ပထမဆုံး ရွှေအင်း၏ အသိတရားထဲကို ဝင်ရောက်လာသည်က တင်းကြပ်လွန်းသော ထွေးပွေ့မှုနှင့် နွေးထွေးသောရင်ခွင်တစ်ခုဖြစ်သည်။

ရုတ်တရက် သူမကိုယ်သူမ ဘာဖြစ်နေမှန်းမသိဘဲ ဝေဝါးနေရာမှ အသိတရားတို့ ကြည်လင်ပြတ်သားလာသောအခါ အုံးမှိတ်ထားသော မျက်ဝန်းအစုံကို အလန့်တကြားလေး ဖွင့်ကြည့်လိုက်မိပါတော့သည်။

''နိုးပြီလား အဝင်း''



www.burmeseclassic.com

www.burmeseclassic.com



"အို"

ပါးပြင်နှစ်ဖက် နှင်းဆီခင်းဖြစ်သွားရသလို တင်းကျပ်စွာ ထွေးဖက်ခံထားရသော သူ့ရင်ခွင်ထဲမှာ သူမကိုယ်လေးကို ရှက်လန့် ခြင်းများစွာဖြင့် ရုန်းထွက်လိုက်တော့ သူက ညင်သာစွာ ဖြေလွှတ် ပေးပါသည်။

"ဟိုမှာ…မျက်နှာသစ်ဖို့ ကိုယ်တို့ကို လာခေါ်နေပြီ လာ အဝင်း"

ကိုလွှမ်းနိုင်နှင့်အတူ ရွှေအဝင်း လိုက်ပါလာခဲ့သည်။ အနားမှာ အစောင့်လူဆိုးနှစ်ယောက်က ရွှေအဝင်းကို ခြေဆုံးခေါင်း ပြန် စူးစူးစိုက်စိုက် ကြည့်နေသောကြောင့် ကိုလွှမ်းနိုင်ဘက်သို့ ပိုမို၍ တိုးကပ်လိုက်မိပါသည်။

သူတို့နှစ်ယောက်မှာ ဆားတစ်ပုံနှင့် အေးစက်စက်ရေမျှား ကို အသုံးပြုပြီး မျက်နှာသစ်ခြင်းအမှုကို လျင်မြန်စွာ ပြီးဆုံးစေလိုက် သလို အိပ်ရာကိုလည်း အချိန်ကြာကြာ ဆွဲမနေနိုင်ဘဲ အပြေးအလွှား တက်လိုက်ရပါသည်။

"ကိုလောက်ကြိုင် တောင်းတဲ့ငွေကို ပေးလိုက်ကြမလား ဟင် ကိုလွှမ်းနိုင်"

နို : မို ၀၁၆ပ



"ကိုယ်လည်း စဉ်းစားနေပါတယ်၊ ဒါ လောက်ကြိုက်ဆို တဲ့လူ သက်သက်လူပါးဝတာပဲ၊ အခြေအနေတော့ စောင့်ကြည့်ကြ သေးတာပေါ့ အဝင်းရယ်"

သူနှင့် ရွှေအဝင်းတို့ နှစ်ယောက် အကြည့်ချင်းဆုံသွားကြ သည်။ နူးညံ့ရွှန်းလက်သော သူ့အကြည့်နွေးနွေးများက ရွှေအဝင်း ကို အနေခက်စေသဖြင့် သူမကပဲ အကြည့်ကို အရင်ဆုံး လွှဲဖယ် လိုက်ရပါသည်။

ညတုန်းက လွှမ်းနိုင်ရင်ခွင်ထဲမှာ နွေးထွေးစွာ အိပ်ပျော် ခဲ့ရသည့်အဖြစ်ကို ရွှေအဝင်း ဘယ်လိုမှ မေ့မရသလို သူလည်း မေ့လို့ရမည်မဟုတ်တာ သေချာပါသည်။

"အဝင်း"

"ရှင်"

"ညက အဝင်း သိပ်လှနေလို့ ကိုယ်"

"မပြောပါနဲ့တော့၊ အဝင်း သိပါတယ်ရှင်၊ ခုလောလော ဆယ် ဒီနေရာက လွတ်မြောက်ဖို့ကိုပဲ ကိုလွှမ်းနိုင် စဉ်းစားပေးပါ ဦး"

"အဝင်းဆီက ဘာပစ္စည်းတွေ သူတို့သိမ်းထားသေးလဲ"

နို : မို ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



''အဝင်းရဲ့ စလင်းဘက်အိတ်ကို ကိုလောက်ကြိုင် ယူထားတယ်''

''အဲဒီအထဲမှာ ဘာတွေပါလဲ''

''ပိုက်ဆံ ငါးသိန်းရယ်၊ တခြားပစ္စည်းတွေရယ်၊ ဟမ်းဖုန်းရယ် ပါတယ်''

''ဟုတ်ပြီ…ကိုယ် အကြံတစ်ခုရပြီ၊ အလုပြင်ချင်လို့နဲ့ပြီး လောက်ကြိုင်ဆီက အဲဒီအိတ်ကို ခဏယူလိုက်၊ ပြီးတော့ အဝင်းရဲ့ ဟမ်းဖုန်းနဲ့ အိမ်ကို အဆက်အသွယ်လုပ်ပြီး ကိုယ်တို့ရှိတဲ့နေရာကို သက်ဆိုင်ရာကို အကြောင်းကြားပြီး အမြန်ဆုံးလိုက်ခဲ့ဖို့ ပြောလိုက်''

''ဒီဘက်က အခြေအနေကိုတော့ အဆင်ပြေသလိုကြည့်ပြီး လုပ်ရှားကြတာပေါ့၊ မကောင်းဘူးလား''

''သိပ်ကောင်းတယ် ကိုလွှမ်းနိုင်၊ ဒါဆို အဝင်းလုပ်လိုက်မယ်''

''ဒီမှာ ကိုလောက်ကြိုင်နဲ့ ခဏလောက်တွေ့ချင်တယ်တွေ့လို့ရမလား''

ရွှေအဝင်းက အစောင့်ကိုခေါ်ကာ ပြောလိုက်သည်။





''နေဦး…ဆရာ နိုးပြီလားမသိဘူး၊ သွားကြည့်လိုက်ဦးမယ်''

အစောင့်ထွက်သွားပြီး မကြာမီ ပြန်ရောက်လာသည်။

''ဆရာက တွေ့မယ်တဲ့၊ လာ လိုက်ခဲ့''

လွှမ်းနိုင်ကို ခေါင်းတစ်ချက် ဆတ်ပြလိုက်ပြီးနောက် ရွှေအဝင်း အစောင့်နှင့် လိုက်ပါသွားသည်။

''ဘယ်လိုလဲ အဝင်းရဲ့၊ ကိုယ်ပြောတာကို လက်ခံလိုက်ပြီလား''

''ဖြည်းဖြည်းပေါ့ ကိုလောက်ကြိုင်ရယ်၊ အေးအေးဆေးဆေး စဉ်းစားပြီး ညှိနှိုင်းကြတာပေါ့''

''ဒီလိုသဘောထား ပျော့ပျောင်းလာတဲ့အတွက် ကျေးဇူးတင်ပါတယ်''

''ကိုလောက်ကြိုင် အဝင်းကို ဒီလောက်ရက်စက်နိုင်မယ်လို့ ထင်မထားခဲ့ဘူး''

မခို့တရို့ မျက်နှာလေးဖြင့် ပြောလိုက်သော ရွှေအဝင်း ဟန်ပန်လေးကြောင့်…

''ဟဲ…ဟဲ…ဟဲ အဝင်းကို ကိုယ် မရက်စက်ချင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ တကယ်တော့ ကိုယ့်စိတ်အမှန်က အဝင်းကို ကြင်နာချင်တာပါ"

"တော်ပါ…အပိုစကားတွေ၊ အဝင်းရဲ့ စလင်းဘက်အိတ်လေး ပေးပါဦး၊ အဝင်း မျက်နှာပြောင်ကြီးနဲ့ မနေတတ်ဘူး"

"ဒါပေါ့…ဒါပေါ့၊ အဝင်းလို သိပ်လှတဲ့ မိန်းကလေးက အလှအပကြိုက်တတ်တာ ကိုယ် နားလည်ပါတယ်"

"အဝင်းရဲ့ ပိုက်ဆံကိုတော့ ကိုယ်ယူထားတယ်နော်"

လောက်ကြိုင်ဆိုသည့်လူက ပိုက်ဆံသာရမည်ဆိုလျှင် ဘာနဖူးသိုက်တူးမည့်လူမျိုး ဖြစ်သည်။

ရွှေအင်း၏ တစ်ကိုယ်လုံးအားလည်း တဝမက်သည့် မျက်လုံးများနှင့် ကြည့်ပြီးနောက် သူမ၏ အိတ်လေးကို ယူပေးလိုက်သည်။

ရွှေအင်း သူမ၏အိတ်လေးကို ရပြီးနောက် လောက်ကြိုင်၏ အိမ်လေးပေါ်မှ အပြေးတစ်ပိုင်းလေး ဆင်းလာလိုက်ပြီး လူရှင်းသည့်နေရာကို ရွေးချယ်လိုက်သည်။ နောက်မှ လောက်ကြိုင်၏ အဟဲဟဲရယ်သံကို ကြားလိုက်ရသည်။

"ဘယ်လဲ မိန်းကလေး၊ ရုတ်ရုတ် ရုတ်ရုတ်တော့ မလုပ်





နဲ့နော်"

အစောင့်က သူမအမူအရာကိုကြည့်ပြီး ပြောလိုက်သဖြင့်

"ဗိုက်နာလာလို့ အိမ်သာတက်မလို့ရှင်"

"ဒီလိုဆိုရင်လည်း အိမ်သာကိုသွားလေ"

ရွှေအင်း ဖုန်းဆက်ရန်အတွက် အကြံထုတ်ရင်း အိမ်သာဘက်သို့ လျှောက်လာခဲ့သည်။

"အိမ်သာနဲ့ ဝေးဝေးနေပါ၊ လူရှိရင် ကျွန်မ အိမ်သာမတက်တတ်ဘူး"

ရွှေအင်းက ဆိုလိုက်သဖြင့် အစောင့်က ခပ်ဝေးဝေးသို့ ထွက်သွားလေသည်။

အိမ်သာထဲဝင်ပြီး သူမ စလင်းဘက်အိတ်ထဲမှ ဟမ်းဖုန်းလေးကို ရှာလိုက်သည်။ စလင်းဘက်အိတ်၏ ညာဘက်ထောင့် အိတ်ကလေးထဲတွင် ထည့်ထားသော ဟမ်းဖုန်းလေးကို စမ်းလိုက်မိသည်။

ကံကောင်းထောက်မစွာဖြင့် သူမ၏ ဟမ်းဖုန်းကို လောက်ကြိုင် တွေ့မသွားခဲ့ခြင်းဖြစ်သည်။

ရွှေအင်း သူမအိမ်၏ ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ ချောချောမောမောပင် ဖုန်းဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟဲလို''

တစ်ဖက်မှ အညို၏ထူးသံကို ကြားရသည်။ သူမ အသံလေးကို နှိမ့်ပြီး…

''အညိုလားဟင်''

''ဟုတ်ကဲ့ပါ မမလေး''

အညိုက သူမအသံကို မှတ်မိသည်။

''ငါပြောတာ သေချာနားထောင်စမ်း အညို၊ အရေးသိပ်ကြီးတယ်၊ မမလေးတို့ကို လောက်ကြိုင်ဖမ်းထားတယ်၊ အဲဒါ ရဲစခန်းကို ခုချက်ချင်း အကြောင်းကြားပြီး ရေတံခွန်လမ်းခွဲက တောလမ်းလေးအတိုင်း လိုက်ခဲ့၊ လမ်းဆုံးရင် ဘယ်ဘက်ကို ချိုးကွေ့တဲ့ တောလမ်းအတိုင်းမောင်းခဲ့ရင် မမလေးတို့ကို ဖမ်းထားတဲ့ ခြံပျက်ကြီးကို တွေ့လိမ့်မယ် ကြားလား''

''ဟုတ်ကဲ့ပါ မမလေး၊ အညို ခြံစောင့်ကိုမောင်ငယ်တို့ကို အကြောင်းကြားပြီး အခုလိုက်ခဲ့ပါ့မယ်''

''အေး…အိမ်ကပစ္စည်းသယ်တဲ့ ဟိုင်းလပ်ကားနဲ့ အခုလိုက်ခဲ့''

''ဟုတ်ကဲ့ မမလေး''

ဖုန်းဆက်သွယ်ပြောဆိုပြီးနောက် ရွှေအဝင်း ဟမ်းဖုန်းလေး

စိုး:မိုး:၀၁၉ပ



ကို သိမ်းလိုက်ပြီး ဟန်မပျက် ဆင်းလာလိုက်သည်။

''ကဲ…ဝင် အထဲကို''

အစောင့်က စိတ်မရှည်ဟန်ဖြင့် ခပ်ဆတ်ဆတ်ပြောလိုက်ပြီး တံခါးကို ပိတ်လိုက်သည်။

''အဝင်း''

သူ့ စိုးရိမ်ပူပန်စိတ်များဖြင့် သူမအမည်လေးကို ခေါ်လိုက်သည်။

ရွှေအဝင်းတစ်ယောက်တည်း ထွက်သွားခဲ့ခြင်းအတွက် လွှမ်းနိုင်မှာ စိုးရိမ်စိတ်မချနိုင်စွာဖြင့် စောင့်စားနေမိခြင်းဖြစ်သည်။

''ဘယ်လိုလဲ အဝင်း၊ အဆက်အသွယ်ရရဲ့လား''

''ရတယ် ကိုလွှမ်းနိုင်၊ မကြာခင် သူတို့လိုက်လာကြလိမ့်မယ်''

အခုအချိန်လောက်ဆို ရွှေအဝင်း၏ ဖုန်းဆက်မှုကြောင့် သက်ဆိုင်ရာက သူမတို့ဆီ လိုက်လံရှာဖွေပေတော့မည်။

သို့ပေမယ့် အခြေအနေတွေအားလုံးက လက်တစ်ကမ်းအကွာမှာပဲ ရှိနေသေးသည်မို့ သူမ စိတ်လှုပ်ရှားနေမိပါတော့သည်။

◆ ◆ ◆

စိုး:မိုး:၀၁၉ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဘယ်လိုလဲ အဝင်း၊ သေချာတိုင်ပင် ဆုံးဖြတ်ပြီးပြီလား"

လောက်ကြိုင်က အိမ်လေးပေါ်မှ ဆင်းလာပြီး သူနှင့် ရွှေအဝင်းရှိရာသို့ လိုက်လာကာ မေးလိုက်သည်။

ရွှေအဝင်းမှာ သူ့မျက်နှာကို လှမ်းကြည့်လာသည်။ ဘယ်လိုလဲဆိုသော သဘော။

လွှမ်းနိုင် လတ်တလော အနေအထားအရ တတ်နိုင်သလောက် အချိန်ကြာကြာ ဆွဲထားရန် ဆုံးဖြတ်လိုက်သည်။

"ကိုလောက်ကြိုင် တောင်းဆိုတဲ့အတိုင်း ဖြစ်မယ်ဆိုရင် ကိုလောက်ကြိုင်က ဘယ်လိုစီစဉ်ထားလဲ"





"လိမ်လိမ်မာမာနဲ့ ကိုယ်တောင်းဆိုတာ ဖြစ်မယ်ဆိုရင်တော့ မင်းတို့နှစ်ယောက်လုံး ဘေးမသီရန်မခဘဲ ပြန်လွှတ်ပေးမှာပေါ့ကွာ"

"ကိုလောက်ကြိုင် တောင်းဆိုတာကို အဝင်း လိုက်လျောမယ်လို့ ဆုံးဖြတ်လိုက်ပြီ၊ ဒါပေမယ့် တစ်ခုတော့ တောင်းဆိုချင်တယ်"

ရွှေအဝင်းက ထိုစကားကို ဆိုလိုက်သည်။

"ကောင်းပြီ...ဒီလိုဆိုရင် အဝင်း ဘာတောင်းဆိုချင်လဲ"

"ကိုလွှမ်းနိုင်ကို အဝင်း ပိုက်ဆံပြန်ယူခိုင်းလိုက်မယ်"

"အို...နိုး နိုး ဒီလိုတော့ ဘယ်ရမလဲအဝင်းရယ်၊ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ကုန်မှာပေါ့"

"အဝင်း ကိုယ်တောင်းဆိုတာကို သဘောတူတယ်ဆိုရင် ဘဏ်မှာ ပိုက်ဆံလွှဲပေးဖို့ စီစဉ်ပါ၊ ဒီကိစ္စအတွက် အဝင်းနဲ့ကိုယ့်တပည့်နှစ်ယောက် လိုက်လိမ့်မယ်၊ တကယ်လို့ အဝင်း ကိုယ့်ကို လိမ်မယ်ဆိုရင်တော့ ကိုလွှမ်းနိုင်ရဲ့ အလောင်းပဲ ပြန်ရလိမ့်မယ်၊ ပြီးတော့ အဝင်းရဲ့အနာဂတ်လည်း လှပနိုင်လိမ့်မယ်မထင်ဘူး၊ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဘယ်လိုလဲ"

"ဒီလိုဆို ကျုပ်တို့ ခဏတိုင်ပင်လိုက်ဦးမယ်"

သူ အခြေအနေကို သုံးသပ်ပြီး အကောင်းဆုံးအဖြေတစ်ခုကို စဉ်းစားနေရပြီ။

"တိုင်ပင်ပါဗျာ…တိုင်ပင်ပါ၊ ဒါပေမယ့် ဒီနေ့ မွန်းမလွဲခင် တိကျတဲ့အဖြေတစ်ခု ရချင်တယ်၊ ဒီလောက်ငွေဟာ ရွှေထက်ကောင်းကုမ္ပဏီပိုင်ရှင် ရွှေအသင်းလို လူအတွက် မပြောပလောက်ပါဘူး"

လောက်ကြိုင် ထွက်သွားတော့ သူ ရွှေအသင်းနှင့် တိုင်ပင်ကြသည်။

"အခုချိန်လောက်ဆို ရွှေအသင်းတို့ဆီ သူတို့လိုက်လာနေလောက်ပြီ ထင်တယ်နော်"

"အသင်း ဖုန်းဆက်ထားတာပဲ၊ လိုက်လာမှာပါ၊ ကိုယ်တစ်ခု စဉ်းစားထားတယ်၊ လောက်ကြိုင်ပြောတဲ့ အစီအစဉ်အတိုင်း အသင်း ကားယူသွားပြီး ဟန်မပျက် လိုက်သွားလိုက်၊ ဘယ်လိုပဲဖြစ်ဖြစ် ဟိုဘက်က လိုက်လာတဲ့အဖွဲ့ဟာ အသင်း ကားကိုတွေ့မှာပဲ"





"ဒီလိုဆို သူတို့ ဘာမှလုပ်လို့ရတော့မှာ မဟုတ်ဘူး၊ အသင်းအတွက်လည်း အန္တရာယ်ကင်းသွားတာပေါ့"

"အဲဒါဆို ကိုလွှမ်းနိုင်အတွက်ကော"

"ကိုယ့်အတွက် စိတ်မပူပါနဲ့၊ အသင်းသာ အန္တရာယ်ကင်းဖို့ အရေးကြီးပါတယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ ကိုလွှမ်းနိုင်ကို အသင်း စိတ်မချဘူး"

"ကိုယ်ပြောတဲ့နည်းလမ်းက အကောင်းဆုံးပဲ အသင်း၊ အချိန်ရှိတုန်း သွားလိုက်ပါ၊ အဖွဲ့တွေ ထိပ်တိုက်ရင်ဆိုင်ရင် အသင်းအတွက် အန္တရာယ်ပိုများနိုင်တယ်"

လွှမ်းနိုင်၏ မျက်နှာချောချောကို ကြည့်ကာ သူမထံမှ သက်ပြင်းရှိုက်သံနှင့်အတူ…

"ကောင်းပါပြီ ကိုလွှမ်းနိုင်ရယ်၊ ကိုလွှမ်းနိုင်လည်း အစစအရာရာ သတိရှိပါနော်"

သူ့အနားမှ ထွက်ခွာတော့မည့်ဟန် ပြင်နေသော ရွှေအသင်းကို စူးစူးစိုက်စိုက်လေး ကြည့်ရင်းက သူမနှာခေါင်းလေးကို လွှမ်းနိုင် ခေါ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေအဝင်း"

"ရှင်"

"သတိဝီရိယနဲ့ သွားနော်"

တိုးတိတ်ညင်သာစွာ ပြောလိုက်သော ကိုလွှမ်းနိုင်၏ စကားကို သူမ ခေါင်းညိတ်ပြလိုက်သည်။ မကြာမီ ရွှေအဝင်းနှင့် အတူ လောက်ကြိုင် ထွက်လာပြီး...

"ကဲ...အဝင်း ကတိတည်ပါနော်၊ ရုတ်ရုတ် ရုတ်ရုတ် လုပ်ရင်တော့ အဝင်း ကံကြမ္မာကို အဝင်း ဖန်တီးတာပဲ"

လောက်ကြိုင်က ထိုစကားကို ပြောပြီးနောက် သူ၏ တပည့်နှစ်ယောက်အား ရွှေအဝင်းနှင့်အတူ ထည့်ပေးလိုက်လေသည်။

အချိန်တွေ တရွေ့ရွေ့ ကုန်သွားသည်။

ရွှေအဝင်း အဆင်မပြေပါ့မလားဟု တွေးရင်း လွှမ်းနိုင် စိတ်တွေ ပူပန်နေရပါသည်။

လောက်ကြိုင်တို့အဖွဲ့မှာ ရွှေအဝင်း ထွက်သွားပြီးကတည်းက အရက်ဝိုင်းတွင် စုဖွဲ့ကာ အရက်သောက်နေကြသည်။

လွှမ်းနိုင်ကို စောင့်နေသော အစောင့်မှာလည်း အရက်ဝိုင်း



ဒီ သွားချည်လာချည်ဖြင့် အတော်လေး ရေချိန်ကိုက်နေဟန်တူသည်။

လောက်ကြိုင်မှာလည်း သူ၏ သစ်လုံးအိမ်လေးထဲမှာ အရက်သောက်နေဟန်တူသည်။

အစောင့်အလစ်တွင် သူသည် ကာရံထားသော အချုပ်ခန်းတန်းများကို လူတစ်ကိုယ်စာ ထွက်နိုင်လောက်မည့်နေရာကို ရှာဖွေနေမိသည်။ ကံကောင်းစွာပင် အောက်ခြေဆွေးမြည့်နေသော သစ်သားတန်းနှစ်ခုကို တွေ့လိုက်ရသည်။

အရှိန်ဖြင့် ပြေးဝင်ဆောင့်တွန်းလိုက်လျှင် ကျိုးပဲ့သွားမည့် အနေအထားမို့ ထိုသစ်သားတန်းနှစ်ခုကို လွှမ်းနိုင် သေချာရွေးချယ်မှတ်သားထားလိုက်သည်။

အရေးအကြောင်း ရင်ဆိုင်လာလျှင် ပြေးလွှားနိုင်ဖို့အတွက် သူ ကြိုတင်စဉ်းစားထားသည်။

စောင့်ရသူအတွက် အချိန်တို့က ကုန်ခဲလှပါသည်။ အချိန်တို့ တရွေ့ရွေ့ ကျော်လွန်လာပြီးနောက် အသံတစ်ခုကို အဝေးတစ်နေရာမှ ကြားလိုက်ရသည်။

"အားလုံး လက်နက်ချ အဖမ်းခံပါ၊ မင်းတို့ကို ဝိုင်းထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆွေ ငိုင်းသွားပြီ''

ထိုအသံကြောင့် လောက်ကြိုင်နှင့် သူ့အဖွဲ့များအား

လှုပ်လှုပ်ရှရှ ဖြစ်သွားကြသည်။

''ဟော့ကောင်တွေ ဘာကြောင်နေတာလဲ၊ ပစ်...

ပြီးရင် ပြေးကြ''

''ဒိုင်း''

''ဒိုင်း''

သေနတ်သံများ ဆူညံစွာ ထွက်ပေါ်လာသလို လွှမ်းနိုင်

လည်း အချုပ်ခန်းထဲမှ အရှိန်ဖြင့် အချုပ်တန်းနှစ်ခုကို ပြင်းထန်

ဝင်ဆောင့်လိုက်သဖြင့် ကျိုးပဲ့သွားသော နေရာမှနေ၍ ထွက်ပြေး

လိုက်သည်။

''ဟာ...ဟိုကောင်လွတ်သွားပြီ''

''ဒိုင်း''

သူ့ဆီသို့ ဝဲပျံလာသော သေနတ်ကျည်ဆံကို ရှောင်တိမ်း

ကာ လွှမ်းနိုင်တစ်ယောက် နောက်ဘက်ဆီသို့ အားကုန်ပြေးလေ

သည်။

ခြေဦးတည့်ရာ အားကုန်ပြေးသွားလျက် လောက်ကြိုင်တို့





တ်မှ လွတ်မြောက်အောင် ကြိုးစားရင်း တစ်နေရာအရောက်မှာ

တော့...

''အား''

လွှမ်းနိုင် အသည်းထဲ အေးခနဲဖြစ်သွားတာကိုသာ

နောက်ဆုံး သိရှိလိုက်ရပြီးနောက် သူ ကမ္ဘာလောကကြီးတစ်ခုလုံး

နှင့် အဆက်ပြတ်သွားရပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ပထမဦးဆုံး အသိတရားထဲသို့ ဝင်လာသည့်အသံ
မိန်းကလေးတစ်ယောက်၏ ခေါ်သံဖြစ်သည်။ ရုတ်တရက် သူကိုယ်
သူ ဘာဖြစ်မှန်းမသိ။

ဖျတ်ခနဲ သတိရလာသည်က စိုးမင်းနှင့်အတူ သူတို့
ကားလေး ချောက်ထဲ ထိုးကျသွားသည့်ဖြစ်ရပ်။

"ကိုလွှမ်းနိုင်"

"ကိုလွှမ်းနိုင် သတိရပြီလား"

သူ၏ ကုတင်နံဘေးအနားမှာ စိုးရိမ်ပူပန်သော မျက်နှာ
ကလေးဖြင့် ရှိနေရသော မိန်းမလှလေးတစ်ယောက်။ ပြီးတော့
ဉပမိရှပ်ခန့်ညားသော အသက်ကြီးကြီး လူတစ်ဦး။





"ကျွန်တော် ဘယ်ရောက်နေတာလဲ"

"ဆေးရုံမှာလေ၊ ကိုလွှမ်းနိုင် သတိမေ့နေတာ တစ်ရက်
ကောက်တောင် ရှိမလားပဲ"

"စိုးမင်းကော...သူရော ဘာဖြစ်သွားသေးလဲ"

"စိုးမင်း ဘယ်က စိုးမင်းလဲ"

အဖြစ်အပျက်ကို ဦးထက်ကောင်း ရိပ်စားမိလိုက်ပါသည်။
မောင်လွှမ်းနိုင်တစ်ယောက် သူ၏ အတိတ်ကာလများကို ပြန်သတိ
ရလာပါပြီ။

"သမီး...မောင်လွှမ်းနိုင် သူ့အတိတ်ကို ပြန်သတိရသွား
ပြီ"

"ဟင်"

ရွှေအဝင်းထံမှ အံ့ဩသံလေး ထွက်ပေါ်လာရသည်။

"ဒါဆို...သမီး သမီးတို့ကို မမှတ်မိတော့ဘူးလား"

"မောင်ရင် ဦးတို့ကို မှတ်မိလား"

သူ့အား စိုက်ကြည့်ကာ ပြောလာသော လူကြီးကို မှိုးယံ
သချာပြန်ကြည့်မိသည်။

ထိုလူကြီး၏ မျက်နှာကို သူ ရင်းရင်းနှီးနှီး သိသလို



www.burmeseclassic.com

www.burmeseclassic.com



သူ့အနားမှာ ညှိုးနွမ်းသော မျက်နှာလေးဖြင့် ရပ်နေသော မိန်းမငယ်လေးကိုလည်း သူ အသေအချာသိပါသည်။ သို့ပေမယ့် နာမည်ကို မှတ်တရက် မမှတ်မိ။

"ဦးက ဦးထက်ကောင်းလေ၊ ဒါက ဦးရဲ့သမီး ရွှေအင်း"

"ဦးထက်ကောင်း"

"ရွှေအင်း"

သူ နာမည်များကို တဖွဖွရေရွတ်နေမိရင်းက ဖျတ်ခနဲ သတိရလာရပြန်သည်က လောက်ကြိုင်တို့အဖွဲ့ဆီမှ လွတ်မြောက်ရန် တောထဲမှာ ရမ်းသန်းပြေးရင်း အရှိန်ဖြင့် ချောက်ကမ်းပါးတစ်ခုထဲသို့ ပြုတ်ကျသွားရသည့်အဖြစ်။

ထိုအဖြစ်ကို အမှတ်ရလာမိသည့်ခဏ…

"ဟင်…အင်း"

သူ့ခေါ်သံကြောင့် ရွှေအင်း၏ မျက်နှာလေးတစ်ခုလုံး ဝင်းပကြည်လင်သွားရပါသည်။

"ကိုလွှမ်းနိုင်…ကိုလွှမ်းနိုင် အင်းကို မှတ်မိတယ်နော်"

"ကိုယ် အားလုံးကို မှတ်မိသွားပါပြီ အင်းရယ်"





"ဝမ်းသာလိုက်တာ ကိုလွှမ်းနိုင်ရယ်"

"ဦးလေးကော ဝမ်းသာပါတယ် မောင်လွှမ်းနိုင်၊ အခုလို အားလုံးကို ပြန်အမှတ်ရလာပြီဆိုတော့ ဦးလေးတို့လည်း စိတ်ချမ်းသာရပြီပေါ့"

"လောက်ကြိုင်တို့အဖွဲ့တွေကိုကော မိသွားလား အင်း"

"မိသွားတယ် ကိုလွှမ်းနိုင်၊ လမ်းမှာ အညှိုတို့ခေါ်လာတဲ့ ရဲကားက ရပ်ခိုင်းတော့ သူလူနှစ်ယောက် မိသွားကြတယ်လေ"

"ကိုလွှမ်းနိုင်ဆီ ရောက်တော့လည်း ပြန်ပြီး ပစ်ကြခတ်ကြရင်း ကိုလောက်ကြိုင်ကို အသေမိလိုက်တယ်၊ ကျန်တဲ့လူတွေ အားလုံးလည်း မိပါတယ်၊ ကိုလွှမ်းနိုင်ကိုတော့ ချောက်ကမ်းပါးထဲ ကျနေတာတွေ့တာနဲ့ ပြန်ခေါ်ခဲ့ရတာ၊ ကံကြီးပေလို့ပေါ့ ချောက်က သိပ်မနက်လို့"

"ခုလောလောဆယ်တော့ ကိုလွှမ်းနိုင် ဘာကိုမှမတွေးဘဲ နဲ့ အေးအေးဆေးဆေး အနားယူပါ၊ မကြာခင် ဆရာဝန်ကြီးလည်း ရောက်လာတော့မှာပါ"

မိုးယံခေါ် လွှမ်းနိုင်မှာ ဖြစ်စဉ်အားလုံးကို ဆက်စပ်ယူလို့ သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဦးထက်ကောင်းနှင့် မတွေ့မီကထိ သူ့ဘဝကို ပြန်လည် ပြောပြလိုက်သည်။

"ဒါဆို မောင်မိုးယံဦးလေးတော့ စိတ်အတော်ပူနေမှာပဲ"

"ဦးလေး အကြောင်းကြားပေးရမလား"

"ရပါတယ် ဦး၊ ကျွန်တော် နေကောင်းလာမှပဲ စီစဉ်ကြတာပေါ့"

"ဒါဆိုလည်း မောင်မိုးယံ ဆေးရုံကဆင်းမှပဲ ဦးတို့ အားလုံး တိုင်ပင်ပြီး စီစဉ်ကြတာပေါ့ကွယ်"

ရွှေအင်းမျက်နှာလေးကို သူ လှမ်းကြည့်လိုက်တော့ သူမ၏ နွေးထွေးသော မျက်ဝန်းလေးများနှင့် အကြည့်ချင်း ဆုံစည်းသွားရသည်။

◆ ◆ ◆



## အခန်း (၂၅)

"မောင်မိုးယံ ပြောသလို ဦးတို့ ရန်ကုန်ကို ပြောင်းကြမယ်"

"တကယ်တော့ သမီး ရွှေအင်းအနေနဲ့လည်း ဦး ထူထောင်ထားတဲ့ လုပ်ငန်းတွေကို ဦး မလုပ်တော့တဲ့အခါမှာ သူက ဆက်ဦးစီးပြီး လုပ်နေတဲ့သဘောပါ၊ ဒီကျောက်လောကကိုလည်း သမီးကို ပေးမလုပ်ချင်တော့ဘူး"

"ရန်ကုန်မှာ သမီးပြောင်းနေတော့ ဖေဖေလည်း အဲဒီမှာ ရှိတဲ့ တရားရိပ်သာမှာပဲ တရားအားထုတ်တော့မယ်၊ တကယ်လို့ သမီးတတ်ထားတဲ့ ကျောက်မျက်ပညာကို အသုံးချချင်သေးတယ် ဆိုရင်လည်း ရန်ကုန်မှာပဲ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်း ဆက်လုပ်ပါ၊ ဒီမှာကတော့ လောက်ကြိုင်တို့လိုမျိုး ဒုစရိုက်သမားတွေနဲ့ ဘယ်လိုမှ မဖြစ်တော့ဘူး သမီး''

''ကောင်းပါပြီ ဖေဖေ၊ ဒါဆို ကိုလွမ်းနိုင် အဲ ကိုမိုးထံ အနေနဲ့လည်း အဝင်း ရန်ကုန်မှာလုပ်မယ့် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှာ ကူညီပေးပါနော်''

''အဝင်း ခေါ်နေကျအတိုင်း ကိုယ့်ကို လွမ်းနိုင်လို့ ခေါ်နိုင်ပါတယ် အဝင်း၊ အဝင်းပြောတဲ့ ကိစ္စတွေအတွက်လည်း ဘာမှမပူပါနဲ့၊ ကိုယ် အားလုံးကူညီပါ့မယ်၊ အခုအချိန်မှာ ကိုယ် ရန်ကုန်ကို ပြန်ချင်တာရယ်၊ ပြီးတော့ သူငယ်ချင်း စိုးမင်းအဖြစ်တွေကို စုံစမ်းချင်တာရယ်ကြောင့်သာ စိတ်လောနေတာပါ''

သူတို့အားလုံး သေချာတိုင်ပင်ပြီးနောက် ရွှေထက်ကောင်း ကုမ္ပဏီလုပ်ငန်းအားလုံးကို ရပ်ပစ်လိုက်ကာ ကုမ္ပဏီဝန်ထမ်းများကိုလည်း လျော်ကြေးသဘောမျိုးမဟုတ်ဘဲ ထိုက်သင့်သည့် ဆုကြေးများပေးကာ ကုမ္ပဏီကို ဖျက်သိမ်းခဲ့သည်။

ကုမ္ပဏီဖွင့်ခဲ့သည့်နေရာကို အခြားသူဌေးတစ်ဦးက ဝယ်ယူလိုကြောင်း ကမ်းလှမ်းလာမှုကို ရွှေအဝင်းက ထက်ကောင်းနှင့် တိုင်ပင်ပြီးနောက် လက်ခံလိုက်ကာ ငွေပေးချေပြီးသည်နှင့် ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ကြသည်။

သူ ကားအက်ဆီးဒင့်ဖြစ်ခဲ့သည့် နေရာကို ဦးထက်ကောင်းက ကိုအောင်မောင်းကို လွှတ်၍ သေချာစုံစမ်းခိုင်းသည်။

ကားသည် ချောက်ထဲတွင် ရစရာမရှိအောင် ပျက်စီးသွားသလို ကားပေါ်တွင် ပါလာသည့် လူကလည်း အသက်ရှင်ခွင့်မရဘဲ သေဆုံးသွားသည်ဟု သိရသည်။

သူငယ်ချင်းဖြစ်သူ စိုးမင်း၏ အဖြစ်ဆိုးကို သိလိုက်ရတော့ သူ ဝမ်းနည်းကြေကွဲစိတ် ဖြစ်မိရပါသည်။

ဒါပေမယ့် ကံတရားက ဖန်တီးသည့် သေခြင်းတရားကို ဘယ်သူက လွန်ဆန်လို့ ရနိုင်မှာတဲ့လဲ။

ရန်ကုန် ရောက်ရောက်ချင်း ဦးလေး ဦးရဲထွန်းဆီသို့ သူ လာခဲ့သည်။ ဦးလေးကတော့ သူ့ကို သေစာရင်းသွင်းထားရာမှ ရုတ်တရက် ပြန်တွေ့လျှင် ဘယ်လောက်များ အံ့သြနေမည်လဲမသိ။

အန်တီယုန္တယ်နှင့် ပိုးယမင်းတို့လည်း ဘယ်လိုဖြစ်သွားကြမလဲဆိုတာကို တွေးရင်း သူ ပြုံးမိသည်။

‡ ကြာကြာခွဲမသွားပါနဲ့ဟု မှာခဲ့သော ပိုးယမင်း၏ မျက်နှာလေးနှင့် စကားသံလေးကို ပြန်လည်ကြားယောင်မိသည်။





www.burmeseclassic.com

www.burmeseclassic.com



ရွှေအခင်းတို့အား ဟိုတယ်တွင် ခဏထားခဲ့ကာ သူ ထွက်လာခြင်းဖြစ်သည်။ အကယ်၍ အဆင်ပြေလျှင် ဦးလေးအိမ်တွင် ခေတ္တတည်းခိုစေပြီး ရွှေအခင်းစိတ်ကြိုက်အိမ်ကို ရှာပေးမည်ဟု ဆုံးဖြတ်ထားသည်။

မိုးယံ အိမ်ရှေ့ရောက်တော့ အိမ်တံခါးအားလုံး သော့ပိတ်ထားသည်။ အိမ်သားအားလုံး အပြင်များ ထွက်သွားကြတာလားဟု သူ တွေးလိုက်မိသည်။

သူ ဘေးခြံမှ ထွက်လာသောလူကို စုံစမ်းကြည့်သည်။

"အပြင်သွားကြတာတော့ မဟုတ်ဘူး၊ ဒီအိမ်က ပိတ်ထားတာ တော်တော်လေး ကြာပြီထင်တယ်"

"ဘယ်များ ပြောင်းသွားကြလဲဗျာ"

"သူ့တူတစ်ယောက် ကားမှောက်လို့ ဆုံးသွားတယ်ကြားတယ်၊ ဒီလူ ကံဆိုးပါတယ်ဗျာ၊ နောက် နှစ်လလောက်ကြာတော့ သူ့မိန်းမ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသွားတယ်၊ နောက်တော့ ဒီလို တံခါးပိတ်ထားတာပဲ"

ထိုသူက အသစ်ရောက်လာသောသူ ဖြစ်ပုံရ၏။ သူ့အား ဦးရဲထွန်းရှိတူဖြစ်မှန်း သိပုံမရ။



သူ အတိတ်မေ့ဝေဒနာ ခံစားနေရသည့် တစ်နှစ်ကျော်ကာလအတွင်း အခြေအနေတွေ ဘာကြောင့် ဒီလောက်ပြောင်းလဲသွားရတာပါလဲ။ သူ စဉ်းစားမရ။

"ဟို...ပိုးယုမင်းဆိုတဲ့ မိန်းကလေးကောဗျာ"

"သြော်...ဖြူဖြူချောချော မိန်းကလေးကိုပြောတာထင်တယ်၊ အဲဒီမိန်းကလေးကို ကျွန်တော့်စိတ်ထင် သူ့အမေဆုံးပြီးတဲ့နောက်ပိုင်း ဒီအိမ်မှာ မတွေ့တော့သလိုပဲ"

"ဒါနဲ့...ငါ့ညီက သူတို့နဲ့ ဘာတော်သလဲ"

"အမျိုးတွေဆိုပါတော့ဗျာ"

"သြော်"

"ကျေးဇူးပဲဗျာ၊ ခွင့်ပြုပါဦး"

သူ စိတ်ပျက်စွာဖြင့် ပြန်လာခဲ့သည်။

"ဘယ်လိုလဲ မောင်မိုးယံ၊ မင်းဦးလေးနဲ့ တွေ့ခဲ့ရဲ့လား"

"မတွေ့ဘူး ဦး၊ အိမ်သော့ပိတ်ထားတာပဲ တွေ့ခဲ့တယ်"

"ဟင်...ဘယ်လိုဖြစ်တာလဲ၊ အပြင်တွေဘာတွေများ ထွက်သွားလို့လား"

"အပြင်သွားတာ မဟုတ်ဘူး၊ ဘယ်ကိုသွားမှန်းကိုမသိ

www.burmeseclassic.com

www.burmeseclassic.com



တာ''

''ပြန်တော့လာမှာပေါ့ မောင်မိုးယံ၊ မင်းညီမလည်း မင်းကို ရှော်နေတယ်''

''သတင်းစာထဲမှာ ကြော်ငြာတဲ့ ခြံကို သွားကြည့်ချင်လို့ တဲ့''

သူတို့ စကားပြောနေစဉ်မှာပင်…

''ကိုလွှမ်းနိုင် ပြန်ရောက်ပြီလား၊ အတော်ပဲ အဝင်းလည်း ခြံသွားကြည့်ချင်နေတာနဲ့''

ဟိုတယ်လေ့ကားထစ်မှ ဆင်းလာသော ရွှေအဝင်းကို သူ ကြည့်လိုက်သည်။

မျက်ဝန်းတောက်တောက်များဖြင့် သူ့ကို ကြည့်နေသည့် ရွှေအဝင်း၏ ပုံစံက အမြဲပဲ လှပစွဲမက်ဖွယ် ကောင်းနေသည်ကတော့ အမှန်။

သူမနှင့်အတူ ကားလေးဖြင့် သတင်းစာထဲက လိပ်စာ အတိုင်း သူ မောင်းလာခဲ့သည်။

''ဒီလိုဆို ကိုလွှမ်းနိုင် ဦးလေးတို့ကို မတွေ့ခဲ့ဘူးပေါ့''

''ဟုတ်တယ် အဝင်း၊ ဘယ်လိုတွေ ဖြစ်နေတာလဲဆိုတာ

ဦး : မိုး : ၁၁၄ ပ



ကိုယ်တော့ တွေးမရဘူး''

ရွှေအဝင်း၏ အမေးကို ကားမောင်းနေရင်းမှ သူ ပြန်ဖြေ လိုက်သည်။ ရွှေအဝင်းက ဟိုတုန်းကအတိုင်း သူ့ကို ကိုလွှမ်းနိုင် ဟုပဲ ခေါ်သည်။

''ကိုလွှမ်းနိုင်''

''ဟင်''

''ပိုးယမင်းဆိုတဲ့ ကောင်မလေးကိုကော မတွေ့ခဲ့ဘူး ပေါ့''

''ဟင့်အင်း…မတွေ့ခဲ့ဘူး''

ရွှေအဝင်းထံမှ သင်းပျံ့သော ရေမွှေးနံ့သင်းသင်းလေးကို ရ၏။

''ဘာဖြစ်လို့လဲ''

''ဘာမှမဖြစ်ပါဘူး၊ မေးကြည့်တာပါ၊ သူဘယ်ရောက် သွားလဲဆိုတာ ကိုလွှမ်းနိုင် သိချင်နေမှာပေါ့''

''သူ တက္ကသိုလ်တော့ တက်နေမှာပဲ''

''ဒါဆို ကျောင်းထဲ သွားစုံစမ်းပေါ့''

ရွှေအဝင်းက အကြံပေးသလို ပြောလိုက်သည်။

ဦး : မိုး : ၁၁၆ ဗ

www.burmeseclassic.com

www.burmeseclassic.com



ရောင်းမည်ဆိုသော သံလွင်လမ်းထဲက ခြံနှင့်တိုက်ကိုတွေ့တော့ ရွှေအဝင်း သဘောကျသွားသည်။

ခြံထဲမှာ တမင်စိုက်ထားသော မြက်ခင်းစိမ်းစိမ်းတို့က တပြန့်တပြောရှိနေကာ အလှစိုက်ပျိုးထားသည့် ပန်းပျိုးပင်တွေကလည်း လှပဝေဆာစွာ ရှိနေကြလေသည်။

တိုက်၏ အနေအထားကလည်း လှပခေတ်မီထည်ဝါလှပြီး အထူးသဖြင့် လူမနေရသေးသည့်တိုက်မို့ သူမ သဘောကျသွားခဲ့ခြင်းဖြစ်သည်။

"ဘယ်လိုလဲ ကိုလွှမ်းနိုင်၊ ဒီခြံနဲ့တိုက်ကို အဝင်းတော့ သဘောကျသွားပြီ၊ ကိုလွှမ်းနိုင်ကော သဘောကျရဲ့လား"

"ကောင်းပါတယ် အဝင်း၊ ကိုယ်လည်း သဘောကျပါတယ်"

"ဒါဆို ဖေဖေ့ကိုပြောပြီး ဝယ်လိုက်ကြမယ်နော်"

"ကိုလွှမ်းနိုင်…ဘာတွေစဉ်းစားနေတာလဲ"

"ဩော်…ဦးလေးတို့အကြောင်းပါ၊ အဝင်းပြောသလို ပိုးယမင်းကို တွေ့ဖို့ တနင်္လာနေ့ကျရင် ကျောင်းထဲသွားမလားလို့ စိတ်ကူးမိလို့ပါ"





ဒီနေ့ တနင်္ဂနွေ။ ကျောင်းများပိတ်သဖြင့် တနင်္လာနေ့တော့ ပိုးယမင်းတက်သည့်ကျောင်းသို့ သွားရန် သူဆုံးဖြတ်လိုက်သည်။

ရွှေအဝင်းက သူ့စကားကို ဘာမှမပြောဘဲ ပင့်သက်တစ်ချက် ရှိုက်လိုက်သံကို ကြားလိုက်ရသည်။

"ဩော်…ကိုလွှမ်းနိုင်ရဲ့ အတိတ်ကို ပြန်သတိရတော့လည်း တွေ့ရမယ့် မိသားစုက ရှာမရတဲ့အဖြစ်ကို တွေးမိလို့ပါ၊ တကယ်တော့ အဝင်းနဲ့ ကိုလွှမ်းနိုင်တို့ ဆုံတွေ့ခဲ့ရတဲ့ ကံတရားဟာ အရမ်းထူးဆန်းတယ်နော်"

"ဟုတ်ပါတယ် အဝင်း၊ ရှေးရေစက်တွေကြောင့် ကိုယ်တို့တတွေ ဒီလိုဆုံတွေ့ကြရတာလို့ ကိုယ်တော့မှတ်ယူထားပါတယ်"

သူ့စကားကြောင့် ရွှေအဝင်းက သူ့မျက်နှာကို ရီဝေစွာ ငေးငေးလေး ကြည့်နေပါတော့သည်။

သူ ဆုံးဖြတ်ထားသလို တနင်္လာနေ့တွင် ပိုးယမင်းရှိရာ တက္ကသိုလ်သို့သွားသော်လည်း စာမေးပွဲဖြေပြီး ကျောင်းများပိတ်ထားသဖြင့် သူ့မှာ အခက်တွေ့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေမှုတွေနဲ့ ဆုံစည်းရအောင် ကံတရားအ

ဘာကြောင့်များ ဖန်တီးနေရပါလဲ။

◆ ◆ ◆



## အခန်း (၁၆)

ငွေချေပြီးသည်နှင့် သံလွင်လမ်းထဲက တိုက်သို့ ရွှေအင်းဂ တို့ ပြောင်းလာသည်။

"ဘယ်လိုလဲ မေမေ၊ ခြံနဲ့တိုက် အနေအထား"

"ကောင်းပါတယ် သမီး၊ သမီးကြိုက်ရင် ပြီးတာပါပဲ၊ မေမေကတော့ ရိပ်သာနဲ့ အဆက်အသွယ်ရပြီးပြီ၊ နောက်တစ်ပတ်ထဲ မေမေ ရိပ်သာဝင်တော့မယ်"

မေမေ့အသက်အရွယ်နှင့် ကုသိုလ်ရေးလုပ်တာမို့ သူမ မတားမြစ် မကန့်ကွက်ချင်ပါ။

"ရိပ်သာက ဘယ်မှာလဲ မေမေ"

"မော်ဘီဘက်မှာပါ၊ ရန်ကုန်နဲ့ သိပ်မဝေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ငန်းလုပ်မယ်ဆိုရင်တော့ မောင်မိုးယံနဲ့ တိုင်ပင်ပြီး အေးအေးဆေးဆေး လုပ်ပါ"

ဦးထက်ကောင်းက သူ့ကိုကြည့်ကာ ပြောလာသဖြင့်…

"စိတ်ချပါ ဦး၊ အဝင်း လုပ်ချင်တဲ့လုပ်ငန်းကို အားလုံး အဆင်ပြေအောင် ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

"မောင်မိုးယံ အိမ်သားတွေကို မတွေ့သေးတဲ့အတွက် စိတ်ညစ်မနေပါနဲ့၊ ဒီမှာပဲနေပြီး စုံစမ်းပေါ့၊ တစ်ချိန်တော့ တွေ့မှာပါ"

ဦးထက်ကောင်း၏ ကျေးဇူးတွေက သူ့အပေါ် အများကြီးပါ။ သူ အတိတ်မေ့နေစဉ်ကာလမှာလည်း သူ့ကို ကယ်တင်စောင့်ရှောက်ခဲ့သည်။

အခု သူ အားလုံးကို မှတ်မိနေပေမယ့် ဦးလေးဖြစ်သူတို့ကို ရှာမတွေ့သေး။

လောလောဆယ် သူ့အဖြစ်အပျက်က ဦးထက်ကောင်း၏ အစီအစဉ်အတိုင်းနေပြီး ဦးလေးတို့ကို ရှာဖွေစုံစမ်းရဦးမည့်အဖြစ်။

"ဖေဖေပြောသလို ကိုလွှမ်းနိုင် ဒီမှာပဲနေပြီး စုံစမ်းပေါ့ ပြီးတော့ လုပ်ငန်းတွေလုပ်ဖို့ကလည်း ကိုလွှမ်းနိုင်ရှိမှ အဆင်ပြေ





မှာ၊ အောက်ထပ်မှာ အခန်းမှာ ကိုလွှမ်းနိုင်နေဖို့ အညီတို့ကို စီစဉ်ခိုင်းထားတယ်"

"ရပါတယ် အဝင်း၊ ကိုယ် ကားဂိုဒေါင်အပေါ်ထပ်က ကိုအောင်မောင်းနဲ့ကပ်လျက် အခန်းမှာပဲ နေပါ့မယ်"

ဦးထက်ကောင်းနှင့် ရွှေအဝင်းတို့ ဘယ်လောက်ပဲ သဘောကောင်းကောင်း သူ့အနေဖြင့် အပိုနှင့်လူပို တစ်အိမ်တည်း အတူနေရန် လုံးဝမသင့်တော်သည့် အနေအထားမို့ သူ ငြင်းလိုက်ရပါသည်။

အိမ်ဖော်အညီတို့ရှိပေမယ့် ရွှေအဝင်း၏ သိက္ခာတရားက ရှိသေးသည်။

ကိုအောင်မောင်းကလည်း ရွှေအဝင်းတို့ ငယ်ငယ်ကတည်းက ဦးလေးသဖွယ် အတူနေလာသူ ဖြစ်သဖြင့် ဦးထက်ကောင်းတို့ သားအဖကို သံယောဇဉ်မပြတ်နိုင်စွာ ပြောင်းရွှေ့ရာနောက်သို့ လိုက်လာခဲ့ခြင်းဖြစ်သည်။ လူပျိုကြီးဖြစ်သဖြင့် သူ့အတွက် ဘာမှ သံယောဇဉ် နှောင်ဖွဲ့စရာမရှိ။

"ကိုလွှမ်းနိုင်လည်း ဘာလိုလိုနဲ့ ကျွန်တော်တို့မိသားစုဝင်လို ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မောင်းက သူ့မျက်နှာကို ပြုံးတုံ့တုံ့ဖြင့် ကြည့်ပြီး ပြောလိုက်သည်။

"အတိတ်က ရေစက်ရှိလို့ မောင်မိုးယံနဲ့ ဦးတို့တတွေ အခုလို ဆုံစည်းခွင့်ရကြတာပေါ့၊ ဒါနဲ့ မောင်အောင်မောင်း တရုတ် ရိပ်သာကိုလာဖို့ ကိစ္စတွေအားလုံးကော စီစဉ်ထားတာ အဆင်ပြေ ရဲ့လား"

"အားလုံးအဆင်ပြေပါတယ်ဆရာ၊ သေချာစီစဉ်ထားပြီး ပါပြီ၊ ရိပ်သာကိုလာရင် ကြိုပြီး ဖုန်းဆက်လိုက်ပါလို့ မှာပါတယ် ဆရာ"

"အေး…အေး အဆင်ပြေရင် ပြီးတာပဲ၊ အဲဒီနေ့ကျတော့ သမီးနဲ့ မောင်မိုးယံတို့လည်း ခဏလိုက်ခဲ့ကြပေါ့"

ဒီရက်ပိုင်းမှာ ရွှေအဝင်းနှင့်သူတို့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဖွင့်လှစ်ရန်အတွက် ဆိုင်ခန်းဖွင့်မည့်နေရာ ကို ရှာဖွေကြသည်။

မြို့ထဲက နေရာအတော်များများကို သူတို့လိုက်ကြည့်ဖြစ် သည်။ စိတ်ကြိုက် အကောင်းဆုံးဖြစ်မည့်နေရာကို သူတို့ရွေးချယ် ကြသည်။



နောက်ဆုံး ဗိုလ်ချုပ်ဈေးထဲက ဆိုင်ခန်းနေရာကို ဝယ်ယူ ပြီး ကျောက်မျက်ရတနာဆိုင်ဖွင့်ဖို့ ပြင်ဆင်ကြသည်။

ဆိုင်အတွက် လိုအပ်သည်များ ဝယ်ယူရန် သူ ကားလေး ဖြင့် ထွက်လာခိုက်…

"ဟာ"

မထင်မှတ်ဘဲ စည်ကားရှုပ်ထွေးနေသော လူကြားထဲတွင် ပိုးယမင်းဆိုသော သူမလေးကို ရုတ်တရက် တွေ့လိုက်ရသဖြင့် ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်ကာ သူမလေးနောက်သို့ ခြေပြေးတစ်ပိုင်းလေး လှမ်းလာခဲ့မိသည်။

သူမလေးကတော့ ပတ်ဝန်းကျင်ကို ဂရုမထား။

သူမလမ်းသာ သူမ ခပ်သွက်သွက်လေး လျှောက်နေ သော ပိုးယမင်းမှာ ကုမ္ပဏီအဝတ်အစားလေးနှင့် ဖြစ်သည်။

ပိုးယမင်းတစ်ယောက် ကုမ္ပဏီမှာ အလုပ်လုပ်နေတာလား၊ ကျောင်းကော ဆက်မတက်တော့ဘူးလား။

အတွေးများဖြင့် စဉ်းစားရင်း ပိုးယမင်းအနားရောက်တော့ သူမလက်ကလေးကို လှမ်းဆွဲလိုက်သည်။

"အို…ဘာလုပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူမနောက်မှ လက်ကလေးကို ဖမ်းဆွဲခံလိုက်ရမှုကြောင့် သူမကိုယ်ကလေး ဆတ်ခနဲဖြစ်သွားကာ ဒေါသဖြစ်ဖြစ်နှင့် လှမ်းကြည့်လိုက်သည့်အခိုက်…

“ဟင်…အစ်ကို အစ်ကိုမိုးယံ”

ပိုးယမင်းမှာ မိုးယံကိုကြည့်ကာ အံ့သြခြင်း၊ ဝမ်းသာခြင်း ဝမ်းနည်းခြင်း ခံစားမှုပေါင်းစုံကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရသဖြင့် ကြောင်တက်တက်လေး ဖြစ်သွားရပါသည်။

“ပိုး…အစ်ကိုမိုးယံလေ၊ ကဲ လာ ပိုး၊ တစ်နေရာမှာ အစ်ကိုတို့နှစ်ယောက် အေးအေးဆေးဆေး စကားပြောကြရအောင်”

ပိုးယမင်းမှာ မိုးယံကို ရုတ်တရက် မြင်လိုက်ရသဖြင့် အံ့သြမှုများကြောင့် ကြက်သေ သေလျက်ရှိရာမှ သူ၏စကားကြောင့် သတိဝင်လာသလို ဖြစ်သွားကာ…

“ဟုတ်ကဲ့…အစ်ကိုမိုးယံ၊ ပိုးလည်း အစ်ကိုမိုးယံကို မေးစရာစကားတွေ အများကြီးရှိတယ်၊ ပြီးတော့ ပြောစရာတွေလည်းရှိတယ်”

“လာ…ပိုး၊ အစ်ကို့မှာ ကားပါလာတယ်”

လူရှင်းသော ကန်တော်ကြီးထဲရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် သူတို့နှစ်ယောက် ထိုင်လိုက်ကြသည်။





သူတို့နှစ်ဦး ဘာစကားတစ်ခွန်းမှ မဆိုဖြစ်ကြသေးဘဲ တစ်ဦးကိုတစ်ဦး ကြည့်မိကြသည်။

ပိုးယမင်းတစ်ယောက် ယခင်ကထက် ပိုလှလာသည်ကိုတော့ သူ သတိထားမိလိုက်သည်။

“အစ်ကိုမိုးယံ…မသေဘူးနော်”

“မသေပါဘူး မိုး၊ ကားချောက်ထဲကျတုန်းက အစ်ကို ကံကောင်းထောက်မပြီး ကားပေါ်က လွင့်ကျခဲ့လို့ မသေခဲ့ဘူး”

“ဒါဆို ပိုးတို့ကို ဘာလို့ အဆက်အသွယ် မလုပ်တာလဲ၊ ပိုးတို့ လိုက်လာသေးတယ်၊ အစ်ကိုမိုးယံ အလောင်းကို မတွေ့ပေမယ့် သေသွားပြီလို့ပဲ ယူဆပြီး ဆွမ်းကျွေးတွေ ဘာတွေတောင် လုပ်လိုက်သေးတယ်”

“ကားပေါ်က လွင့်ကျသွားလို့ မသေခဲ့ပေမယ့် ခေါင်းမှာ ပြင်းထန်တဲ့ဒဏ်ရာရပြီး အတိတ်မေ့သွားခဲ့လို့ ပိုးတို့ကို မဆက်သွယ်ဖြစ်ခဲ့တာ၊ အခု အားလုံးကို ပြန်အမှတ်ရမိတော့ အိမ်ကို ရောက်ပေမယ့် သော့တွေခတ်ထားတာပဲ တွေ့ခဲ့ရတယ်၊ စုံစမ်းတော့လည်း ရေရေရာရာ အဖြေမရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းကို လိုက်လာတော့လည်း ကျောင်းတွေပိတ်ထားလို့ ဘယ်လိုမှ စုံစမ်းလို့မရဘူး၊ ပြောပါဦး ကိုယ်မရှိတဲ့နောက် ပိုးတို့ ဘာတွေဖြစ်ခဲ့လဲဆိုတာ၊ ဦးလေးကော ဘယ်မှာလဲဟင်"

သူ့စကားကြောင့် ပိုးယမင်း ဝမ်းနည်းသွားဟန်တူသည်။ ပါးပြင်ပေါ်သို့ မျက်ရည်စလေးတွေ စီးကျလာသဖြင့်...

"ဝမ်းနည်းမနေပါနဲ့ ပိုးရယ်၊ အခု အစ်ကိုတို့ပြန်တွေ့နေပြီပဲ၊ အဖြစ်အပျက်တွေ ပြောပြပါဦး"

ပိုးယမင်း မျက်ရည်စလေးတွေကို လက်ကိုင်ပဝါဖြင့် အသာသုတ်လိုက်ပြီး...

"အစ်ကိုမိုးယံ မရှိတော့ဘူးလို့ ထင်ပြီး ပိုး အရမ်းဝမ်းနည်းခဲ့ရတယ်၊ အစ်ကို အဲဒီလိုဖြစ်ပြီး နှစ်လလောက်ကြာတော့ ရုတ်တရက် မေမေတစ်ယောက် ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသွားတယ်၊ မေမေ့နာရေးပြီးတာနဲ့ ပိုးလည်း ကိုယ့်ဘဝအတွက် ကိုယ်စဉ်းစားရတော့တာပေါ့ အစ်ကိုမိုးယံရယ်"

"ဦးလေးဦးရဲထွဋ်နဲ့ နေလို့ရပေမယ့် ပြန်စဉ်းစားကြည့်တော့ ဘယ်လိုမှ မသင့်တော်ဘူးလေ၊ ဒါနဲ့ ပိုး အဆောင်ကိုပြောင်းနေဖို့ ဆုံးဖြတ်လိုက်တယ်၊ ဦးလေးက တားပါတယ်၊ ဒါပေမယ့်





နောက်တော့ ပိုးဆန္ဒအတိုင်း ပြောင်းခွင့်ပြုလိုက်တယ်၊ အခက်အခဲရှိရင် အကူအညီလိုရင်လည်း ဆက်သွယ်ဖို့ပြောပါတယ်"

"နောက်တော့ ဦးလေးလည်း အစ်ကိုမိုးယံလည်း ဆုံး၊ မေမေလည်း ဆုံးသွားတော့ သူ့သူငယ်ချင်း လုပ်ငန်းရှင်တစ်ယောက်ကို လုပ်ငန်းတွေရောင်းပြီး နယ်စက်ဘက်မှာ အရောင်းအဝယ်သွားလုပ်တယ်ပြောတာပဲ၊ ဦးလေးလည်း သနားပါတယ်၊ တစ်ခါတစ်ခါကျော့လည်း ပိုးဆီ လာပါတယ်၊ တကယ်လို့ အစ်ကိုမိုးယံ မသေဘူးဆိုတာ သိရင် ဦးလေး အရမ်းဝမ်းသာမှာပဲ"

"ပိုး...အခု ဘယ်အဆောင်မှာနေတာလဲ"

"လှည်းတန်းနားက အဆောင်မှာပဲ ပိုး လိပ်စာပေးမယ်လေ"

"ပိုး ကျောင်းကော ဆက်မတက်တော့ဘူးလား၊ အခု ဘယ်မှာအလုပ်လုပ်နေတာလဲ"

"အစ်ကိုမိုးယံ မေးခွန်းတွေကလည်း တစ်ခုပြီးတစ်ခုပဲ၊ ပိုး မေပြီးရင် အစ်ကိုမိုးယံအဖြစ်တွေကို ပိုးကို ပြောပြရမယ်နော်"

ပိုးယမင်းမှာ သူ့မျက်နှာကို တောက်ပသော မျက်ဝန်းလေးဖြင့် ခပ်ငေးငေးလေးကြည့်ကာ ပြုံး၍ ဆိုလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ သူ့ကိုပြန်တွေ့ရသဖြင့် ပိုးယမင်းမှာ ဝမ်းသာ ဗျော်ရွှင်နေပုံရပါသည်။

"အင်း…ပိုး ပြောပြီးရင် အစ်ကိုမိုးယံအကြောင်း ပြောပြ မယ်"

"ပိုး…ဒေးမတက်ဘဲ အဝေးသင် ပြောင်းလိုက်တယ်၊ ပြီးတော့ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်နေတယ်"

"ပိုး…ဘာဖြစ်လို့ ကျောင်းဆက်မတက်တော့တာလဲ"

"ဒီအချိန်မှာ ပိုး ကိုယ့်ဘဝကိုယ် နားလည်ရမယ်လေ"

"သြော်…ပိုးရယ်"

ပိုးယမင်း၏အပြောလေးကြောင့် မိုးယံတစ်ယောက် သူ့ဘဝလေးကို သနားကရုဏာ သက်သွားမိရပါသည်။

"ဖြစ်မှဖြစ်ရလေ ပိုးရယ်၊ ပိုး ဘာမှအားမငယ်နဲ့နော်၊ အခု အစ်ကိုမိုးယံ တစ်ယောက်လုံး ရှိနေပြီ"

"ဝမ်းသာပါတယ် အစ်ကိုမိုးယံရယ်၊ အခုအချိန်မှာ ပိုးဘဝဟာ တစ်ကောင်ကြွက် ဘဝမျိုးပါ"

"ဒီလိုတော့မပြောပါနဲ့ ပိုးရယ်၊ ပိုးဘဝကို အစ်ကို ကိုယ်ချင်းစာ နားလည်ပါတယ်"

ဝိုး၊မိုး၊၀၁၇၄၀



ပိုးယမင်း၏ မျက်နှာလေးကို စူးစူးစိုက်စိုက် ကြည့်ပြီး သူ ပြောလိုက်ပါသည်။

"အစ်ကိုမိုးယံအကြောင်းတွေလည်း ပိုးကို ပြောပြဦးလေ"

သူ ကားအက်ဆီးဒင့်ဖြစ်ပြီး အတိတ်မေ့ကာ ဖြစ်ပျက်ခဲ့သည့် ကိစ္စများကို အတိုချုပ်ပြီး ပိုးယမင်းကို ပြောပြလိုက်တော့

"ဒါဆို…အစ်ကိုမိုးယံ အခု သူတို့နဲ့ပဲ နေနေတာပေါ့"

"ဟုတ်တယ် ပိုး၊ အိမ်ကိုသွားတော့လည်း တစ်ယောက်မှ မတွေ့တော့ လောလောဆယ် သူတို့ဆီမှာ နေနေတယ်"

"ဦးလေးဦးရဲထွဋ် အရင် နှစ်လတစ်ခါလောက်တော့ ပိုးဆီ လာတွေ့တာပဲ၊ အခုမလာတာ နှစ်လနီးပါးတော့ ရှိနေပြီ၊ ဒီတစ်ခါလာရင် အစ်ကိုမိုးယံနဲ့ ပိုး အဆက်အသွယ်လုပ်ပေးပါ့မယ်၊ အစ်ကိုမိုးယံရဲ့ လိပ်စာနဲ့ဖုန်းနံပါတ် ပိုးကိုပေးထားလေ"

တစ်ယောက်နှင့်တစ်ယောက် လိပ်စာများ ရေးပေးပြီး နောက်…

"ပိုး"

"ရှင်"

"အခု…ပိုးနေရတာ အဆင်ပြေရဲ့လားဟင်"

ဝိုး၊မိုး၊၀၁၇၄၀

www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ် အစ်ကိုမိုးယံ"

တိုးလျှစွာပြောလိုက်သော ပိုးယမင်းအသံလေးက ယုံကြည်မှုတွေ လျှော့ပါးနေပုံပါပဲ။ ကန်တော်ကြီးရေပြင်ကို ငေးကြည့်နေရင်းမှ ပိုးယမင်းက…

"အစ်ကိုမိုးယံ"

"ဟင်"

"အစ်ကိုမိုးယံ တစ်ခါပြောခဲ့ဖူးတာ မှတ်မိလား၊ ပိုးလည်း လေ အထီးကျန်ခြောက်သွေ့အားငယ်နေတတ်တဲ့ အချိန်မျိုးတွေမှာ ဒီရေပြင်ကြီးကို လာကြည့်ဖူးတယ်၊ အစ်ကိုမိုးယံ ပြောသလို ရေပြင်ကြီးကို ကြည့်ရတာ စိတ်ချမ်းသာတယ်၊ ကံကြမ္မာဆိုတဲ့ လှိုင်းတွေကြောင့် ပိုးနဲ့အစ်ကိုမိုးယံတို့ရဲ့ ဘဝတွေလည်း ဝဲဂယက်တွေ ထခဲ့ရတယ်နော်"

တစ်ချိန်က သူ ပြောခဲ့ဖူးသော စကားလေးတွေကို သတိတရ ပြောနေသော ပိုးယမင်း၏ လှပသောမျက်နှာလေးကို သူ ကြင်နာကရုဏာသက်စွာ ကြည့်မိပါသည်။

"ပိုးကို အဆောင်ပြန်ပို့ပြီး လိုက်ပို့မယ်လေ၊ ညနေကျ အစ်ကိုတစ်ခေါက် ပြန်လာခဲ့မယ်"





"ရပါတယ် အစ်ကိုမိုးယံ၊ ပိုး ကုမ္ပဏီကို ပြန်ရဦးမယ်၊ စာရေးကိရိယာ ကုန်သွားလို့ ထွက်ဝယ်ရင်း အစ်ကိုမိုးယံနဲ့ တွေ့တာ၊ လုပ်လက်စစာရင်းတွေ ကျန်နေသေးတယ်"

"ဒါဆိုလည်း ပိုး ကုမ္ပဏီကိုပဲ အစ်ကိုလိုက်ပို့ပေးပါ့မယ်"

သူ၏ကားလေးနှင့်ပင် ပိုးယမင်းကို သူမတို့၏ကုမ္ပဏီသို့ လိုက်ပို့ပေးသည်။ သူမ ကားပေါ်မှဆင်းကာနီးတွင်…

"ပိုး…ဘယ်အချိန်လောက် အလုပ်ဆင်းမလဲ"

"ငါးနာရီဆို ဆင်းပြီ အစ်ကိုမိုးယံ"

"ညနေကျရင် လာကြိုမယ်နော်"

"ဟုတ်ကဲ့"

ကားလေးကို မောင်းထွက်လာတော့ ကုမ္ပဏီထဲသို့ ဝင်မသွားသေးဘဲ သူ့ကားလေးကို ရပ်ကြည့်နေရှာသော ပိုးယမင်း အရိပ်ကလေးကို နောက်ကြည့်မှန်လေးထဲမှတစ်ဆင့် သူ မြင်လိုက်ရပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ညနေငါးနာရီမထိုးခင် သူ ရေမိုးချိုးအဝတ်အစားလဲလိုက်ပြီးနောက် ရွှေအဝင်းရှိရာ ဧည့်ခန်းထဲသို့ သူ ဝင်လာခဲ့သည်။

"အဝင်း…ကိုယ် ကားခဏ 'ယူသွားမယ်နော်"

"ယူသွားလေ…ကိုလွှမ်းနိုင်၊ ကိုအောင်မောင်းနဲ့ ဆိုင်ဖွင့်ဖို့ စီစဉ်နေတာတွေကော အဆင်ပြေရဲ့လား"

"ပြေပါတယ် အဝင်း၊ နောက်နှစ်ရက်လောက်ဆို ဆိုင်ဖွင့်ပွဲ လုပ်လို့ရပြီ"

"ကျေးဇူးတင်ပါတယ် ကိုလွှမ်းနိုင်ရယ်၊ ဒါနဲ့ ကိုလွှမ်းနိုင် ဘယ်ကိုသွားမလို့လဲ"

"ပိုးယမင်းနဲ့ ကိုယ် ဒီနေ့ မမျှော်လင့်ဘဲ တွေ့ခဲ့တယ်-

ဒိုးမိုးစာပေ



အဝင်း၊ အဲဒါ ကိုယ် သွားတွေ့မလို့"

သူ့စကားကြောင့် ရွှေအဝင်း၏ မျက်နှာလေး ရုတ်တရက်အပြောင်းအလဲလေးတွေ ဖြစ်သွားရသည်။

သို့ပေမယ့် ရွှေအဝင်းက သူ့မ၏မျက်နှာလေးကို ချက်ချင်းပြန်ပြင်လိုက်ကာ…

"သွားတွေ့လိုက်ပေါ့ ကိုလွှမ်းနိုင်၊ သူလည်း ကိုလွှမ်းနိုင်ကို တွေ့တော့ အံ့သြသွားမှာပဲနော်၊ အခု ပိုးယမင်းက ဘယ်မှာနေတာလဲဟင်"

"လှည်းတန်းမှာတဲ့၊ ကိုယ့်ကို လိပ်စာပေးထားတယ်"

ရွှေအဝင်းမှာ မောင်းထွက်သွားသော ကားလေး၏နောက်ဖက်ကိုကြည့်ရင်း သက်ပြင်းကလေးတစ်ချက်ကို ရှိုက်လိုက်မိရပါသည်။

သူ ပိုးယမင်း၏ ကုမ္ပဏီရှေ့သို့ရောက်ပြီး မကြာခင်မှာပဲ အမျိုးသားတစ်ယောက်နှင့်အတူ ထွက်လာသော ပိုးယမင်းကို တွေ့လိုက်ရသည်။

ပိုးယမင်း သူ့ကိုမြင်သောအခါ…

"အစ်ကိုမိုးယံ သူ့ကိုမှတ်မိလား"

ဒိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပိုးယမင်းစကားကြောင့် သူမသေားနားမှ အမျိုးသား
အား သူကြည့်မိတော့ ထိုအမျိုးသားမျက်နှာကို သူမြင်ဖူးသလိုပ်။

"သူရိန့်လေ အစ်ကိုမိုးယံ၊ ကျောင်းတုန်းက ပိုးတို့သူငယ်ချင်းလေ"

ပိုးယမင်း မိတ်ဆက်ပေးလာမှုကြောင့် သူရိန်ဆိုသော အမျိုးသားလေးကို သူ မြင်ဖူးသလိုလို ရှိနေမိခြင်းဖြစ်သည်။

"သူရိန်ကတောင် အံ့သြနေတာ၊ အစ်ကိုမိုးယံ့ အကြောင်းတွေကို ပြောပြလိုက်တော့မှ သူလည်း သဘောပေါက်သွားတာ"

ပိုးယမင်းကသာ စကားတွေပြောနေပေမယ့် သူမ မိတ်ဆက်ပေးလာသော အမျိုးသားနှစ်ယောက်ကတော့ ကိုယ့်အတွေး နှင့်ကိုယ် ဘာစကားမှ မဆိုဖြစ်ကြ။ တည်တင်းနေသော သူရိန့်၏ မျက်နှာရိပ်ကို တွေ့ရသည်။

သူရိန်ဆိုသော ကောင်လေးသည် ပိုးယမင်းနဲ့ ဘယ်လို ပတ်သက်ဆက်နွယ်နေသလဲ။

သူ့အနေနှင့် ဤကဲ့သို့ လာကြိုမိခြင်းက ထိုကောင်လေး အတွက် သဘောမကျနိုင်စရာပဲ ဖြစ်နေသည်ပဲလား။





သူ့အနေနှင့်တော့ ပိုးယမင်း၏ ဘဝလေးကို စာနာ ကရုဏာစိတ်ဖြစ်မိသည့်အတွက် အားပေးနှစ်သိမ့်ဖို့ သက်သက်သာ။

"ပိုး…ကိုယ်ပြောတာကို သေသေချာချာ စဉ်းစားပါ၊ ပြီးတော့ ဒီအချိန်မှာ ပိုးကို မှာချင်တာက ဘယ်သူ့ကိုမှ အယုံမလွယ်ပါနဲ့၊ ပိုး မလိုက်ချင်တာကို ကိုယ် ဖွတ်မခေါ်တော့ပါဘူး၊ ကဲ ကိုယ်သွားမယ်"

သူရိန့်၏စကားက တမင် သူ့ကို ရည်ရွယ်ပြောလိုက်သည့် စကားမျိုးမှန်း မိုးယံ သိလိုက်ပါသည်။

သူရိန့်က ထိုစကားကိုပြောပြီး သူတို့အနားမှ ထွက်ခွာ သွားဟန်ပြင်လိုက်တော့…

"ဒီမှာ…သူရိန်၊ နေရာတိုင်းမှာ မင်းစိတ်နဲ့နှိုင်းပြီး မပြော ပါနဲ့၊ စကားဆိုတာ ပြောတိုင်း ကောင်းတာမဟုတ်ဘူး"

"ပြောတိုင်းမကောင်းပေမယ့် တချို့စကားတွေက ပြောမှ သိမှာမို့ ပြောရတာပေါ့ဗျာ၊ တကယ်တော့ ပိုးနဲ့ ခင်ဗျားက ဘာမောင်နှမမှ တော်တဲ့သူတွေ မဟုတ်ဘူး၊ ဒီတော့ ပိုးကို သတိ ပေးရမှာက ကျွန်တော့်တာဝန်ပဲ"

"တောက်…မင်း"



www.burmeseclassic.com

www.burmeseclassic.com



ခံပြင်းဒေါသများဖြင့် ပေါက်ကွဲမိတော့မလို ဖြစ်သွားသော သူ့ဒေါသကို အချိန်မီ ထိန်းချုပ်လိုက်ရပါသည်။

“သူရိန်…နင်သွားပါတော့၊ နင် ငါ့မျက်နှာကိုထောက်ဦး အစ်ကိုမိုးယံကို နင် ဘာမှပြောစရာမလိုဘူး”

“ဩော်…အားကိုးရှိလာပြီဆိုပြီး ဒီလိုစကားမျိုးပြောတာလား ပိုး”

“နင်ထင်ချင်သလို ထင်၊ ငါဘာမှဂရုမစိုက်ဘူး၊ လာ အစ်ကိုမိုးယံ သွားကြမယ်”

ပိုးယမင်း သူ့ကားပေါ် တက်လိုက်ပြီးနောက် ကားလေးကို ခပ်ကြမ်းကြမ်း မောင်းထွက်လာခဲ့သည်။ လူရှင်းသော နေရာတစ်ခုတွင် သူတို့ထိုင်လိုက်ပြီး…

“ပိုး…ကိုယ့်ကို အမှန်အတိုင်းပြောပါ၊ သူရိန်နဲ့ပိုးတာ ချစ်သူရည်းစားတွေလား”

ပိုးယမင်း၏ မျက်နှာလေးကိုကြည့်ကာ သူမေးလိုက်သည်။ သူ့အမေးကြောင့် ပိုးယမင်းက သက်ပြင်းလေးချလိုက်ပြီး

“ဟင်း…အမှန်အတိုင်းပြောရရင်တော့ ပိုးကို သူ ပရိုပို့စ် လုပ်ထားတယ်၊ ပိုး အခေါင်မှာနေတဲ့ကိစ္စတွေ၊ ကုမ္ပဏီမှာ အလုပ်





လုပ်ဖို့ကိစ္စတွေကအစ သူရိန်ပဲ အစအဆုံး ကူညီပေးခဲ့တယ်”

“ပွင့်ပွင့်လင်းလင်း အစ်ကိုမိုးယံကို ဝန်ခံရရင် ဖေဖေ ဆုံးပြီးတဲ့နောက်ပိုင်း ဘာမှမလုပ်တတ် မကိုင်တတ်နဲ့ ရှိတာလေးတွေ ထိုင်စားပြီး ဟန်မပျက် နေခဲ့ရင်းက ဦးလေးဦးရဲထွဋ်နဲ့ မေမေ ပြန်ဆုံခဲ့တယ်၊ ဒီလိုနဲ့ မေမေ ဆုံးသွားတော့ ပိုးမှာ အခက်အခဲ အများကြီးနဲ့ ကြုံတွေ့ခဲ့ရတယ်၊ ပိုး အတော်လေး စိတ်ညစ်ရပါတယ်၊ ပိုးဘဝဟာလည်း စိတ်ညစ်စိတ်ဆင်းရဲမှုတွေနဲ့ အမြဲပဲ ဆုံတတ်ခဲ့တယ်”

“ဦးလေးဦးရဲထွဋ်နဲ့နေဖို့ မသင့်တော်တာကြောင့် သူရိန်ကို အကူအညီတောင်းပြီး အခေါင်ကို ပြောင်းခဲ့တယ်၊ အလုပ်လုပ်မှ ဖြစ်တော့မယ့်ဘဝမို့ အလုပ်ကိုလည်း သူရိန့်ဦးလေးကုမ္ပဏီမှာ သူရိန်ပဲ ပြောပေးလို့ရခဲ့တယ်၊ ဒီအတွက် ပိုးအပေါ်မှာ သူရိန့်ကျေးဇူး ရှိပါတယ်”

“ဒါပေမယ့် ဒီအပေါ်မှာ သူရိန်က ပိုးကို စာနာသနားပြီး လက်ထပ်ဖို့ တောင်းဆိုတယ်၊ ပိုးဘဝဟာ အားကိုးရာမဲ့နေတဲ့ ဘဝဆိုတော့ စဉ်းစားမယ်လို့ပဲ ပိုးအဖြေပေးထားတယ်”

“ဟင် … အဲဒီလိုလား”



www.burmeseclassic.com

www.burmeseclassic.com



ပိုးယမင်း၏ စကားများကြောင့် သူမအတွက် သူ အတော်လေး စိတ်မကောင်းဖြစ်သွားရ၏။

"သူ့ရိန့်ကို ပိုး လက်ထပ်မှာလား"

သူ့အမေးကြောင့် ပိုးယမင်း၏ လှပသော မျက်နှာလေးက သူ့ကိုငေးစိုက်ကြည့်လာပြီး ...

"ပိုး ... သူ့ရိန့်ကို မချစ်ဘူး အစ်ကိုမိုးယံ"

ပိုးယမင်း ဘဝလေးကို စာနာသနားစိတ်ဖြင့် သူ့ရင်မှာ စိတ်ထိခိုက်ရပါသည်။

"ပိုး"

"ရှင်"

"ပိုး ... အစ်ကိုမိုးယံနဲ့ လိုက်နေပါလား"

"ဟင့်အင်း .. ပိုး .. သူများအိမ်မှာ မနေချင်ပါဘူး"

"အခိုက်အတန့်ပေါ့ ပိုးရယ်..."

"အစ်ကိုမိုးယံတို့ပဲ လွတ်လွတ်လပ်လပ်နေပါ၊ ပိုးအတွက် အစ်ကိုမိုးယံ စိတ်ပူပ်မခံပါနဲ့၊ ပိုးဘဝကို ပိုးဘာသာပဲ အကောင်းဆုံးဖြစ်နိုင်ဖို့ ကြိုးစားမှာပါ"

"အစ်ကိုလည်း ဦးလေးနဲ့ တွေ့ချင်တယ်၊ အရင်နေ့တွေ



က သွားတာလည်း ပြန်မရောက်သေးဘူး၊ ပိုးဆီမှာ ဦးလေးကို ဆက်သွယ်ဖို့ ဖုန်းတွေဘာတွေ မရှိဘူးလား"

"မရှိဘူး အစ်ကိုမိုးယံ၊ ဦးလေး လာတွေ့ရင်လည်း ခဏပဲ၊ ပိုးကို ပိုက်ဆံပေးပြီး ပြန်သွားတတ်တယ်"

"ပိုးလည်း ဦးလေးကို ဘာဒုက္ခမှ မပေးချင်တာနဲ့ ဘာဖုန်းနံပါတ်မှ ယူမထားမိဘူး"

"ပိုးကို အစ်ကိုမိုးယံမှာချင်တယ်၊ ပိုးအတွက် အစ်ကိုမိုးယံ တစ်ယောက်လုံးရှိတယ်၊ ဘာမှ အားမငယ် ဝမ်းနည်းမနေနဲ့နော်၊ ဦးလေးနဲ့ပြန်တွေ့ပြီးရင် အစ်ကိုမိုးယံတို့ တစ်ခုခုတော့ အကောင်းဆုံးဖြစ်အောင် စီစဉ်နိုင်မှာပါ"

အစ်ကိုမိုးယံ၏ အားပေးစကားများက သူမရင်ကို ကြည်နူးဆွတ်ပျံ့စေရပါသည်။

သူမဘဝထဲက ပျောက်ဆုံးသွားခဲ့ပြီဟု ထင်ထားခဲ့ရသော အစ်ကိုမိုးယံကို ပြန်တွေ့ရခြင်းသည် သူမဘဝအတွက် အရာရာကို ရင်ဆိုင်နိုင်ဖို့ ခွန်အားသတ္တိတွေ ပြန်ရလာသလိုပါပဲ။

ဘဝဆိုတာ ပြောင်းလဲခြင်းတွေနဲ့သာ ထာဝရဟု ဆိုပါလျှင် အစ်ကိုမိုးယံနှင့် ပြန်ဆုံတွေ့ခွင့်ရအောင် ဖန်တီးပေးခဲ့သော ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လဲခြင်းအတွက်တော့ ဂံတရားကို လှိုက်လှဲစွာ သူမ ကျေးဇူးတင်ရပါသေးသည်။

"အစ်ကိုမိုးယံနဲ့ ပြန်ဆုံတွေ့ခွင့်ရတာ ပိုးတော့ သိပ်ဝမ်းပျော်တယ်၊ ပြီးတော့ ရင်ထဲမှာလည်း အားငယ်စိတ်တွေ ပျောက်ကွယ်သွားသလိုပါပဲ အစ်ကိုမိုးယံရယ်"

"ဒီလိုမှပေါ့ … ပိုးရယ်၊ တကယ်တော့ အစ်ကိုမိုးယံနဲ့ ပိုးရဲ့ဘဝက ဘဝတူတွေပါ"

"အစ်ကိုမိုးယံ"

"ပြောလေ ပိုး"

"အချစ်ဆိုတာကို အစ်ကိုမိုးယံ ဘယ်လိုနားလည်ထား ဟင်"

ထူးဆန်းစွာ မေးလာသော ပိုးယမင်း၏ စကားလေးကြောင့် သူ တွေဝေသွားရ၏။ ပြီးမှ …

"အချစ်ဆိုတာ ဖြေရှင်းပြလို့မရတဲ့ စိတ်ခံစားချက်တစ်မျိုးပဲလို့ အစ်ကိုမိုးယံထင်တယ်"

"အစ်ကိုမိုးယံပြောတာ သဘာဝကျတယ်၊ တကယ်ဆို သူရှိန်အနေအထားက ဦးနှောက်နဲ့တွေးရင် လက်ခံနိုင်စရာ အကြောင်း





ရှိပေမယ့် ပိုး သူ့ကို ဘယ်လိုမှ ချစ်လို့မရဘူး၊ အချစ်ဆို သိပ်ထူးဆန်းတာပဲနော်"

"အစ်ကို တစ်ခုပြောချင်တယ် ပိုး၊ မချစ်ဘဲနဲ့ သူ့ကို မရွေးချယ်လိုက်ပါနဲ့၊ ရွေးချယ်လိုက်မိရင် ပိုးဘဝ တစ်သက်တာလုံး စိတ်သောကတွေနဲ့ လူ့လောကကြီးကို ဖြတ်သန်းနေရလိမ့်မယ်"

"စိတ်ချပါ အစ်ကိုမိုးယံ၊ ပိုး မချစ်ဘဲနဲ့ ဘယ်ယောက်ျားတစ်ယောက်ကိုမှ လက်မထပ်ဘူးလို့ ဆုံးဖြတ်ထားပြီးသားပါ၊ ပိုး လက်ထပ်မယ့်သူက ပိုးကိုယ်တိုင် ချစ်မြတ်နိုးတဲ့သူပဲ ဖြစ်မှာပါ"

ကြည်စင်တောက်ပသော မျက်ဝန်းလေးဖြင့် ပြောလိုက်သော ပိုးယမင်း၏ လှပသော မျက်နှာလေးကို ဖျတ်ခနဲကြည့်မိတော့ ကော့ညွှတ်သော နှုတ်ခမ်းရဲရဲလေးမှ အပြုံးလေးတစ်ပွင့်ကို သူ တွေ့လိုက်ရသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ပိုးယမင်းဆီမှ အပြန်တစ်လမ်းလုံး သူမအကြောင်းလေးတွေကို စဉ်းစားလာမိသည်။

ညီမလေးတစ်ယောက်သဖွယ် ခင်မင်သံယောဇဉ်တို့ကြောင့် ခြောက်သွေ့အထီးကျန်ဖြစ်နေရသော သူမဘဝလေးကို သူ စာနာစိတ်များစွာဖြင့် သနားဂရုဏာဖြစ်မိရသည်။

ပိုးယမင်းဘဝလေးကို ထာဝရပျော်ရွှင်စေချင်သည်။ ခြောက်သွေ့အထီးကျန်ခဲ့ရသော သူ့ဘဝနှင့် နှိုင်းစာပြီး ပိုးယမင်းအပေါ် အကြင်နာကရုဏာတွေ ဖြစ်ထွန်းခဲ့ရပါပြီ။

ပိုး …ရယ်။

မင်းဘဝလေးကို အစ်ကိုမိုးယံရဲ့ အကြင်နာမေတ္တာတွေနဲ့





နွေးထွေးပျော်ရွှင်စေချင်ပါတယ်။

အတွေးများဖြင့် မောင်းလာသော သူ၏ကားလေးက သံလွင်လမ်းရှိ လှပခန့်ညားသော နှစ်ထပ်တိုက်ကြီးရှိရာ ခြံဝန်းရှေ့မှာ ရပ်တန့်လိုက်တော့ ခြံတံခါးလာဖွင့်ပေးသော ကိုအောင်မောင်းကို တွေ့ရသည်။

သူ့ကားလေးကို ပေါ်တီကိုအောက်သို့ ထိုးသွင်းလိုက်ပြီး အားတံခါးဖွင့်ကာ ဆင်းလိုက်သည်။

ကားသံကြား၍ တိုက်ရှေ့သို့ ထွက်လာသော ရွှေအခင်းကို တွေ့လိုက်ရသည်။ အိမ်နေရင်း စပို့ရှပ်အနီလေးနှင့် ဂျင်းအပျော့သား ဘောင်းဘီလေးကို ဝတ်ထားသော ရွှေအခင်းပုံစံလေးက သန်းသန်းတက်ကြွနေသယောင်။

"ကိုလွှမ်းနိုင် နေမကောင်းဘူးလား၊ မျက်နှာလည်း မကောင်းပါလား"

ရွှေအခင်းက သူ့မျက်နှာကိုကြည့်ကာ မေးလာသည်။

"နေကောင်းပါတယ် အခင်း၊ ကိုယ် ဘာမှ မဖြစ်ပါဘူး"

"နေကောင်းတယ်သာ ဆိုတယ်၊ ကိုလွှမ်းနိုင်မျက်နှာ ကြည့်ရတာ တစ်မျိုးပဲ၊ ပိုးယမင်းနဲ့ သွားတွေ့တာ အဆင်မပြေခဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



လား"

"အဆင်ပြေပါတယ်၊ မိသားစုကိစ္စလေးတွေ နည်းနည်း ရှိနေလို့ပါ"

"ဘာကိစ္စလဲဟင်၊ အဝင်းကို ပြောပြလို့ရရင် ပြောပြပါ လား၊ ကူညီနိုင်တာရှိရင် ကူညီလို့ရတာပေါ့"

"ခြံထဲမှာ ခဏလောက် စကားပြောကြရအောင် အဝင်း"

သူနှင့် ရွှေအဝင်းတို့ ခြံဝန်းထဲရှိ ခုံလေးတစ်ခုပေါ်တွင် ထိုင်လိုက်ကြသည်။

"ပိုးယမင်းနဲ့ တွေ့ခဲ့လား ကိုလွှမ်းနိုင်"

"တွေ့ခဲ့တယ် အဝင်း"

"ကိုလွှမ်းနိုင် ပြောစရာရှိတယ်ဆို ဘာပြောမလို့လဲ ပြောလေ"

"ဦးလေးလည်း အခုထိ အဆက်အသွယ်မရဘူးဖြစ်နေ တယ်၊ ပိုးယမင်းလည်း အဆောင်မှာ တစ်ယောက်တည်းဖြစ်နေ တော့ ဖြစ်နိုင်ရင် ဒီကိုခေါ်ထားချင်တယ် အဝင်း"

"ခေါ်ထားလေ ကိုလွှမ်းနိုင်၊ အဝင်းလဲ အဖော်ရတာပေါ့၊ အခု ပိုးယမင်း ဘယ်မှာအလုပ်လုပ်နေလဲ"





"ကုမ္ပဏီတစ်ခုမှာပဲ"

"အခု အဝင်းတို့ဖွင့်မယ့် ကျောက်မျက်ရတနာ ရောင်း ဝယ်လေးလုပ်ငန်းမှာ ပိုးယမင်းအလုပ် လုပ်မယ်ဆိုရင် အားလုံး အဆင်ပြေတာပေါ့"

"အဝင်းပြောတ အဆင့်ပြေသားပဲ၊ ဒါဆို ပိုးယမင်း ဆန္ဒကို ကိုယ်မေးကြည့်လိုက်ဦးမယ်"

"ပိုးယမင်းနဲ့လည်း အဝင်းကို ဆုံပေးဦးလေး"

"ဆုံပေးမှာပေါ့ အဝင်း"

ရွှေအဝင်း ပြောသလို ပိုးယမင်းအား တိုက်တွန်းဖို့ သူ ဆုံးဖြတ်လိုက်သည်။ ရွှေအဝင်းပြောသည့် အစီအစဉ်က တကယ် တော့ အကောင်းဆုံး အစီအစဉ်သာဖြစ်သည်။

"ကိုလွှမ်းနိုင် ပိုးယမင်းကို တော်တော်လေး သံယောဇဉ် ကြီးတာပဲနော်"

"အခုအချိန်မှာ ပိုးယမင်းဟာ တစ်ယောက်တည်း ဘဝကို ရုန်းကန်နေရတဲ့အတွက် ကိုယ် ကရုဏာသက်မိတာတော့ အမှန်ပဲ၊ ပြီးတော့ အားငယ် အထီးကျန်နေတဲ့ ပိုးယမင်းကို ကိုယ့်ခံစားချက် တွေနဲ့ နှိုင်းပြီး စာနာမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်များဖြင့် ပြောနေသော သူ့မျက်နှာချောချော
ကြည့်လိုက်ပြီး ရွှေအဝင်း ဘာစကားမှ မဆိုဖြစ်ပါ။

ဩော် ... ကိုလွှမ်းနိုင်ရယ်။

ချမ်းသာပြည့်စုံနေရုံကလွဲပြီး အထီးကျန်ခြောက်သွေ့
တဲ့ ရွှေအဝင်းရဲ့ ခံစားချက်တွေကိုလည်း မြင်နိုင်ပါစေလို့သာ သူ့
စိတ်လေးထဲက တီးတိုးရေရွတ်လိုက်မိတော့သည်။

နောက်တစ်နေ့ ပိုးယမင်းရှိရာ အဆောင်သို့ သူခပ်
စောစော ရောက်ရှိသွားသည်။

ဧည့်ခန်းတွင် သူ စောင့်နေလိုက်သည်။ မကြာမီ ခရမ်း
ရောင်ဝမ်းဆက်လေးဖြင့် ပိုးသားလို နက်မှောင်ပျော့အိနေသော ဆံပင်
ရှည်ရှည်များကို ဖြန့်ချထားသည့် ပိုးယမင်း ထွက်လာသည်ကို
တွေ့ရသည်။

"အဲ ...အစ်ကိုမိုးယံ အစောကြီးပါလား"

"ဟုတ်တယ် ... ပိုးကို ပြောစရာတွေရှိလို့၊ ပိုး ...ဒီနေ့
ကုမ္ပဏီမှာ အလုပ်ဆင်းမှာလား"

"ဒီနေ့ ဆန်းဒေးလေ၊ ကုမ္ပဏီပိတ်တယ်"

"ဩော် ...ဟုတ်လား၊ ဒါဆို အတော်ပဲ၊ တစ်





စားရင်း စကားပြောကြတာပေါ့"

သူတို့ လှည်းတန်းတွင် အဆာပြေ စားသောက်ပြီးနောက်
အင်းလျားဘက်သို့ ထွက်လာခဲ့သည်။

အင်းလျားကန်ဘောင်ဘေးရှိ ခုံတန်းလေးတစ်ခုတွင် သူတို့
ထိုင်လိုက်ကြသည်။

အင်းလျားရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနု
အေးလေးများက ပိုးယမင်း၏ ဆံနွယ်ရှည်လေးများကို တို့ထိဆော့
ကစားသွားကြသည်။

"ပိုး"

"ရှင်"

"ပိုးအတွက် ကိုယ်တစ်ခု စဉ်းစားထားတယ်"

"ပြောပါ အစ်ကိုမိုးယံ"

"အခု ပိုးလုပ်နေတဲ့ ကုမ္ပဏီဟာ သူရိန်ဦးလေး ကုမ္ပဏီ
မဟုတ်လား၊ ဒီတော့ သူရိန်နဲ့လည်း ပိုး ဒီအလုပ်လုပ်နေသရွေ့
တင်းကင်းပြတ်ပြတ် ဆက်ဆံလို့ရမှာမဟုတ်ဘူး။ အကောင်းဆုံး
ကတော့ ပိုး ဒီအလုပ်ကထွက်လိုက်ပါ၊ ပြီးတော့ အခု အစ်ကိုမိုးယံ
တို့ဖွင့်မယ့် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှာ ပိုး လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ရွှေအဝင်းကလည်း ပိုးကို လိုလိုလားလား အလုပ် လုပ်စေချင်ပါတယ်"

"ပြီးတော့ ပိုးကိုလည်း ရွှေအဝင်းက အိမ်မှာပဲ နေစေချင်တယ်၊ သူလည်း တစ်ယောက်တည်း ဖြစ်နေတော့ ပိုးလာနေရင် အဖော်ရမယ်ဆိုပြီး ဝမ်းသာနေတာ၊ ဘယ်လိုလဲ ပိုး၊ အစ်ကိုပြောတဲ့ အစီအစဉ်ကို လက်ခံမယ်မဟုတ်လား ဟင်"

"ပိုး စဉ်းစားပါရစေဦး အစ်ကိုမိုးယံ"

"စဉ်းမနေပါနဲ့ ပိုး၊ လက်ရှိအခြေအနေထက် အစ်ကိုပြောတဲ့ အစီအစဉ်က ပိုးအတွက် အကောင်းဆုံးပါ"

"အစ်ကိုမိုးယံရယ် စေတနာတွေကို ပိုးနားလည်ပါတယ် ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ ပိုး"

"ပိုးအနေနဲ့ အစ်ကိုမိုးယံကို ဒုက္ခပေးနေသလိုများ ဖြစ်နေသလားလို့ပါ"

"ဘာ ဒုက္ခမှ မပေးပါဘူး ပိုး၊ ရွှေအဝင်းဆိုတဲ့ မိန်းကလေးကလည်း သဘောထားပြည့်ဝတဲ့ မိန်းကလေးတစ်ယောက်ပါ၊ ပြီးတော့ ဦးလေးနဲ့ အဆက်အသွယ်လည်း ရရင်





အခြေအနေ တစ်မျိုးပြောင်းပြီး စီစဉ်လို့ရမှာပါ၊ ဒီအတွက် ပိုးဘာကိုမှ စိတ်သောကဖြစ်မနေပါနဲ့"

ပိုးယမင်း အင်းလျားရေပြင်ကြီးကို ကြည့်ကာ အတန်ကြာ တိတ်ဆိတ်နေလေသည်။ မိုးယံပြောသောစကားတွေကို သူမ စဉ်းစားနေပုံရ၏။

သူ ပိုးယမင်း၏ လှပသော မျက်နှာလေးကို ကြည့်ပြီး ပိုးယမင်းထံမှ စကားသံကို မျှော်လင့်နေမိသည်။

"အစ်ကိုမိုးယံ ကောင်းသလိုသာ စီစဉ်ပါ၊ ပိုးအတွက် ကောင်းမယ်ထင်လို့ အစ်ကိုမိုးယံ စီစဉ်တာကို ပိုး လက်ခံရတော့မှာပေါ့"

"ပိုးဆီက ဒီစကားကြားရတာ အစ်ကိုဝမ်းသာတယ်၊ ဦးလေးနဲ့ အဆက်အသွယ်လည်း မကြာခင် ရလိမ့်မယ်လို့ အစ်ကိုထင်တယ်"

"အိမ်ဘက်ကိုလည်း အစ်ကိုမကြာခဏ သွားကြည့်နေပါတယ်"

"ဦးလေး ဒီရက်ပိုင်းတွေ ပိုးဆီလာတတ်တယ်၊ ဦးလေးသာ အစ်ကိုမိုးယံကိုတွေ့ရင် သိပ်ပြီးအံ့သြဝမ်းသာသွားမှာတော့



www.burmeseclassic.com

www.burmeseclassic.com



အသေအချာပဲ”

“အစ်ကိုလည်း ဦးလေးကို အရမ်းတွေ့ချင်နေတာ၊ ဒါ
ပိုး ဘယ်တော့လည်း ပြောင်းမလဲဟင်”

“အခု … လဝက်တောင်ကျော်နေပြီဆိုတော့ ပိုးစီ
စရာရှိတာ စီစဉ်ပြီး လကုန်ရက်မှာ အစ်ကိုမိုးယံပြောတဲ့ အစီအ
အတိုင်းဖြစ်အောင် ပိုး ကြိုးစားပါ့မယ်”

သူ့အစီအစဉ်အတိုင်းကို ခေါင်းညိတ်လက်ခံလိုက်သော
သူမလေး၏ လှပသော မျက်နှာလေးကို စူးစူးစိုက်စိုက်လေးကြ
လိုက်မိကာ-

“ပိုး”

“ရှင်”

“အစ်ကိုမိုးယံ မျက်နှာကိုကြည့်စမ်း”

ပြောပြောဆိုဆို သူမ မျက်နှာလေးကို ညင်သာစွာ
ယူလိုက်ပြီး သူ့မျက်နှာကို ကြည့်စေလိုက်သည်။

“ပိုးဘေးနားမှာ မိုးယံဆိုတဲ့ အစ်ကိုတစ်ယောက်လုံး
တယ်ဆိုတာကို ပိုး ဘယ်တော့မှ မမေ့ပါနဲ့နော်၊ ပြီးတော့ ဘာ
လည်း ဝမ်းနည်း အားငယ်မနေနဲ့နော်”





ရှည်ကော့နေသော မျက်တောင်လေးများ အောက်မှ မျက်
ဝန်းတောက်လေးများဖြင့် သူ့ကို ရီဝေစွာကြည့်လာသော ပိုးယမင်း
၏ မျက်နှာလေးကိုကြည့်ပြီး ကလေးငယ်တစ်ယောက်ကို ပြော
သလိုမျိုး သူ ပြောလိုက်သည်။ ပိုးဆိုသော သူမလေးအပေါ်တွင်
သူ၏ နှလုံးသားမှ ကြင်နာခြင်းများဖြင့် ချစ်မိရပါပြီ။ ညင်သာ
စွာ ခေါင်းညိတ်ပြလိုက်တော့ သူမ၏ ကိုယ်လေးကို သူ့ရင်ခွင်ထဲ
ဆွဲသွင်းကာ တင်းတင်းလေး ဖက်ထားလိုက်မိသည်။

“ပိုး”

“ရှင်”

“ပိုးကို အစ်ကိုမိုးယံချစ်တယ်ကွယ်”

သူ့ရင်ခွင်ထဲမှ ပိုးယမင်း၏ လှပသော မျက်နှာလေးကို
သူ ညင်သာစွာ နမ်းရှိုက်လိုက်မိရပါပြီ။

“ပိုးလည်း အစ်ကိုမိုးယံကို ချစ်ရဲ့လားဟင်”

“အစ်ကိုရယ် ပိုး ဟိုးကတည်းက အစ်ကိုမိုးယံကို ချစ်ခဲ့ရ
သူပါရှင်”

“အို … ပိုးရယ်”

နုထွေးသော သူမလက်ကလေးဖြင့် သူ့ကျောပြင်အား



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းလေး ရစ်ဖွဲ့ကာ ပြောလိုက်သော ပိုးယမင်း၏ စကား...

လေးကြောင့် သူ့ရင်ထဲမှာ နင့်နင့်သည်းသည်းလေး ခံစားသွား...

ပါသည်။

ရင်ခွင်ထဲမှ ရှက်သွေးဖြင့် နီမြန်းနေသော ပိုးယမင်း...

မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ရင်ထဲမှာ အချစ်စိတ်တို့...

သိပ်လာကာ ဒုတိယအကြိမ်မြောက် ချစ်အနမ်းလေးတွေ ဝေဖြာ...

ရပြန်ပါသည်။

ပိုးယမင်းတစ်ကိုယ်လုံး အစ်ကိုမိုးယံ၏ ရင်ခွင်ထဲ...

နေသလို သူမ၏ နှုတ်ခမ်းလေးတွေလည်း နွေးထွေးသော အနမ်း...

လေးများကြောင့် တိတ်ဆိတ်သွားရပါသည်။

"လွှတ်ပါဦး အစ်ကိုမိုးယံရယ်၊ ပိုး မောတယ်"

ပိုးယမင်း၏ တိုးလျသော အသံတုန်တုန်လေးကြော...

သူမ ကိုယ်လေးကို ဖြေလျော့ပေးလိုက်မိသည်။

"ပိုး ... ဘာဖြစ်တာလဲဟင်"

ရုတ်တရက် ဖြူလျော့သွားသော ပိုးယမင်း၏ မျက်...

လေးကိုကြည့်ပြီး သူစိုးရိမ်စွာ မေးလိုက်မိသည်။

"ညက ညဉ့်နက်နမှ အိပ်မိတော့ ခေါင်းမူးသွားလို့...







...အစ်ကိုမိုးယံ"

"ဒါဆို ပိုးကို အဆောင်ပြန်ပို့လိုက်မယ်နော်၊ အဆောင်...

...မှာ နားနားနေနေ နေလိုက်တော့မယ် ဟုတ်လား"

သူ့ကားလေးဖြင့် ပိုးယမင်းကို သူမအဆောင်ထိပြန်ပို့...

...ပေးလိုက်သည်။

"အစ်ကိုမိုးယံ... ကားကို ဂရုစိုက်မောင်းနော်"

"အစ်ကို့အတွက် စိတ်ချပါ၊ ပိုးသာ ကျန်းမာရေး ဂရု...

...စိုက်နော်၊ အစ်ကိုသွားပြီနော်"

"ဟုတ်ကဲ့"

ခေါင်းလေး ညိတ်ပြလိုက်သော ပိုးယမင်း၏ နူးညံ့သိမ်...

မွေ့လှပသော မျက်နှာလေး ပြုံးနေတာကို သူမြင်လိုက်ရသဖြင့်

သူ့ရင်ထဲ ကြည်နူးချမ်းမြေ့သွားရသည်။

ချစ်တဲ့ ပိုးယမင်းရဲ့ လှပတဲ့ မျက်နှာလေး အမြဲတမ်း

ပြုံးပျော်နေနိုင်ပါစေလို့လည်း စိတ်ထဲ ဆုတောင်းနေမိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၉)

"ပိုးယမင်းနဲ့ တွေ့ခဲ့လားဟင်"

ရိုးစမ်းစိတ်ကလေးဖြင့် မေးလာသော ရွှေအဝင်း၏ အမေး ကို သူ ခေါင်းညိတ်ပြလိုက်ပြီး-

"တွေ့ခဲ့တယ် ... အဝင်း"

"ဘာတဲ့လဲ ... အဝင်းတို့ ပြောတာကို သူ လက်ခံ လား"

"ကိုယ် သေသေချာချာ ပြောလိုက်တော့ လက်ခံပါတယ်၊ ဒီလကုန်ရင် ဟိုက အလုပ်ထွက်ပြီး ဒီမှာပဲ အဝင်းရဲ့လုပ်ငန်းမှာ ဝင်လုပ်မယ်လို့ ပြောတယ်"

"ကောင်းပါတယ် ... ကိုလွှမ်းနိုင်၊ အဝင်းအတွက်

ဝိုး:မိုး:ဝဝ၆ပေ



ညီမလေးတစ်ယောက် ရတာပေါ့"

သဘောထား ပြည့်ဝလွန်းရှာသော အဝင်းဆိုသော မိန်း ကလေးစိတ်ဓာတ်ကို သူ တကယ်ပဲ လေးစားချီးကျူးမိပါသည်။

တကယ်ဆို ဒီကိစ္စတွေက သူမနှင့် ဘာမှမပတ်သက်သည့် ကိစ္စများသာဖြစ်ပေမယ့် အရာရာကို နားလည်ပေးနိုင်စွမ်းသော သူ့ဘာတာစိတ်ကလေးများကတော့ သူမဖေဖေ ဦးထက်ကောင်းထံမှ ရသော အမွေကောင်း စိတ်ဓာတ်လေးပင်ဖြစ်သည်။

ရွှေအဝင်း ရင်ထဲတွင်တော့ သူမဘဝတစ်သက်တာတွင် ဘယ်ယောကျ်ားတစ်ယောက်အပေါ်မှ လှုပ်ခတ်ခြင်း မရှိခဲ့သော နှလုံးသားက ကိုလွှမ်းနိုင်ဟု သူမခေါ်သော ယောကျ်ားတစ်ယောက် အပေါ်တွင်တော့ လေးနက်စွာ ချစ်နေမိခဲ့ရပါသည်။

ဒါကို သူ သိအောင်လည်း သူမ မကြိုးစားချင်တော့ပါ။

အချစ်ဆိုတာ ရယူခြင်းလား၊ ပေးဆပ်ခြင်းလားဆိုတာကို သူမ သေချာမသိပေမယ့် သူမအပေါ် ထားရှိမိခဲ့သော သူမ၏ ချင်းခြင်းတရားကတော့ အခိုင်အမာဖြင့် သူမနှလုံးသားလေးမှာ အမြစ်တွယ်ခဲ့ရပြီ။

တစ်ခါတရံ ပိုးယမင်းဆိုသော မိန်းကလေးနှင့် ပတ်သက်

ဝိုး:မိုး:ဝဝ၆ပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမ သဝန်တိုချင်မိပေမယ့် သူ့အပေါ်ထားရှိသော ထူးဆန်းသော ချစ်ခြင်းတရားက ထိုအရာအားလုံးကို လွှမ်းမိုးချေဖျက်နိုင်စွမ်းရှိသည်သာ။

သူ စိတ်ချမ်းသာ ပျော်ရွှင်မည်ဆိုလျှင် အရာရာကို သူမ ပေးဆပ်နိုင်သည်အထိ သူ့အပေါ် ထားရှိမိခဲ့သော သူမ၏အချစ်ကို ရွှေအဝင်းကိုယ်တိုင် နားမလည်နိုင်လောက်အောင်ဖြစ်ရပါသည်။

ရွှေအဝင်းဆိုတဲ့သူမဟာ သူ့အပေါ်ထားရှိမိသော အချစ်စိတ်တို့နှင့် ရူးမျာ ရူးနေပြီလား မသိ။

ဘယ်တုန်းကမှ အချစ်ဆိုတာမျိုးကို မတွေ့ခဲ့ဖူးသော သူမဟာ သူနဲ့ပတ်သက်မှ ဖြစ်ပေါ်လာခဲ့ရတဲ့ ဒီအချစ်စိတ်၏ ထူးခြားဆန်းကြယ်မှုများကို သူမကိုယ်တိုင် ကျေနပ်စွာ ခံယူခဲ့မိပြီဆိုတာတော့ သေချာလေသည်။

သူမကို သူ ချစ်ဖို့ထက် လွှမ်းနိုင်ဟု သူမခေါ်သော မိုးယံဆိုသောသူ စိတ်ချမ်းသာကျေနပ်စေဖို့ လုပ်ပေးချင်မိသည့် ထိုအချစ်စိတ်ကို နည်းနည်းလေးမှ စိတ်မပျက်မိတာလည်း သူမ ရိုးသားစွာ ဝန်ခံရမည်ဖြစ်ပါသည်။





ဘယ်အတိတ်ကံတွေကြောင့်များ သူမ သူ့အပေါ် ဒီလောက်အထိ ချစ်မိသွားရတာပါလဲ။

ဒီလိုဖြစ်လောက်အောင် သူမဟာ ယောကျ်ားသားတွေနှင့် လုံးဝမထိတွေ့ မဆက်ဆံခဲ့ဘူးသူ တစ်ယောက်မှ မဟုတ်ပဲ။ ဖေဖေ့ကျောက်လုပ်ငန်းက အနားယူခဲ့တော့ ကျန်ရှိခဲ့သော စီးပွားရေးလုပ်ငန်းများစွာကို သူမကပင်ဦးစီး ဦးဆောင်ပြုကာ ဖေဖေ့လူယုံများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကောင်းဆုံးဖြစ်အောင် လုပ်နိုင်ခဲ့လေသည်။

အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စများကို ရွှေအဝင်း လုံးဝမေ့လျော့ထားခဲ့သည်။ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းများကြားထဲတွင် မြုပ်နှံထားခဲ့ရင်းဖြင့် အချိန်ကာလအတော်များများကို သူမ ဖြတ်ကျော်ခဲ့သည်။

ရွှေအဝင်းအား လာရောက်ချဉ်းကပ်သည့် ယောကျ်ားပေါင်းများစွာ လာရောက်စပ်ဟပ်သည့် အသိမိတ်ဆွေများစွာကိုလည်း သူမ အလိမ္မာဖြင့် ရှောင်တိမ်းခဲ့ဖူးသည်။

ရွှေအဝင်းမှာ ယောကျ်ားသားများစွာကို လုပ်ငန်းသဘော၊ မိတ်ဆွေသဘော ဆက်ဆံခဲ့ဖူးပေမယ့် နည်းနည်းလေးမှ သူမနှလုံး



www.burmeseclassic.com

www.burmeseclassic.com



သားက ရင်ခုန်လှုပ်ရှားခဲ့ခြင်းမျိုး မရှိခဲ့တာကို သူမကိုယ်သူမ အသိဆုံးသာဖြစ်သည်။

သို့သော် သူ့အပေါ်တွင်တော့ ရွှေအခင်း မြင်မြင်ချင်းပင် ရင်ခုန်လှုပ်ရှားခဲ့ရပါသည်။

ထိုအတွက်လည်း ရွှေအခင်း သူမကိုယ်သူမ လုံးဝအံ့သြခဲ့မိသည်။

ဖေဖေဦးထက်ကောင်း သူမထံသို့ သူ့အကြောင်းဆက်သွယ် အကြောင်းကြားစဉ်က ကားအက်ဆီးဒင့်ဖြစ်ကာ အတိတ်မေ့နေသည့် သာမန်ယောက်ျားတစ်ယောက်အဖြစ် မှတ်ယူကာ ဖေဖေ့ကိုပင် သူမ ကန့်ကွက်ခဲ့ဖူးသည်။

"ဖေဖေရယ် … အတိတ်မေ့နေခဲ့ ယောက်ျားတစ်ယောက်ကို ဘာဖြစ်လို့ သမီးဆီလွှတ်ချင်ရတာလဲ၊ ဒီမှာ သမီးဦးစီးပြီးလုပ်နေတဲ့ လုပ်ငန်းတွေ သူ့ကြောင့် အနှောင့်အယှက်တွေဖြစ်ကုန်ပါဦးမယ်"

"သမီးလုပ်နေတဲ့ လုပ်ငန်းတွေဟာ ယောက်ျားများစွာနဲ့ ထိတွေ့ဆက်ဆံပြီး လုပ်နေရတဲ့ လုပ်ငန်းတွေဆိုတာ သမီးသိပါတယ်၊ ဒါကြောင့် သမီးအနားမှာ ယောက်ျားသားတစ်ယောက်



ဘယ်လိုပဲဖြစ်ဖြစ် လိုအပ်တယ်၊ ဖေဖေပြောတာကို သမီးငြင်းဆန်ရင် သမီးကြိုက်တဲ့သူတစ်ယောက်နဲ့ အမြန်ဆုံး အိမ်ထောင်ပြု၊ ဒီလိုဆို ဖေဖေ သူ့ကို မလွှတ်တော့ဘူး"

"ဒီလိုမှမဟုတ်ရင်တော့ သမီးအတွက် ဖေဖေ သူ့ကို လွှတ်ရလိမ့်မယ်၊ ဖေဖေ လူကဲခတ် မညံ့ဘူးဆိုတာ ဖေဖေ့အတွေ့အကြုံအရ သမီးသိပါတယ်၊ ဒီတော့ သမီး တစ်ခုခုကို ရွေးချယ်လိုက်"

အမှန်တော့ ဖေဖေ ဦးကောင်းထက်သည် သမီးရွှေအခင်းကို အိမ်ထောင်ပြုစေချင်သည်။ သမီးအတွက် စိတ်ချချင်သည်။

သို့ပေမယ့် ခက်နေသည်က အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ဖို့ နေနေသာသာ သူမရင်ခုန်သည့် လူမျိုးပင် မတွေ့သဖြင့် အခက်တွေ့နေရသည်။

နောက်ဆုံးတော့ ဖေဖေ့ဆန္ဒကို လိုက်လျောသည့် အနေဖြင့် သူမ လက်ခံမိခဲ့ခြင်းဖြစ်သည်။

သို့ပေမယ့် သူ့ကို စတွေ့စဉ်အခိုက်မှာပင် အချိန်ကာလများစွာ အိပ်ပျော်နေခဲ့သော သူမနှလုံးသားလေးသည် လှုပ်ရှားနိုးထလာခဲ့ရခြင်းဖြစ်သည်။


မိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူမမှာ သူ့အပေါ်တွင် ဖြစ်ပေါ်မိခဲ့သော ချစ်ခြင်းတရားတို့က သူမနှလုံးသားလေးပေါ်တွင် ခိုင်မြဲစွာ အမြစ်တွယ်ခဲ့ရပြီ။

သူမဘဝထဲမှ ထွက်ခွာသွားမှာကို နှလုံးသားကလေးက စိုးရိမ်နေတတ်ခဲ့ပြီ။

ပူပန်နေတတ်ခဲ့ပြီ။

ဘယ်လိုပဲဖြစ်ဖြစ် သူမနှင့်အနီးဆုံးမှာသာ သူ့ကိုရှိစေချင်သည်။ ဘာကြောင့်ပဲဖြစ်ဖြစ် သူ့မျက်နှာကို သူမတွေ့ချင်နေတတ်ခဲ့ပြီ။

သူမ ဘာဖြစ်တာလဲ။

ဒါဟာ ... အချစ်တရားတဲ့လား။

သူမရဲ့ ဒီအချစ်တွေကိုကော သူ ဘယ်တော့များ သိနိုင်မှာတဲ့လဲ။

"အဝင်းကို ကိုယ်တကယ်ပဲ လေးစားတယ် ပြီးတော့.."

"ပြီးတော့ ဘာဖြစ်လဲ ကိုလွမ်းနိုင်"

"ညီမလေးတစ်ယောက်လိုလဲ အရမ်းခင်မင်မိပါတယ်"

"ဩော် ... ကိုလွမ်းနိုင်ရယ် အဝင်းလည်း အစ်ကိုတစ်





ယောက်လို သံယောဇဉ် တွယ်မိရပါတယ်"

"ဒီလိုဆိုရင် ကိုယ်နဲ့အဝင်း မောင်နှမတွေ ဖြစ်သွားပြီပေါ့"

"ဒါပေါ့ ... အခက်အခဲတွေအားလုံးတောင် နှစ်ယောက်အတူတူ ကျော်ဖြတ်ခဲ့ကြဖူးတာပဲ"

"ဒါဆို .. အဝင်း ကိုယ့်ကို ကိုလွမ်းနိုင်လို့ခေါ်တာ ကိုယ့်နားထဲမှာ စိမ်းနေသလိုပဲ"

"ဒါဖြင့် ... ဘယ်လိုခေါ်ရမလဲ ဟင်"

"အဝင်း ... ဘယ်လိုခေါ်ချင်သလဲ၊ ကိုလွမ်းနိုင်ဆိုတဲ့ခေါ်ပုံကတော့ ကိုယ်နဲ့အဝင်းကြားမှာ သူစိမ်းဆန်နေတာတော့ အမှန်ပဲ"

"အဝင်း ... အစ်ကိုတစ်ယောက်အနေနဲ့ ကိုကိုလို့ ခေါ်မယ်ဆိုရင် ဘယ်နှယ့်လဲ"

မျက်ဝန်းလေး ထောင့်ကပ်ပြီး ချစ်စဖွယ် အမူအရာလေးငြဖွဲ့ ပြောလိုက်သော ရွှေအဝင်းဟန်လေးကို ကြည့်ကာ သူပြုံးလိုက်မိသည်။

"ဒါဆိုရင် အဝင်းနဲ့ ကိုကိုကြားမှာ သူစိမ်းမဆန်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ်"

သူ့အပြောကြောင့် နှစ်ဦးသား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်လိုက်မိကြသည်။

"ကိုကို"

"ဗျာ"

"အဟင်း ... ဟင်း"

ရွှေအဝင်းမှာ သူ့မျက်နှာကို ခပ်ငေးငေးကြည့်ရင်းက ရယ်လိုက်ရင်း ...

"အဝင်း .. အစ်ကိုတော်လိုက်ပြီဆိုရင် ကိုကို အဝင်းကိုထားမသွားခဲ့ရဘူးနော်"

ရွှေအဝင်းမျက်နှာလေးကို သူ ဖျတ်ခနဲကြည့်လိုက်မိတော့ ရွှေအဝင်း၏ မျက်ဝန်းလေးတွေထဲမှ အရိပ်တချို့ကို သူတွေ့လိုက်ရသည်။

မိန်းကလေးရယ် ...။

အဲဒီအရိပ်လေးတွေရဲ့ အဓိပ္ပါယ်ကို ကိုယ်မေ့ထားချင်တယ်။





တကယ်ဆို ...။

ကိုယ့်အတွက် ပိုးယမင်းဆိုတဲ့ ချစ်သူလေးက ရင်ထဲရောက်ခဲ့ပြီမို့လားကွယ်။

ရွှေအဝင်း၏ အထီးကျန်ဘဝလေးကိုလည်း သူနားလည်ပါသည်။ ရွှေအဝင်းအတွက် ပြည့်စုံကုံလုံသည့် ငွေကြေးနေအင်အားရှိသည်ကလွဲ၍ သူမတစ်ယောက်တည်း အထီးကျန်ဆန်နေသလိုဖြစ်နေရသည့် ဘဝလေးကိုလည်း သူ တွေးမိရပေမယ့် ဘဝရပ်တည်မှုအတွက် တစ်ယောက်တည်း ကြိုးစားရုန်းကန်နေရရှာသူ ချစ်သူလေးဘဝနှင့် နှိုင်းစာလျှင် ရွှေအဝင်းဘဝက မိုးနှင့်မြေလို ကွာခြားလွန်းလှပါသည်။

ချစ်သူလေးနှင့် သူ့အနာဂတ်အတွက် ဦးလေးဖြစ်သူ ဦးရဲထွဋ်နှင့် အမြန်ဆုံး အဆက်အသွယ်ရဖို့ သူကြိုးစားနေမိခြင်းဖြစ်သည်။

ချစ်သူလေး ပိုးယမင်း၏ ဘဝလေးကို သူ ထာဝရစောင့်ရှောက်ချင်သည်။

အားငယ် အထီးကျန်နေသည့် သူမလေးဘေးနားမှာ သူအမြဲတမ်းရှိနေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာတရားတွေက သူတို့ကို ဘယ်အပြိုးကြောင့်များ ဒီလောက်ထိ ရက်စက်နေနိုင်တာလဲ။

တကယ်ဆို သူနှင့်ပိုးယမင်းဘဝတွေက တည်ငြိမ်မှုမေ့ သေးသော ဝဲဂယက်လှိုင်းတွေထဲမှာ …။

◆ ◆ ◆



## အခန်း (၂၈)

"ဘယ်လိုလဲ … ပိုး၊ ဦးလေးဦးရဲထွဋ် ပိုးဆီကို ရောက် လာသေးဘူးလား"

"အရင်က နှစ်လတစ်ခါလောက် ပုံမှန်တော့ ရောက်လာ တတ်ပါတယ်၊ ဒီရက်ပိုင်းတွေထဲ ဦးလေးရောက်လာမယ် ထင်ပါ တယ်"

"ပိုးမျက်နှာလေး ကြည့်ရတာ နွမ်းနေသလိုပဲ၊ စိတ်ညစ် စရာတွေ ဘာမှ မတွေးပါနဲ့လို့ အစ်ကိုပြောထားတယ်လေ"

လှပသော ပိုးယမင်းမျက်နှာလေး လန်းရွှင်ခြင်းမရှိဘဲ ငြိမ်တွေးငေးမှိုင်နေသမျှ ထိုမျက်နှာလှလှလေးကို ကြည့်နူးပြုံးပျော် နေစေလိုသော ဆန္ဒသူ့ရင်မှာ ရှိနေရသည်။

"ပိုး … နေကောင်းရဲ့လား၊ ခေါင်းတွေ ဘာတွေ မူး



www.burmeseclassic.com

www.burmeseclassic.com



နေရင် အလုပ်နားလိုက်ပါ၊ အစ်ကိုသဘောပြောရရင် ဒီအလုပ် မလုပ်တော့ဘဲ ဒီရက်ပိုင်းအတွင်းမှာပဲ အစ်ကိုတို့နဲ့ လိုက်နေစေ တယ်၊ အစ်ကို ... ပိုးကို စိတ်မချဘူး"

လှပသော ပိုးယမင်းမျက်နှာလေးကို နူးညံ့ရွှန်းလဲ့သော မျက်ဝန်းအစုံဖြင့် စူးစိုက်ကြည့်လျက် သူပြောလိုက်သည်။

"ပိုး ... ဘာမှမဖြစ်ပါဘူး အစ်ကိုမိုးယံ၊ အစ်ကိုပြော သလို ပိုး လိုက်နေမှာပါ၊ ဒီရက်ပိုင်းအတွင်း ဦးလေးဦးရဲ့ ပိုးဆီ လာတတ်လို့ ဦးလေးကိုစောင့်ရင်း ပိုး ခဏနေနေတာ အစ်ကိုမိုးယံကိုတွေ့ရင် ဦးလေးဘယ်လိုနေမလဲ မသိဘူးနော်"

"ပိုး အလုပ် လုပ်နေတာကို ဦးလေးသိလား"

"သိတယ် ... ဒါကြောင့် ဦးလေးလာရင် ပိုး ကုမ္ပဏီ က ပြန်တဲ့အချိန်မှာပဲ လာတွေ့တတ်တယ်"

"လေးလေး ... ဘာလုပ်ငန်းတွေ လုပ်နေတယ်ဆို ပိုး သိထားလဲ"

"အရောင်းအဝယ် လုပ်ငန်းလို့ပဲ ပြောတယ်၊ ဘာလုပ်ငန်း ရယ်လို့တော့ ပိုးလည်း အတိအကျ မမေးမိဘူး၊ ပိုးသိသလောက် တော့ အစ်ကိုမရှိတော့တဲ့နောက်ပိုင်း လုပ်ငန်းတွေ အရှုံးပေါ်တယ် မိသားစုကိစ္စတွေ အတွက်လည်း စိတ်ဆင်းရဲတာတွေ ပေါင်းပြီး





လုပ်ငန်းကို တခြားတစ်ဦးဆီရောင်းပြီး နယ်စပ်ဘက် အရောင်း အဝယ်လုပ်ဖို့ ထွက်သွားခဲ့တယ်"

သူထွက်သွားပြီးနောက် ပြောင်းလဲခဲ့ရသော အဖြစ်အပျက် တွေက အိပ်မက်ပမာ မြန်ဆန်လွန်းလှပါသည်။

"ပိုး ... ကုမ္ပဏီမှာ ဒီနေ့ အလုပ်ဆင်းဦးမှာလား"

"ဒီနေ့ ပိုး အလုပ်မဆင်းချင်ဘူး အစ်ကိုမိုးယံ၊ ခေါင်းထဲ ဦးစီစီဖြစ်နေတယ်"

"ဒါဆို စိတ်ကြည်သွားအောင် အစ်ကိုမိုးယံနဲ့ အပြင်သွား မယ်လေ"

"ဒါဆို ပိုး အဝတ်အစား လဲလိုက်ဦးမယ်နော်၊ ခဏ လေး"

အိမ်နေရင်း အဝတ်အစားလေးနှင့် ဖြစ်နေသော ပိုးယမင်း က သူ့ထံခွင့်ပန်ပြီး သူမအခန်းလေးရှိရာသို့ ထွက်သွားလိုက်သည်။

ခဏကြာတော့ ပိုးယမင်းပြန်ထွက်လာသည်။

ပန်းရောင်ဝမ်းဆက်လေးဖြင့် ထူးခြားစွာ လှပနေရသော သူမ၏ မျက်နှာနုနုလေးကို သူ မြတ်နိုးစွာ ငေးကြည့်နေမိသည်။

အို ...။

ပိုးယမင်းမှာ သူမ၏ မျက်နှာလေးကို တစ်ခါမှ မမြင်ဖူး



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်လို တစိမ့်စိမ့် စူးစိုက်ငေးကြည့်နေသည့် အစ်ကို မိုးယံ၏ မျက်ဝန်းအကြည့် စိုလက်လက်များကြောင့် သူမရင်မှာ နွေးခနဲ လှပ်ဖိုတုန်ယင်သွားရပါသည်။

"ချစ်တယ် ... ပိုးရယ်"

တိုးဖွဖွညင်သာစွာ ပြောလိုက်သော သူ့စကားကြောင့် ပိုး ယမင်း ပါးလေးတွေ ရဲခနဲဖြစ်သွားတာကို သူ မြင်လိုက်သည်။

"သွားကြမယ်လေ အစ်ကိုမိုးယံ"

ရှက်မျက်နှာလေးဖြင့် ဆိုလိုက်သော ပိုးယမင်းစကား လေးကြောင့် နှစ်ဦးသား ကားလေးဖြင့် ထွက်လာခဲ့ကြသည်။

"အစ်ကိုမိုးယံ"

"ဟင်"

ပိုးယမင်း၏ ခေါ်သံလေးကြောင့် ကားမောင်းနေရာမှ ဖျတ်ခနဲ သူမ မျက်နှာလေးကို ကြည့်လိုက်မိသည်။

"ရွှေဝင်းဆိုတဲ့ မမက လှမှာပဲနော်"

"ပိုးလောက် မလှပါဘူး"

"ပိုး စိတ်ချမ်းသာအောင် အစ်ကိုမိုးယံ မြှောက်တတ်သား ပဲ"

"မြှောက်တာမဟုတ်ပါဘူး၊ အစ်ကို့မျက်လုံးထဲမှာတော့





ပိုးဟာ အလှဆုံးပါ"

သူ့အပြောကြောင့် ပိုးယမင်း၏ လှပချစ်စဖွယ် ကောင်း သော မျက်စောင်းကလေးတစ်ခုက သူ့အပေါ် ကျရောက် လာသည်။

"ပိုး ... ခန့်မှန်းရသလောက် အစ်ကိုမိုးယံအပေါ် မမ ရွှေအဝင်းက သံယောဇဉ်ရှိပုံပဲ"

"ဘာဖြစ်လို့ အဲဒီလိုထင်ရတာလဲ ပိုးရဲ့"

"အစ်ကိုမိုးယံပဲ စဉ်းစားကြည့်ပါဦး ဘာမှ သွေးမတော် သားမစပ်တဲ့ လူတစ်ယောက်အပေါ်မှာ ဒီလောက်အထိ လိုက်လျော ပေးတဲ့ အခြေအနေကို ကြည့်ရင် အသိသာကြီးပဲ အစ်ကိုမိုးယံရယ်"

"လုပ်ငန်းထဲမှာ အတူလှုပ်ရှား ရုန်းကန်ခဲ့ရတဲ့ အဖြစ် တွေကြောင့် ခုလို ဂရုစိုက်တာလည်း ဖြစ်ပါလိမ့်"

"ဘာပဲဖြစ်ဖြစ်လေ မမရွှေအဝင်းရဲ့ စေတနာကိုတော့ ပိုးတို့ အသိအမှတ်ပြုသင့်တာပေါ့"

"ရွှေအဝင်းမှာ ကိုယ်ချင်းစာနာ ငဲ့ညှာစိတ်ရှိတာတော့ အမှန်ပါပဲ ပိုး၊ ဒါကိုတော့ အစ်ကိုလည်း ဝန်ခံပါတယ်"

"မမရွှေအဝင်းနဲ့ ပိုးလည်းတွေ့ချင်ပါတယ်၊ ပြီးတော့ ပိုးအတွက် ဂရုတစိုက် စေတနာထားပေးတဲ့အတွက်လည်း အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်မိပါတယ်''

''ရွှေအခင်းလည်း ပိုးကို တွေ့ချင်နေပါတယ်''

ကားလေးကို ကန်တော်ကြီးထဲသို့ ချိုးကွေ့ဝင်လိုက်ပြီး လူရှင်းသော စားသောက်ဆိုင်လေးရှေ့တွင် ရပ်လိုက်၏။

''ပိုး အဆာပြေ တစ်ခုခုစားလေ၊ အစာမရှိရင် ခေါင်းထဲ မူးနေဦးမယ်''

''ဟင့်အင်း ... ဆာမှပဲ တစ်ခုခုစားကြတာပေါ့၊ ထော ဟိုခုံတန်းလေးမှာ ခဏလောက် သွားထိုင်ကြရအောင်နော်''

နှစ်ဦးသား ကန်တော်ကြီးစောင်းရှိ ခုံတန်းလေးပေါ်တွင် ထိုင်ဖြစ်ကြသည်။

''အစ်ကိုမိုးယံ''

''ပြောလေ ပိုး''

''ပိုးကို တကယ်ချစ်ရဲ့လား ဟင်''

''ပိုး ဒီလိုမေးတာ အစ်ကို့အချစ်ကို ပိုး မယုံလို့လား ဟင်၊ ပိုးကို အစ်ကို တကယ်ချစ်တာပါ''

''မယုံလို့ မဟုတ်ပါဘူး အစ်ကိုရယ်၊ ပိုးကိုချစ်တယ် ဆိုတဲ့ အစ်ကို့ရဲ့ စကားလေးကို ပိုး ထပ်ကြားချင်လို့ပါ''

''ပိုးရယ်''





''ပိုးဘဝအတွက် မိုးယံဆိုတဲ့ အစ်ကိုဟာ ပိုးဘေးနားမှာ ဘဝရ ရှိနေမှာပါကွယ်''

ချစ်မြတ်နိုးရသော ပိုးယမင်းနဲ့အတူ ပျော်ရွှင်ချမ်းမြေ့မှုတွေနဲ့ ပြည့်စုံသော ဘဝလေးတစ်ခု ဖန်တီးတည်ဆောက်ဖို့အတွက် သူ ဆုံးဖြတ်ချက်ချထားပြီးသား ဖြစ်ပါသည်။

ငဲ့ညှာကြင်နာစိတ်များဖြင့် ချစ်မြတ်နိုးမိရသော ပိုးယမင်း ဆိုသော ချစ်သူလေးနှင့်အတူ လှပ၍ ချစ်စရာကောင်းသော မိသားစု ဘဝလေးတစ်ခုကို သူ စိတ်ကူးထဲမှာ မြင်ယောင်ကြည့်မိသည်။

အတွေးနှင့် သူ ကြည်နူးစွာဖြင့် ပိုးယမင်း၏ မျက်နှာ လှလှလေးကို ကြည့်ရင်း ချစ်သူလေး၏ ပါးပြင်နုကို ညင်သာစွာ နမ်းရှိုက်လိုက်မိပါသည်။

''ပိုး''

''ရှင်''

''အစ်ကို့ကို ချစ်တယ်နော်''

''အင်း''

ချစ်သူကိုယ်လေးကို အသည်းယားစွာ သူ ဖျစ်ညှစ် ထွေးပိုက်လိုက်မိသည်။

ပြီးတော့ ရင်ထဲက ပြည့်သိပ်လာသည့် အချစ်စိတ်လေး



www.burmeseclassic.com

www.burmeseclassic.com



များကို မရိုးသိပ်နိုင်တော့ဘဲ နှင်းဆီဖူး နှုတ်ခမ်းလေးအား ဖွဖွ ထွေးလိုက်သည်။

လှိုက်လှဲသော ချစ်အနမ်းများအောက်မှာ မိုးယံနှင့် ပိုးယမင်း တို့နှစ်ဦးသား လွှင့်မျောစီးဝင်သွားကြရပါသည်။

ချစ်ခြင်းက လက်ရှိကမ္ဘာမှာ ခံစားနေရသော စိတ်ညစ်မှု သောကဝေဒနာများကို ကြည်နူးခြင်းများဖြင့် သူမ ခံယူမိပါသည်။

ပိုးယမင်း၏ နှလုံးသားလေးက အစ်ကိုမိုးယံဆိုသော လူတစ်ယောက်အပေါ် မြတ်နိုးခြင်းတွေနှင့် နှင့်သည်းစွာ ချစ်မိနေခဲ့ ရပြီ။

မိုးယံဆိုသော သူ့အပေါ်တွင် စတွေ့စ ဟိုအရင်အချိန် ကာလများစွာကတည်းကပင် ကရုဏာစိတ်များဖြင့် တိတ်တခိုး သူမ စိတ်ဝင်စားမိခဲ့ရခြင်းဖြစ်သည်။

ခပ်ချောချောမျက်နှာနှင့် အမြဲလို တည်တင်းနေတတ်ခဲ့ သော အစ်ကိုမိုးယံသည် သူမနှလုံးသားလေးထဲတွင် ထာဝရ လွှမ်းမိုးအနိုင်ယူခဲ့သူတစ်ယောက်သာ ဖြစ်သည်။

အစ်ကိုမိုးယံ ခရီးထွက်သွားပြီး ကားအက်ဆီးဒင့်ဖြစ်သော သတင်းဆိုးကို သူမ ကြားလိုက်ရစဉ်က သူမအတွက် ကမ္ဘာကြီး တစ်ခုလုံး ပျက်သုဉ်းသွားမတတ် ကြေကွဲထိခိုက်ခံစားခဲ့ရသည်။





သတင်းကြားကြားချင်း ဦးလေးဦးရဲထွန်း၊ မေမေတို့နှင့် အတူ မရ ရအောင် သူမလိုက်ပါခဲ့ပြီး အစ်ကိုမိုးယံအတွက် ဖြေ မဆည်နိုင်ခဲ့သည့် မျက်ရည်များစွာဖြင့် ထိုနေရာသို့ ရောက်ရှိခဲ့ ရသည်။ အစ်ကိုမိုးယံ ကိုယ်နှင့်မကွာ ယူဆောင်လေ့ရှိသော သားရေ အိတ်ကလေးထဲက လိပ်စာ၊ ဖုန်းနံပါတ်အတိုင်း ဆက်သွယ်လာ ခြင်းဖြစ်သည်။ ကိုစိုးမင်း၏ အလောင်းကိုသာတွေ့ရပြီး သူမထင် ထားသလို အစ်ကိုမိုးယံ၏ အလောင်းကို မတွေ့ရခြင်းအတွက် အစ်ကိုမိုးယံ တကယ်သေဆုံးတာမှ ဟုတ်ရဲ့လားဆိုသော သံသယ စိတ်ကလေးတွေ ဖြစ်ပေါ်ခဲ့မိသေးသည်။

"ဒီနေရာက တောတောင်ထူထပ်တော့ တောကောင်တွေ ဘာတွေ ဆွဲသွားပြီထင်တယ်၊ ဒီလိုပါပဲ ဒီနေရာက သတိမမူရင် အတက်အဆင်းတွေ ဆုံတတ်တော့ ဖြစ်တတ်ပါတယ်"

ဒေသခံလူကြီး၏ သမားရိုးကျဖြစ်စဉ်တစ်ခုကို ပြောနေ သလိုမျိုး ပြောခဲ့သော စကားသံကို သူမ မုန်းတီးစွာ နားပိတ်ထား ခဲ့ရင်း အစ်ကိုမိုးယံ အသက်မသေဘဲ ရှိနေခဲ့မည်ဟု သူမ စိတ်ထဲ က မျှော်လင့်လျှက်ရှိနေခဲ့သေးသည်။

သို့ပေမယ့် တစ်ရက်ပြီးတစ်ရက် ပိုးယမင်း၏ မျှော်လင့် ချက်ရောင်ခြည်ကလေးတွေ ကဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ အချိန်တွေ ကြာလသည်နှင့်အမျှ အစ်ကိုမိုးယံ အသက်ရှင်နေဦးမည်ဆိုသော သူမ၏ မျှော်လင့်ချက်ကလေးတွေ တစ်စတစ်စ လျော့ပါးသွားခဲ့ရသလို သူမ၏ ပျော်ရွှင်မှုတွေလည်း တစ်ဖြည်းဖြည်း ပျက်သုဉ်းသွားခဲ့ရတာကို သူမကိုယ် သူမသာ အသိဆုံးဖြစ်ပါသည်။

မထင်မှတ်ဘဲ အစ်ကိုမိုးယံကို ပြန်ဆုံတွေ့ခွင့်ရခဲ့ခြင်း အတွက် ကံကြမ္မာ၏ အလှည့်အပြောင်းကို ပိုးယမင်းမှာ လိုက်လှဲ သော ဝမ်းမြောက်ပျော်ရွှင်မှုများစွာဖြင့် အံ့ဩမိရပါသည်။

ခုတော့ သူမနှလုံးသားလေးထဲမှာ စွဲလန်းစွာ အရိပ်ထင် နေခဲ့ရသော အစ်ကိုမိုးယံ၏ ရင်ခွင်ထဲမှာ ပိုးယမင်း တစ်ယောက် ခိုလှုံခွင့်ရခဲ့ပြီ။

နှလုံးသားလေးထဲမှာ တစိမ့်စိမ့် ကြည်နူးခြင်းများဖြင့် အစ်ကိုမိုးယံ၏ မျက်နှာချောချောကို ပိုးယမင်းကြည့်မိရပါသည်။

သိပ်ချစ်တယ် အစ်ကိုမိုးယံရယ် …။

ခြောက်သွေ့တဲ့ ပိုးယမင်းရဲ့ နှလုံးသားလေးက အစ်ကို မိုးယံရဲ့ အချစ်တွေကြောင့် မိုးဆမ်းပန်းလေးတစ်ပွင့်လို လန်းဆန်း ရှင်သန်ခဲ့ရပြီ။

“ပိုး … စိတ်တွေ လှုပ်ရှားနေလို့လားဟင်၊ ပိုးရဲ့ လက်





များလေးတွေ အေးစက်နေတာပဲ”

သူ ပိုးယမင်း၏ လက်ကလေးတွေကို ဆုပ်ကိုင်ထားမိရင်း အေးစက်နေသော အထိအတွေ့လေးကြောင့် စိုးရိမ်စိတ်ဖြင့် မေးလိုက် မိသည်။

“ပိုး အခုရက်ပိုင်း သိပ်နေမကောင်းချင်သလိုပဲ၊ ရင်တွေ လဲ အောင့်နေတာ[illegible]”

“ဒါဆို ပိုး ဆရာဝန်နဲ့ ပြသင့်တယ်”

“ဒီလို ရင်တွေအောင့်တာ ပိုးအခုမှ ဖြစ်တာလား”

“တော်တော်တော့ ကြာပြီ၊ အရင်ကတော့ အောင့်လိုက် ပျောက်သွားလိုက်ပဲ ခုရက်ပိုင်း ပိုးရင်ဘတ်အောင့်တာ ပိုဆိုးလာ သလိုပဲ”

“ဒီလိုဆို မပေါ့သင့်ဘူး ပိုးရယ်၊ လာ … ထ၊ ဆရာဝန်နဲ့ အစ်ကိုမိုးယံ ကိုယ်တိုင် လိုက်ပြမယ်”

ပိုးယမင်း၏ ခန္ဓာကိုယ်လေးအား ဖေးမကာ ထူလိုက် ပြီး ကားရှိရာ လျှောက်လာခဲ့ကြသည်။

“အရင်တုန်းက ဒီလိုဖြစ်ရင် ဆရာဝန်နဲ့ ပြတတ်လား”

“ခဏအောင့်ပြီး ပျောက်သွားတတ်တော့ ပိုးလည်း မပြဖြစ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



“ဆေးခန်းပြပြီးရင်း ပိုး အခန်းမှာပဲ အနားယူနေတော့နော်၊ ပိုးကို အစ်ကို ဘယ်လိုမှ စိတ်မချနိုင်တော့ဘူးကွာ၊ မနက်ဖြန်ပဲ ပိုး ပြောင်းရွှေ့ဖို့စီစဉ်တော့ အစ်ကိုမိုးယံ မနက်ဖြန် စောစောပဲ လာခေါ်မယ်နော် … ဟုတ်ပြီလား”

ချစ်မြတ်နိုးစွာဖြင့် ပိုးယမင်း၏ မျက်နှာလှလှလေးကို ကြည့်လိုက်ရင်း စိတ်မချနိုင်စွာဖြင့် မိုးယံ ဆိုလိုက်တော့ ချစ်သူလေးက သူ့အလိုကျ ခေါင်းလေးညိတ်ပြလိုက်ပါသည်။

လှည်းတန်းနားရှိ ဆေးခန်းတစ်ခုတွင် ပိုးယမင်းကို သူ ဝင်ပြဖြစ်သည်။

ဆရာဝန်က လိုအပ်သည်များ စမ်းသပ်ပြီးနောက် သူမကို ဆေးတစ်လုံးထိုးပေးသည်။ ထို့နောက် လိုအပ်သည့် သောက်ဆေးများပေးရင်းက ပိုးယံအား …

“အမျိုးသားထင်တယ်”

ဆရာဝန်၏ အမေးကြောင့် ပိုးယမင်းမှာ ရှက်မျက်နှာလေးဖြင့် မိုးယံ၏ မျက်နှာကို လှမ်းကြည့်လိုက်တာကိုတွေ့ရသည်။

“ခင်ဗျားအမျိုးသမီးကို စိတ်ချမ်းသာအောင် ထားပါ၊ စိတ်ဖိစီးမှုတွေ မများပါစေနဲ့၊ ဒီက ညီမကလည်း စိတ်ညစ် စိတ်ရှုပ်စရာ ကိစ္စတွေကို လုံးဝ မတွေးပါနဲ့၊ အကောင်းဆုံးကတော့

စိုးမိုး ၀၁၆ပ



နှလုံးအထူးကုဆရာဝန်ကြီးတွေနဲ့ အချိန်မဆိုင်းဘဲ ပြစေချင်တယ်”

“အခုလောလောဆယ် ကျွန်တော် ဆေးတစ်လုံး ထိုးပေးထားတယ်၊ သောက်ဆေးတွေကိုလည်း အချိန်မှန်သောက်ပါ”

“ဟုတ်ကဲ့ပါ … ဒေါက်တာ၊ ကျွန်တော် ဒေါက်တာ ပြောတဲ့အတိုင်း ပြဖို့ အမြန်ဆုံး စီစဉ်လိုက်ပါ့မယ်”

“ကောင်းပါတယ် … ရောဂါဆိုတာ ကြာလေ လူနာအတွက် အန္တရာယ်များလေပါပဲ”

ပိုးရယ် … ဆေးခန်းထဲမှ ထွက်လာတော့ ပိုးယမင်း၏ ဖြူသွယ်သော လက်ချောင်းသွယ်သွယ်လေးများကို ကြင်နာမှုများစွာဖြင့် တင်းတင်းကျပ်ကျပ်လေး ဆုပ်ကိုင်လိုက်မိပါတော့သည်။

“ပိုး”

“ရှင်”

“ဒီနေ့ ဗိုလ်ချုပ်ဈေးမှာ ဆိုင်ဖွင့်ပွဲရှိတယ်၊ ပိုးလိုက်နိုင်မလားဟင်၊ ရွှေအဝင်းကလည်း ပိုးကို ခေါ်ခဲ့စေချင်တယ်”

“ပိုး … ခေါင်းတွေမူးနေလို့ ဒီနေ့တော့ မလိုက်နိုင်တော့ဘူး အစ်ကိုမိုးယံ၊ နောက်ရက်တွေမှပဲ ပိုး လာခဲ့ပါ့မယ်လို့ မရွှေအဝင်းကို ပြောပေးနော်”

“ဒါဆိုလည်း ပိုး အနားယူလိုက်တော့နော်၊ ကိစ္စတွေ

စိုးမိုး ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတာနဲ့ ပိုးဆီ အစ်ကိုပြန်လာခဲ့မယ်"

"ဟုတ်ကဲ့"

"ဒေါက်တာပြောသလိုဆို ပိုးအခြေအနေက စိုးရိမ်ရတယ်၊ ပေါ့ပေါ့ဆဆလုပ်လို့ မရဘူး၊ ဆရာဝန်ကြီးတွေနဲ့ပြဖို့လည်း အစ်ကို အမြန်ဆုံး စီစဉ်လိုက်မယ်၊ ဘာမှ စိတ်အားငယ်မနေနဲ့နော်၊ ပိုး အတွက် အစ်ကိုမိုးယံတစ်ယောက်လုံးရှိတယ် သိလား"

ကလေးငယ်တစ်ယောက်လို ခေါင်းလေးညိတ်ပြလိုက်သော ပိုးယမင်း၏ မျက်နှာလှလှလေးကို ချစ်မြတ်နိုးခြင်းများစွာဖြင့် စိုက်ကြည့်လိုက်မိပါသည်။ ပိုးယမင်းထံမှ ပြန်သာ ပြန်လာခဲ့သော်လည်း မိုးယံ သူမလေးကို စိတ်မချနိုင်ပါ။

ပြန်မလာလို့ကလည်း မဖြစ်။ ဒီနေ့ ဗိုလ်ချုပ်ဈေးထဲမှာ ဆိုင်ဖွင့်ပွဲကလည်း ရှိနေသည်။ ရွှေအဝင်းနှင့် ကိုအောင်မောင်းတို့ကတော့ ကြိုတင်ပြီး သွားနှင့်ကြပြီ။

ဆိုင်ရောက်တော့ ဖိတ်ကြားထားသော ဧည့်သည်များဖြင့် အတော်လေး စည်ကားနေပြီဖြစ်သည်။

"ကိုကို… နောက်ကျလိုက်တာကွယ်၊ အဝင်းတော့ ဒီနေ့ အရမ်းဝမ်းသာတာပဲ၊ အခုလို တည်ငြိမ်အေးချမ်းတဲ့ လုပ်ငန်းတစ်ခု ထူထောင်ခွင့်ရခဲ့တာ တကယ်တော့ ကိုကို့ရဲ့စိတ်ကူးအကြံဉာဏ်





တွေကြောင့်ပါပဲ"

အဖြူလွှလွှ ပိုးသားဂါဝန်လေးကြောင့် တက်ကြွရွှင်လန်းစွာရှိနေသော ရွှေအဝင်း၏ လှပနုပျိုသော မျက်နှာလေးကို ကြည့်လိုက်မိတော့ သူ့အတွေးတွေမှာ ဖျတ်ခနဲ ချစ်သူလေး၏ ပုံရိပ်ကို မြင်ယောင်မိရသည်။

ချစ်သူလေးရယ် ..။

တစ်ချိန်မှာ မင်းနဲ့ကိုယ်လည်း သာယာလှပပြီး တည်ငြိမ်အေးချမ်းတဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်ခွင့်ရမှာပါ။

"ကိုကို …ဝန်ထမ်းဆယ့်နှစ်ယောက်လုံးလဲ စုံတယ်၊ ပိုးယမင်း ရောက်မှပဲ ဝန်ထမ်းအားလုံးရဲ့ မန်နေဂျာသဘောမျိုး ထားလိုက်မယ်၊ ဒါဆို အားလုံး အဆင်ပြေသွားတာပေါ့"

"ပိုးယမင်းကိုလည်း ဆိုင်ဖွင့်ပွဲကို တစ်ခါတည်း လိုက်မလာနိုင်တာပါ"

"ဩော် … ဒါဆိုလဲ နောက်ကျမှဘဲ ခေါ်တာပေါ့၊ ပိုးယမင်းအတွက် အဆောင်မှာ တစ်ယောက်တည်းဆို သိပ်အဆင်အပြေမှာ မဟုတ်ဘူး၊ အထူးသဖြင့် အခုလို နေမကောင်းတို့ ဘာတို့ ဖြစ်ရင်ပေါ့၊ အဝင်းတို့ဆီ မြန်မြန်သာခေါ်ထားလိုက်ပါလား ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လည်း အဝင်းကို အဲဒါပြောမလို့၊ ဒါဆို မနက်ဖြန် ပိုးယမင်းကို ခေါ်ခဲ့တော့မယ်"

"ခေါ်လိုက်ပါ ကိုကို"

ထိုအခိုက် မိုးယံ၏ ဟမ်းဖုန်းလေးမှ ခေါ်သံမြည်လာသဖြင့် သူ နားထောင်လိုက်သည်။

"ဗျာ … ဟုတ်လား၊ ကျွန်တော် အခုချက်ချင်း လာခဲ့ပါမယ်"

"ဘာဖြစ်လို့လဲ ကိုကို"

"ဦးလေး ဦးရဲထွန်း ဖုန်းဆက်တာ၊ ခရီးကပြန်လာတာတဲ့ ဦးလေး ပိုးယမင်းအဆောင်ကို ခဏဝင်ခဲ့အချိန် စကားပြောပြီး မူးလဲသွားလို့ ရွှေဂုံတိုင်အထူးကု ဆေးရုံကို အရေးပေါ်တင်လိုက်ရတာတဲ့၊ ကိုယ်တို့ ဆေးရုံကို ချက်ချင်းလိုက်သွားမှဖြစ်မယ်"

ပိုးယမင်းအတွက် စိုးရိမ်စိတ်များစွာဖြင့် ရွှေအဝင်းနှင့် အတူ သူ ချက်ချင်းထွက်ခဲ့သည်။

ဆေးရုံတွင် ဦးလေး ဦးရဲထွန်းကိုတွေ့ရသည်။

"သား … မိုးယံ… မင်းမသေဘူးနော်၊ လေးလေး ဝမ်းသာလိုက်တာကွာ"

"ကျွန်တော် မသေပါဘူး လေးလေး၊ ဒါနဲ့ ပိုးယမင်း





အခြေအနေကော"

"ဆေးတွေတော့ သွင်းထားပါတယ်၊ လာ .. ပိုးယမင်း လေးဆီ သွားကြရအောင်"

အရေးပေါ် လူနာကုတင်ပေါ်တွင် ဆေးပုလင်းများ ချိတ်ထားသည့် ပိုးယမင်း၏ မျက်နှာလှလှလေးမှာ နွမ်းဖျော့နေပါသည်။ မျက်လုံးလေးမှိတ်မှိန်းနေသော သူမ၏ မျက်နှာလေးကို သနားကြင်နာခြင်းများစွာဖြင့် မိုးယံကြည့်မိပါသည်။

"နည်းနည်း စိုးရိမ်ရတယ်တဲ့၊ နှလုံးရောဂါကို စောစောစီးစီး မသိတဲ့အတွက် အခုလို ဖြစ်သွားတာလို့ပြောတယ်"

"ကျွန်တော်တို့ အသံတွေကြောင့် ပိုး နိုးသွားဦးမယ်၊ အပြင်ခဏ ထွက်ကြရအောင်"

"အဝင်း … စောင့်နေပေးမယ်လေ၊ ကိုကိုတို့ စကား ပြောကြလေ"

ပိုးယမင်း၏ အခန်းလေးထဲမှ သူနှင့်ဦးလေး ဦးရဲထွန်းတို့ အပြင်သို့ ခဏထွက်လိုက်ကြသည်။

"မိုးယံ မင်းအဖြစ်တွေကို ပိုးယမင်း ပြောပြလို့ လေးလေးသိခဲ့ပါပြီ၊ ငါ့တူရဲ့ ကံတရားကလည်း မယုံနိုင်စရာပါပဲ၊ အေးလေ ဘာပဲဖြစ်ဖြစ် လေးလေးမင်းကို အသက်ရှင်လျက်ပြန်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရတာကို အရမ်းဝမ်းသာမိတယ်''

''လေးလေးလည်း တူလည်းဆုံး၊ မိန်းမလည်းဆုံး၊ စိတ် ညစ်စိတ်လေပြီး လုပ်ငန်းတွေအားလုံး ရောင်းပြီး နယ်စပ်ဘက် အရောင်းအဝယ်သွားလုပ်နေခဲ့တာ''

''အခု ငါ့တူကြီးကို ပြန်တွေ့ရပြီဆိုတော့ လေးလေး အရမ်းပဲ စိတ်ချမ်းသာရပြီ၊ ဒီတော့ လေးလေးတို့ မိသားစု အရင် လို ပျော်ရွှင်နွေးထွေးတဲ့ မိသားစုဘဝလေး ပြန်တည်ဆောက်ကြ မယ်''

''လေးလေးရှင်းရှင်းပဲ ပြောမယ် ငါ့တူ၊ ပိုးယမင်းနဲ့ ငါ့တူကို လေးလေး အရမ်းသဘောတူတယ်၊ လေးလေးနဲ့ ထိုက်သင့်တဲ့ အရင်းအနှီးလည်းရပြီ၊ စီးပွားရေးလုပ်ငန်းတစ်ခု ပြန် ထူထောင်ပြီး ငါ့တူပဲ ဦးစီးလုပ်တော့၊ ပိုးယမင်း ဘဝလေးအတွက် လေးလေးမှာ တာဝန်ကျေရသလို ငါ့တူဘဝအတွက်လည်း သာယာ ပျော်ရွှင်တဲ့ မိသားစုဘဝလေးပိုင်ဆိုင်မှာပါ''

''ဟုတ်ကဲ့ပါ .. လေးလေး၊ ကျွန်တော်နဲ့ပိုးနဲ့လည်း လူငယ်ချင်း မေတ္တာမျှနေကြပါပြီ''

''အရမ်းကောင်းတာပေါ့ကွာ၊ ပိုးယမင်း မြန်မြန်ပြန် နေကောင်းလာဖို့ပဲ အဓိကပဲ''





''ဒါနဲ့ .. ဟိုမိန်းကလေးက ငါ့တူနဲ့ပါလာတာ ရွှေအဝင်း ဆိုတဲ့ မိန်းကလေးလား''

''ဟုတ်ကဲ့ ... လေးလေး''

''ဒီမိန်းကလေးဟာလည်း တော်တော် သဘောထားပြည့် တဲ့ မိန်းကလေးပါ''

''ပိုးယမင်းအတွက် အကောင်းဆုံး အထူးကုဆရာဝန်ကြီး တွေနဲ့ လေးလေး အပ်ထားတယ်၊ မကြာခင် သူ နေပြန်ကောင်းလာ မှာပါ''

ပိုးယမင်းနှင့် သူ့အတွက် လှပသော အနာဂတ်တစ်ခုက စောင့်ကြိုနေပါပြီ။

ချစ်သူလေး မြန်မြန်နေကောင်းစေဖို့နှင့် သာယာလှပသော အနာဂတ်တစ်ခုကို ချစ်သူလေးသိအောင် ဖွင့်ပြောချင်နေမိသော ဆန္ဒတို့ဖြင့် မိုးယံမှာ ချစ်သူလေးအနားမှ တစ်ဝါးမှ မခွာဘဲ အတူရှိ နေပါသည်။

အသက်ရှူသံ မှန်မှန်လေးဖြင့် အိပ်ပျော်နေဟန်တူသော ပိုးယမင်းဆိုသော ချစ်သူလေး၏ မျက်ဝန်းများကတော့ ပွင့်မလာခဲ့ သဖြင့် သူ စိုးရိမ်စိတ်တို့က အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့ရပါ ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးတွေကိုယ်တိုင် ပိုးယမင်း၏ အနေအထားကို အနီးကပ် စောင့်ကြပ်ကြည့်ရှုနေရသော အခြေအနေတွေကြောင့် မိုးယံ၏ ရင်တစ်ခုလုံး ပြောင်းဆန်အောင် လှုပ်ရှားနေရပါသည်။

ချစ်သူလေး ဘာမှ မဖြစ်စေဖို့ သူ့ရင်တွင်းမှ အကြိမ်ကြိမ် ဆုတောင်းနေမိပါသော်လည်း ရက်စက်သော ကံကြမ္မာတရားက သူ ဆုတောင်းသလို ဖြစ်လာခွင့် မပေးခဲ့ပါ။

“လူနာအခြေအနေက ရောဂါအတော်လေး လွန်သွားပြီ ဗျာ”

ဆရာဝန်ကြီး ပြောလိုက်သောစကားက သူ့နှလုံးသားကို ပူပြင်းလောင်မြိုက်သွားစေပါသည်။

ဟင့်အင်း ... ပိုး ... မသေရဘူး။

လှပသာယာပြီး ပျော်ရွှင်အေးချမ်းမယ့် ဘဝလေးတစ်ခုအ ပိုးနဲ့ကိုယ့်အတွက် စောင့်ကြိုနေကြပြီလေ။

ဟိုးကတည်းက ပိုး ဆုတောင်းခဲ့သလို စိတ်ချမ်းချမ်း သာသာနဲ့နေနိုင်မယ့် လှပတဲ့ ဘဝလေးတစ်ခုကို အစ်ကိုနဲ့ပိုး တည် ဆောက်ကြရဦးမယ်လေ။

ပိုးယမင်း၏ လှပသော မျက်နှာလေးကို ကြည့်ပြီး မိုးယံ စိတ်ထဲမှာ သူရူးတစ်ယောက်လို ရေရွတ်နေမိသည်။ သတိပြန်လည်





မလာတော့သော သူမအား စောင့်ကြည့်နေခဲ့မှာပင် ...။

“ဝမ်းနည်းပါတယ်ဗျာ၊ လူနာဆုံးသွားပါပြီ”

ပိုးယမင်း သေဆုံးသွားပြီဖြစ်ကြောင်း အတည်ပြုပြော ကြားလိုက်သော ဆရာဝန်ကြီး၏ စကားသံအဆုံးတွင်တော့ မိုးယံ နှလုံးသားတစ်ခုလုံး နင့်သည်းစွာ ကြေကွဲသွားခဲ့ရပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး



ရက်မှ လသို့ ပြောင်းလဲသွားသလို နာရီ အချိန်လက်တံလေးများလည်း တရွေ့ရွေ့နှင့် ကုန်မှန်းမသိ ကုန်ခဲ့ရပြီဖြစ်ပါသည်။

ပြောင်းလဲသွားသော အချိန်နာရီများနှင့်အတူ …

**မပိုးယမင်း**

**အသက်(၂၀) နှစ်**

အုတ်ဂူဖြူဖြူလေးရှေ့တွင် ရပ်လျက်ရှိသော အမျိုးသားတစ်ဦးအနားတွင် လှပချောမောသော အမျိုးသမီးလေးတစ်ဦးမှာလည်း ရပ်လျက်ရှိနေပါသည်။

"ကိုကို"

"သွားကြရအောင်နော်…"

နှစ်ဦးသား အုတ်ဂူလေးရှေ့မှ ကျောခိုင်းလိုက်ကြသည်။ အပြာရောင် မိုးကောင်းကင်မှ ထွက်ပေါ်လာသော တက်သစ်စ



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်လေးများအောက်တွင် လျှောက်လှမ်းသွားကြရင်းဖြင့် ရွှေအမင်းဆိုသော လှပချောမောသော အမျိုးသမီးလေး၏ ဖြူနုသော လက်ကလေးအစုံက မိုးယံဆိုသောအမျိုးသားလေး၏ လက်လေးတစ်ဖက်ကို ယုယနွေးထွေး ကြင်နာစွာဖြင့် ဆုပ်ကိုင်လိုက်မိရပါတော့သည်။

ရွှေအမျှတီ

BURMESE CLASSIC .com

www.burmeseclassic.com